# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၀၈၈)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ သွားရောက်ကြည့်ရှုစစ်ဆေး

## အားကစားသမားများအတွက် လေ့ကျင့်ရန်နှင့် ပြိုင်ပွဲများပြုလုပ်နိုင်ရန် အဆင့်မီသည့် အားကစားရုံများ၊ လေ့ကျင့်ရေးကွင်းများ၊ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏအားကစားရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အားကစားရုံအတွင်းရှိ အစည်းအဝေးခန်းမ၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ က အမျိုးသားအားကစားရုံ(၁) သုဝဏ္ဏသမိုင်းအကျဉ်း၊ အမျိုးသားအားကစားရုံ(၁)၌ ကျင်းပခဲ့သည့် နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများ၊ ပြည်တွင်းအဆင့် အားကစား

*စာမျက်နှာ ၃ ကော်လံ ၁* ■

**ယနေ့** *မာတိကာ*


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ — ပြည်တွင်းသတင်း စာ - ၅

အိန္ဒိယနိုင်ငံ၌ အိုမီခရွန်ကူးစက်မှုများပြားလာသဖြင့် ကာကွယ်ဆေးထိုးပေးမှုများ တိုးမြှင့်လုပ်ဆောင် — နိုင်ငံတကာသတင်း စာ - ၁၃

# ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

မြန်မာ့အလင်း

## အုပ်စုဖွဲ့၍ မဆင်မခြင်စွက်ဖက်မှု

ရန်ကုန်မြို့အခြေစိုက် အနောက်နိုင်ငံများမှ သံရုံးအချို့က ကရင်ပြည်နယ်တွင် ပေါ်ပေါက်နေသည့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနက သက်ဆိုင်ရာသံရုံးများသို့ သံတမန်စာ ပေးပို့သတိပေးခြင်းနှင့် ထုတ်ပြန်ကြေညာချက်ကို ကန့်ကွက်ခြင်းတို့ ပြုလုပ်ခဲ့သည်။ အဆိုပါသံရုံးများက ပူးတွဲထုတ်ပြန်ခဲ့သည့် ကြေညာချက်ပါ စိစစ်အတည်ပြုနိုင်ခြင်းမရှိသော အချက်အလက်များနှင့် စွပ်စွဲမှုများက သက်ဆိုင်ရာအိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ခြင်းကြောင့် ယခုကဲ့သို့ သတိပေးကန့်ကွက်ချက်ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။

သံတမန်ဟူသည် မိမိကိုယ်စားပြုရာနိုင်ငံနှင့် မိမိရောက်ရှိနေသည့် အိမ်ရှင်နိုင်ငံတို့အကြား ဆက်သွယ်ပေးရသူများဖြစ်ပြီး သံတမန်ဆိုင်ရာ အခွင့်အရေးများ ခံစားကြရသလို ကျင့်ဝတ်များကိုလည်း စောင့်ထိန်းကြရသူများဖြစ်သည်။ အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးဆိုင်ရာကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ အိမ်ရှင်နိုင်ငံနှင့် အစိုးရတို့အပေါ် ဖိအားပေးခြင်းနှင့် နိုင်ငံတကာဥပဒေက တားမြစ်ထားသည့် ကိစ္စရပ်များကို မပြုလုပ်ဘဲ ရှောင်ရှားကြရသည်။ ယခုပူးတွဲကြေညာချက်ထုတ်ပြန်သည့် သံရုံးများမှာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အာရှ၊ အာဖရိက၊ တောင်အမေရိကစသည့် နိုင်ငံများမပါဘဲ အနောက်အုပ်စုနိုင်ငံအချို့သာ ပါဝင်နေကျအတိုင်း ပါရှိနေကြခြင်းဖြစ်သည်။

၎င်းသံရုံးများအနေဖြင့် ကရင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အစိုးရဆန့်ကျင်သူများ၊ အကြမ်းဖက်သမားများ၊ သောင်းကျန်းသူများထံမှ ရရှိလာသည့် သတင်းများအပေါ်အခြေခံကာ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ရာ ၎င်းတို့နှင့် တစ်လေသံတည်းသာ ထွက်ပေါ်နေခြင်းဖြစ်သည်။ ဖြစ်စဉ်ဖြစ်ပွားရာ လေးကေ့ကော်သည် ငြိမ်းချမ်းရေး စံပြမြို့သစ်ဖြစ်ပြီး CRPH၊ NUG၊ PDF အကြမ်းဖက်အုပ်စုများ ပေါ်ထွက်မလာမီက ပကတိငြိမ်းချမ်းသာယာသည့် ဒေသဖြစ်သည်။ ဆန့်ကျင်ဘက်အုပ်စုများမှ ထွက်ပေါ်လာသော သတင်းအချက်အလက်များမှာ လိုရာဆွဲထားသော၊ ပုံဖျက်ထားသော၊ အခြေအမြစ် ကင်းမဲ့သော သတင်းများသာဖြစ်သည့်အလျောက် စိစစ်အတည်ပြုရန် လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ဒေသအချို့တွင် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အစည်းများက အစိုးရကို ဆန့်ကျင်တိုက်ခိုက်ရာတွင် မြို့ရွာများ၊ လူနေရပ်ကွက်များအတွင်း ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပေါ်စေရန် ပြုလုပ်နေကြသည်ကို သတိပြုကြရန်လိုသည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ လူနေရပ်ရွာများ စစ်တလင်းဖြစ်သွားပြီး ပျက်စီးမှုများ ဖြစ်ပေါ်စေရန်နှင့် အရပ်သားပြည်သူများကို တိုက်ခိုက်ပြီး မြို့ရွာများကို တပ်မတော်က ပစ်ခတ်ဖျက်ဆီးနေသည်ဟု ကမ္ဘာက ရှုမြင်လာစေရန် ပုံဖော်နေခြင်းပင်ဖြစ်သည်။

လက်နက်မဲ့အရပ်သားပြည်သူများကို ရက်စက်စွာ သတ်ဖြတ်နေသည်ဆိုသည့် ပုံရိပ်များ နိုင်ငံအနှံ့တွင် ထပ်တလဲလဲ ပေါ်ထွက်လာနေခြင်းမှာ တိုက်ဆိုင်မှုဟုဆိုသည်ထက် ရည်ရွယ်ချက်ဖြင့် ဖန်တီးမှုဟူ၍သာဆိုရမည်ဖြစ်သည်။ အကြမ်းဖက်အဖွဲ့များက ပြောသမျှကို သတင်းအဖြစ် ထုတ်လွှင့်နေသည့် အကြမ်းဖက်အားပေးမီဒီယာများနှင့် သံရုံးတို့ လေသံတူနေမှုမှာလည်း သတိပေးအပ်သည်သာဖြစ်သည်။ တပ်မတော်သည် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်များဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းဖြစ်သည်။ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းချိုးဖောက်မှုများ ပြစ်မှုထင်ရှားရှိပါက ကမ္ဘာ့နိုင်ငံများမှာရှိသည့် တပ်မတော်များကဲ့သို့ပင် အရေးယူသည်သာဖြစ်သည်။ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးအပေါ် အုပ်စုဖွဲ့ကာ မဆင်မခြင်စွက်ဖက်ခြင်းက သံတမန်ကျင့်ဝတ်များ ကျိုးပေါက်ခဲ့ခြင်းသာ ဖြစ်ပါကြောင်း။ ။

## လွတ်လပ်ရေးရတနာ

❑ နှုတ်ပြောလေး အလွယ်သား
သည့်စကား သည့်အရာ၊
ရေးဖွဲ့လျှင် ကလောင်သွက်
မခက်လှပါ၊
သို့သော်လည်း လက်တွေ့မှာ
ကျယ်ပြောစွာ မြင်နိုင်၏၊
ထိုအရာ "လွတ်လပ်ရေး"
တွေးချင့်ပါဘိ။

❑ တို့နိုင်ငံ တို့သမိုင်း
ဆစ်ပိုင်း၍ ကြည့်စေချင်၊
သွေးသက် အလီလီနဲ့
အစွန့်တည် လွတ်လပ်ရေး
ရေးခြယ်ခဲ့အင်၊
ကျူးကျော်မှု အစုံပင်
ခေတ်ဆက်စဉ် ချေမှုန်းခဲ့၊
အချုပ်ခြာ ဘယ်မပျောက်
အံ့လောက်ပါရဲ့ ။

❑ သမိုင်းမှာ တစ်ဆစ်ချိုး
အဖြစ်ဆိုး တစ်ရံခါ၊
အကြောင်းစုံ ပေါင်းဆုံခွင်း
ခံပြင်းလှစွာ၊
လွတ်လပ်ရေး ရတနာ
တစ်ခါဖြင့် ပျက်သုဉ်း၊
နှစ်-ရာချီ တိုက်ယူမှ
ရခဲ့နောက်ဆုံး။

❑ ယနေ့ခါ ယနေ့ခေတ်
လက်သစ်တဲ့ ကိုလိုနီ၊
မူဟန်သွင် အမျိုးမျိုးနဲ့
တိုးဝင်ကြသည်၊
ယဉ်ကျေးမှု နယ်ပယ်ဆီ
စိမ့်ဝင်မည် ဖြိုဖျက်ရင်း၊
စီးပွားရေး နယ်ပယ်ဆီ
ဝင်ရောက်မည် ခြယ်လှယ်ရင်း၊
ကိုယ့်အရေးအရာ ကိုယ်မပိုင်စိုး
ဆိုးလှဖြစ်ခြင်း။

❑ အရသာ လွတ်လပ်ရေး
တွေးကြည့်၍ မသိနိုင်၊
ဆုံးရှုံးချိန် သမယမှ
သိကြပိုင်ပိုင်၊
ညီညွတ်မှု မခိုင်ခိုင်
ကျေပျက်နိုင် ခဏချင်း၊
လွတ်လပ်အောင် ချွေးသွေးဆက်
ခက်ခဲဘိခြင်း။

❑ ပြည့်ဝန်တာ ရွက်ဆောင်မှု
ဘာတစ်ခု ပြုခဲ့ပြီ၊
သင့်ကိုယ်သင် ပြန်စစ်မေး
တွေးသင့်လှသည်၊
လွတ်လပ်ရေး ရတနာသည်
အစွန့်ရှည် တည်တံ့ရေး၊
ကျရာဝန် ကိုယ်စီထမ်း
လှမ်းကြစို့လေး။ ။

(၇၄-နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုကဗျာ)

**ကိုရည်မွန်**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ မိုး/ဇလ



## ဒီမိုကရေစီဝါဒကို ခေတ်စားအောင်လုပ်ရမယ်

ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ အဲဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ ဗမာနိုင်ငံ ထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် (ဒီမိုကရေစီ)ဝါဒကို ကျွန်တော်တို့ ရည်ရွယ်ရမယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၅ ခုနှစ် ဩဂုတ်လ စတုတ္ထအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**“အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သောကြောင့် အားကစားနှင့် ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်”**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အမျိုးသားအားကစားရုံ(၁) သုဝဏ္ဏ သမိုင်းအကျဉ်းကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြစဉ်။

■ *ရွှေ့ဖုံးမှ*

ပြိုင်ပွဲများနှင့် နိုင်ငံတော်အဆင့် အခမ်းအနားများ ကျင်းပခဲ့မှုအခြေအနေ၊ အမျိုးသားအားကစားပြိုင်ပွဲရုံအား အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည့် အခြေအနေများအား ပါဝါပွိုင့်များ၊ video clip များဖြင့် ရှင်းလင်းတင်ပြသည်။

### စဉ်ဆက်မပြတ် ပြုပြင်မွမ်းမံထိန်းသိမ်း

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုအားကစားရုံကြီးသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဆောက်လုပ်ခဲ့သည့် အဆင့်မြင့်အားကစားရုံတစ်ခုဖြစ်ပြီး ယနေ့အထိတိုင်လည်း အဆင့်မြင့်အားကစားရုံအဖြစ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တည်ဆောက်ပေးခဲ့ပြီး ယနေ့တိုင် ထိန်းသိမ်းပြုပြင်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည့် တရုတ်နိုင်ငံကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ခေတ်မီအားကစားရုံကြီးဖြစ်စေရေး စဉ်ဆက်မပြတ် ပြုပြင်မွမ်းမံထိန်းသိမ်းနေရမည်ဖြစ်ကြောင်း၊ အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သောကြောင့် အားကစားနှင့်ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအားနည်းလျက်ရှိသည်ကို တွေ့ရှိရပြီး အဆင့်အတန်းတစ်ခုသို့ ရောက်ရှိနိုင်ရေး အခြေခံကျကျ စဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အားကစားကဏ္ဍ တိုးတက်ရေးသည် ချက်ချင်းဆောင်ရွက်၍မရဘဲ အဆင့်ဆင့်ပြန်လည်ပြင်ဆင်၍ စနစ်တကျလုပ်ဆောင်သွားရမည်ဖြစ်ကာ နောင်လာမည့် ဆယ်စုနှစ်တစ်ခုအတွင်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ “မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်”ဟူသည်မှာ မြန်မာ့အားကစားလုပ်ဆောင်မှုများသည် ကမ္ဘာတစ်ဝန်းကို လွှမ်းမိုးနေရမည်ဟုမဆိုလိုဘဲ မြန်မာတို့၏ ရိုးရာအားကစားနည်းများကို ကမ္ဘာကသိရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ရိုးရာအားကစားနည်းများ၏ အဆင့်အတန်းမြင့်မားရေး၊ နိုင်ငံတကာ အားကစားပွဲများတွင် ထည့်သွင်းယှဉ်ပြိုင်နိုင်ရေးတို့အတွက်လည်း ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

### မြေတောင်မြှောက်ပေးရမည်

အားကစားသည် လူငယ်ကိုအခြေခံသည်ဖြစ်သဖြင့် ကျောင်းများ၊ တက္ကသိုလ်များတွင် အားကစားပွဲများ ကျင်းပပြုလုပ်ပေးရန်နှင့် စာပေသင်ကြားမှုအချိန်ဇယားတွင် အားကစားနှင့် ကာယလှုပ်ရှားမှုကို အချိန်သတ်မှတ်ထည့်သွင်းဆောင်ရွက်ရန်နှင့် အမှန်တကယ် လုပ်ဆောင်နိုင်စေရေးအတွက်လည်း ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ အသက်အရွယ်အလိုက်၊ အတန်းအလိုက် အားကစားပွဲများ၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့် အားကစားပွဲများမှတစ်ဆင့် အရည်အချင်းရှိသည့် အားကစားသမားများကို စိစစ်ရွေးချယ်ဖော်ထုတ်ပြီး မြေတောင်မြှောက်ပေးရမည်ဖြစ်ကြောင်း။

### အားပေးဆောင်ရွက်ရမည်

အားကစားသမားများအတွက် လေ့ကျင့်ရန်နှင့် ပြိုင်ပွဲများပြုလုပ်နိုင်ရန် အဆင့်မီသည့် အားကစားရုံများ၊ လေ့ကျင့်ရေးကွင်းများ၊ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အားကစားသမားများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု၊ နည်းစနစ်ပိုင်းကျွမ်းကျင်မှုတို့အတွက်လည်း စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပြီး အားကစားသမားများ စိစစ်ရွေးချယ်ရာ၌ သက်ဆိုင်ရာ အားကစားတစ်ခုချင်းအလိုက် ပင်ကိုယ်အရည်အသွေးကောင်းမွန်မှုအပြင် ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ထွားမှု၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုတို့ကိုလည်း ထည့်သွင်းစိစစ်ရွေးချယ်ကြရန်လိုကြောင်း၊ အားကစားကွင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်အဆင့်အထိ မိုးလုံလေလုံအားကစားကွင်း၊ ရေကူးကန်၊ မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း၊ ပွဲကြည့်စင်တို့ မဖြစ်မနေရှိရမည်ဖြစ်ပြီး အားကစားလုပ်ဆောင်မှုများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်မှ ထိုသို့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံ့လက်ရွေးစင်အားကစားသမားများ အနေဖြင့်လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိရန်၊ စိတ်ပါဝင်စားစွာဖြင့် တန်ဖိုးထားဂုဏ်ယူစွာ ယှဉ်ပြိုင်ကစားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ့လက်ရွေးစင်အားကစားသမားများ၏ ဘဝ အာမခံချက်ရှိစေရေးအတွက်လည်း လုပ်ဆောင်ပေးရမည်ဖြစ်ပြီး ထိုက်သင့်သည့် ချီးမြှင့်ငွေများ၊ ရပိုင်ခွင့်များကို ဖြည့်ဆည်းပေးရမည် ဖြစ်ကြောင်း၊ အားကစားနှင့် သက်ဆိုင်သည့် လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အားကစား ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း။

### ဘက်ပေါင်းစုံမှ ကြိုးပမ်း

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်နိုင်ရေး public sport area များ၊ အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိပြီး အားကစားမှုများနှင့်ညှိနှိုင်း၍ နေရာဒေသအလိုက် အားကစားပွဲများကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဒေသအသီးသီးရှိ နိုင်ငံတော်အဆင့် ကစားပေးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဖြည့်ဆည်းပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားမြှင့်တင်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းနှင့် လူငယ်များ၏စိတ်ဓာတ်(Mind Set)ကို ပြုပြင်ပေးခြင်းပင်ဖြစ်သဖြင့် နောင်လာမည့် ဆယ်စုနှစ်အတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး မြန်မာ့အားကစား တစ်ခေတ်ဆန်းလာစေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က သုဝဏ္ဏဘောလုံးအားကစားကွင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုဝဏ္ဏဘောလုံးအားကစားကွင်းအတွင်းရှိ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးခန်းမ၌ ကြည့်ရှုစစ်ဆေးစဉ်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အားကစားရုံအတွင်း ပြုပြင်မွမ်းမံထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် သုဝဏ္ဏအားကစားကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

> **“နိုင်ငံ့လက်ရွေးစင် အားကစားသမားများ၏ဘဝ အာမခံချက်ရှိစေရေးအတွက်လည်း လုပ်ဆောင်ပေးရမည်ဖြစ်ပြီး ထိုက်သင့်သည့် ချီးမြှင့်ငွေများ၊ ရပိုင်ခွင့်များကို ဖြည့်ဆည်းပေးရမည်”**

### ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးရန် လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ သုဝဏ္ဏဘောလုံးအားကစားကွင်းသို့ရောက်ရှိရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က သုဝဏ္ဏဘောလုံးအားကစားကွင်း သမိုင်းအကျဉ်းနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ လေ့ကျင့်ရေးကွင်းများ ထပ်မံတည်ဆောက်ထားရှိမှု၊ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲများနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများ လက်ခံကျင်းပခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဘောလုံးအားကစားသည် ကမ္ဘာတွင်ထင်ရှားပြီး ပရိသတ်အများအပြားအားပေးသည့် အားကစားတစ်ခုဖြစ်သည့်အပြင် နိုင်ငံ၏ အားကစားအဆင့်အတန်းကိုလည်း အလွယ်တကူတွေ့မြင်နိုင်သည်ဖြစ်သဖြင့် အချိန်ယူလေ့ကျင့်ရန် လိုအပ်မည်ဖြစ်ကာ ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး မျိုးဆက်သစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေး ငယ်ရွယ်စဉ်ကတည်းကပင် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုသုဝဏ္ဏဘောလုံး အားကစားကွင်းတွင် ဘောလုံးအားကစားတစ်ခုတည်းအတွက်သာမက ပြေးခုန်ပစ်နှင့် အခြားအားကစားနည်းများကိုပါ လေ့ကျင့်ခြင်းနှင့် ပြိုင်ပွဲများယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သဖြင့် အကျိုးရှိစွာဖြင့် လေ့ကျင့်ဆောင်ရွက်ကြစေလိုကြောင်းနှင့် အခြားလိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘောလုံးအားကစားကွင်းအတွင်းရှိ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးခန်းမကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာဆွေးနွေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲ တတိယနေ့ အစီအစဉ်ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မင်္ဂလာခန်းမတွင် ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

### ဖတ်ကြားတင်ပြ

အခမ်းအနားတွင် နိုင်ငံရေးပါတီ အစုအဖွဲ့ (၆)ဖွဲ့၏ ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နှစ်ရက်တာ ဆွေးနွေးချက်များအရ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရေးအတွက် အချိုးကျ ကိုယ်စားပြုစနစ် (PR) နှင့် စပ်လျဉ်း၍ ဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲ ဒီဇိုင်းစာတမ်းများကို အစုအဖွဲ့(၆)ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးစီက ဖတ်ကြားတင်ပြသည်။

ပြည်သူ့လွှတ်တော် အတွက် အဖွဲ့(၁)မှ ပြုစုထားသောစာတမ်းကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရီက ကိုယ်စားပြု ဆွေးနွေးဖတ်ကြားတင်ပြရာတွင် မဲဆန္ဒရှင်များအတွက်နှင့် မဲရေတွက်သူများအတွက်ပါ အခက်အခဲအနည်းဆုံးဖြစ်မည့် “စာရင်းပိတ်စနစ် (Closed List PR)” ကို ကျင့်သုံးသင့်ကြောင်း၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မြေများ သတ်မှတ်ရာတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်သည့် လူဦးရေအပေါ်အခြေမခံဘဲ မြို့နယ်ကို အခြေခံတွက်ချက်ခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယခင်ကရရှိခဲ့သည့် ကိုယ်စားလှယ်ဦးရေများအတိုင်း ခွဲဝေသတ်မှတ်သင့်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ရရှိသည့် ကိုယ်စားလှယ်ဦးရေအပေါ်မူတည်၍ မဲဆန္ဒနယ်မြေများ သတ်မှတ်ရာ၌မူ တတ်နိုင်သမျှ လူဦးရေ အချိုးအစားညီမျှရေးကို ထည့်သွင်းစဉ်းစား ဆောင်ရွက်သင့်ပါကြောင်း။

### ဆွေးနွေးတင်ပြ

ပါတီများအတွက် အနိမ့်ဆုံးဝင်ပေါက်အချိုးစံ (Threshold) သတ်မှတ်ရာတွင် မြင့်လွန်းခြင်းနှင့် နိမ့်လွန်းခြင်း အစွန်းတရားများကို ရှောင်ရှားပြီး ထောက်ခံမဲအပေါ်မူတည်၍ ကိုယ်စားလှယ် သတ်မှာရာတွင် တစ်နိုင်ငံလုံးအပေါ် လွှမ်းခြုံတွက်ချက်ခြင်းမဟုတ်ဘဲ မဲဆန္ဒနယ်တစ်ခုချင်းအလိုက် ဆောင်ရွက်သင့်ပါကြောင်း၊ မဲရေတွက်ပုံနည်းလမ်း အဖြစ် (Closed List PR) တွက်ချက်မှုစနစ်ဖြစ်သည့် အများဆုံးအကြွင်းကိန်းနည်းကို လက်ခံကျင့်သုံးသင့်ပါကြောင်း၊ ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရေး ဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံရေးပါတီများအနေဖြင့် ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးအတွက် နည်းလမ်းများ ရှာကြံဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးတင်ပြသည်။

### သဘောတူကြ

ပြည်သူ့လွှတ်တော်အတွက် အဖွဲ့(၂)မှ ပြုစုထားသောစာတမ်းကို ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ ဦးတင်ဆွေက ကိုယ်စားပြု ဆွေးနွေးဖတ်ကြားတင်ပြရာတွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြုစနစ် (PR System) ဖြင့် ကျင်းပခြင်းကို တက်ရောက်လာသော ပါတီများအားလုံးက သဘောတူပါကြောင်း၊ Closed List ဖြင့် ကျင်းပမည်ကို သဘောတူပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၁(ဃ)တွင် “ မြို့နယ်များကို ခရိုင်အဖြစ်စုစည်းသည်” ဟု ပြဋ္ဌာန်းချက်အတိုင်း ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မြေ သတ်မှတ်ရာတွင် မြို့နယ်များကို ခရိုင်အဖြစ်စုစည်း၍ မဲဆန္ဒနယ် သတ်မှတ်ခြင်းကို သဘောတူကြကြောင်း။

မဲရုံတိုင်းတွင် မဲဆန္ဒရှင်ပြည်သူများမှ ၎င်းတို့ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်၏ ပါတီကို မဲပေးနိုင်ရန်အလို့ငှာ၊ မဲရုံအဝတွင် ဗီွနိုင်း၊ ပိုစတာများဖြင့် ပါတီ၏ အမည်အောက်တွင် ဝင်ရောက် ရွေးချယ်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံနှင့်အမည်ကို ဖော်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ မဲဆန္ဒရှင်သည် ၎င်းကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို မျက်မြင်ကြည့်ရှု၍ လွယ်ကူစွာဖြင့် ၎င်းကိုယ်စားလှယ်လောင်း၏ ပါတီအား မဲပေးနိုင်မည်ဖြစ်ပြီး မဲဆန္ဒရှင်များ၏ ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို ရွေးချယ်နိုင်ရန် ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

### တွင်ကျယ်စွာ ကျင့်သုံးနေ

အမျိုးသားလွှတ်တော်အတွက် အဖွဲ့ (၃) မှပြုစုထားသောစာတမ်းကို လူထုပါတီမှ ဦးပါစီပြည်ဟိန်းက ကိုယ်စားပြုဆွေးနွေးဖတ်ကြားတင်ပြရာတွင် မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီကျင်းပရမည့် လွှတ်တော်သုံးရပ် ရွေးကောက်ပွဲများတွင် “စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ်” (Closed List – PR) ကို ကျင့်သုံးရန် အသင့်မြတ်ဆုံးဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံပေါင်း ၁၀၀ ကျော်တွင်လည်း အချိုးကျကိုယ်စားပြုစနစ်ကို တွင်ကျယ်စွာ ကျင့်သုံးနေပြီ ဖြစ်ပါကြောင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ရာ၌ ခရိုင်များကို အခြေပြုသတ်မှတ်ခြင်းသည် အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်အတွက် သင့်တင့်လျောက်ပတ်သော အရွယ်အစား (Suitable Size) ဖြစ်သည်ဟု အခိုင်အမာယူဆပါသဖြင့် ထိုသို့သတ်မှတ်ပေးရန် ဖြစ်ပါကြောင်း။

ရွေးကောက်ခံ ကိုယ်စားလှယ်တစ်ဦး အနည်းဆုံးရရှိရမည့် ခိုင်လုံမဲအရေအတွက် ပမာဏကို ကြိုတင်သတ်မှတ်ထားပြီး ထိုသတ်မှတ်ချက်အရ ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အရေအတွက် ပြည့်မီခြင်းမရှိသေးပါက လိုအပ်နေသေးသည့် ကိုယ်စားလှယ် အရေအတွက် ပေါ်ပေါက်နေလျှင် ထိုပေါ်ပေါက်ချက်အား ပိုလျှံမဲ (သို့မဟုတ်) အကြွင်းကျန်မဲ အများဆုံးရရှိသည့် ပါတီ (တစ်သီးပုဂ္ဂလအပါအဝင်) ကို အများဆုံးကြွင်းကျန်မဲ တွက်ချက်မှုဖော်မြူလာဖြင့် တွက်ချက်ရရှိသည့် ကိုယ်စားလှယ်ကို ထပ်တိုးကိုယ်စားလှယ် အဖြစ် ပေါင်းစပ် ထည့်သွင်းပေးခြင်းနည်းစနစ် ကျင့်သုံးရန်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

အမျိုးသားလွှတ်တော်အတွက် အဖွဲ့ (၄) မှပြုစုထားသောစာတမ်းကို ပြည်သူ့ရှေ့ဆောင်ပါတီမှ ဒေါက်တာ မျိုးဆက်သွေးက ကိုယ်စားပြု ဆွေးနွေးဖတ်ကြားတင်ပြရာတွင် အချိုးကျ ကိုယ်စားပြုစနစ် (PR System) ကျင့်သုံးရေးအတွက် သဘောတူပါကြောင်း၊ Closed List – PR System ကို စတင်အသုံးပြုသင့်ပြီး မဲဆန္ဒရှင်ပြည်သူများ၏ ပညာတတ်မြောက်မှုနှင့် နိုင်ငံရေးရေချိန်မြင့်တက်လာမှု အခြေအနေတစ်ရပ်သို့ ရောက်ရှိချိန်မှသာလျှင် Open List – PR System သို့မဟုတ် အခြား PR System Design များကို ပြောင်းလဲ ကျင့်သုံးသင့်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအတွက် လွှတ်တော်ကိုယ်စားလှယ်များကိုမူ မဲအများဆုံးရသူ အနိုင်ရသည့်စနစ်(FPTP) ဖြင့်သာ ကျင့်သုံးသင့်ကြောင်း။

### ကန့်သတ်ရန် လိုအပ်

မဲဆန္ဒနယ်သတ်မှတ်ရာတွင် တိုင်းဒေသကြီး /ပြည်နယ်များ၏ ပထဝီအနေအထား ကွာခြားမှုအရ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွက် အမျိုးသားလွှတ်တော်တွင် မဲဆန္ဒနယ်မြေ မည်မျှဖြစ်သင့်သည်ဟု တစ်ပြေးညီသတ်မှတ်ခြင်းမပြုဘဲ ခရိုင်များကို အခြေခံ၍ မဲဆန္ဒနယ် စုစုပေါင်း ၃၆ နယ် သတ်မှတ်သင့်ပါကြောင်း၊ PR System အရ ဖြစ်ပေါ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးဖြစ်သော ပါတီများ ဖောင်းပွလာနိုင်မှုကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဥပဒေဖြင့်သော်လည်းကောင်း၊ စည်းကမ်းထိန်းသိမ်းခြင်းအားဖြင့်သော် လည်းကောင်း ကန့်သတ်ရန် လိုအပ်ကြောင်း ဆွေးနွေးတင်ပြသည်။

### ပြောင်းလဲကျင့်သုံးသင့်

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက် အဖွဲ့(၅)မှ ပြုစုထားသောစာတမ်းကို ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီမှ ဒေါ်နန်းသိုက်သိုက်ဝင်းကျော်က ကိုယ်စားပြု ဆွေးနွေးဖတ်ကြားတင်ပြရာတွင် မဲဆန္ဒရှင်များ၊ ရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများ၊ တိုင်းရင်းသားလူနည်းစုများအားလုံးပါဝင်နိုင်ပြီး တစ်ပါတီကြီးစိုးမှုကိုပါ ကန့်သတ်နိုင်သော အချိုးကျကိုယ်စားပြုစနစ် (PR System) ကို ပြောင်းလဲကျင့်သုံးသင့်ပါကြောင်း၊ အချိုးကျကိုယ်စားပြုစနစ် (PR System) ကို ပြောင်းလဲကျင့်သုံးရာတွင် Closed List PR စနစ်ကို ရွေးချယ်ကျင့်သုံးသင့်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက် မဲဆန္ဒနယ် သတ်မှတ်ရာတွင် သာမန်အားဖြင့် ခရိုင်တစ်ခုလျှင် မဲဆန္ဒနယ် (၁) ခု သတ်မှတ်သင့်ပါကြောင်း၊ သို့ရာတွင် လူဦးရေသိပ်သည်းဆများသည့် ခရိုင် (သို့မဟုတ်) မြို့နယ်အရေအတွက်များပြားသည့် ခရိုင်ဖြစ်ပါက မဲဆန္ဒနယ် (၁) နယ်ထက်ပို၍ သတ်မှတ်ရန် လိုအပ်ပါကြောင်း၊

၁၀ မြို့နယ်နှင့် ယင်းအောက်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် မဲဆန္ဒနယ် (၁)နယ်သာ သတ်မှတ်သင့်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် လွှတ်တော် ကိုယ်စားလှယ်ကို ရွေးချယ်ရာ၌ FPTP စနစ်ကိုသာ အသုံးပြုရန် အကြံပြုလိုပါကြောင်း၊ ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူကိုသာလျှင် ဆန္ဒမဲပေးခွင့်ပြုရန် ဖြစ်ပါကြောင်း၊ နိုင်ငံပြင်ပကြိုတင်မဲ၊ မြို့နယ်ပြင်ပကြိုတင်မဲနှင့် ရပ်/ကျေး ကြိုတင်မဲများကို ရွေးကောက်ပွဲကျင်းပသည့်နေ့မတိုင်မီ သတ်မှတ်ထားသည့် နေ့ရက်များတွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အသိသက်သေများ၏ရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာဖြင့် ကြိုတင်ရေတွက်သည့်စနစ်ကို ပြောင်းလဲကျင့်သုံးသင့်ပါကြောင်း၊ ပြောင်းလဲကျင့်သုံးမည့် အချိုးကျ ကိုယ်စားပြုစနစ် (PR System) ဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ တာဝန်ထမ်းဆောင်မည့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲဆန္ဒရှင်လုပ်သားပြည်သူများ နားလည်သဘောပေါက်ကြစေရန် အဆင့်ဆင့်သောသင်တန်းများ ဖွင့်လှစ်၍ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးတင်ပြသည်။

### ဖတ်ကြားတင်ပြ

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက် အဖွဲ့(၆)မှ ပြုစုထားသောစာတမ်းကို ဒီမိုကရေစီပါတီသစ် ( ကချင် ) မှ ဦးခေါတိန့်က ကိုယ်စားပြုဆွေးနွေးဖတ်ကြားတင်ပြရာတွင် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲများကို Closed List–PR စနစ်ကို ကျင့်သုံးရန် မဲရလဒ်များတွက်ချက်ခြင်းကို ကြွင်းကျန်မဲ အများဆုံးစနစ် (Largest Remainder Formula) ကို ကျင့်သုံးရန်၊ မဲဆန္ဒနယ်သတ်မှတ်ရာတွင် မြို့နယ်အလိုက်၊ ခရိုင်များအလိုက် သတ်မှတ်ခြင်းမပြုဘဲ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ပြီး ကိုယ်စားလှယ်နှစ်ဦးစီကို PR စနစ်ဖြင့် ရွေးကောက်တင်မြှောက်ရန်၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များအတွက်

*စာမျက်နှာ ၇ သို့*

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးကို တို့ချစ်သည်

မြင့်မောင်စိုး

**လွတ်လပ်ရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ တကယ်ထိတွေ့ခဲ့တာက လွတ်လပ်ရေးနေ့မှာပြုလုပ်တဲ့ အားကစားပွဲတွေပဲ။ တောတွေရော၊ မြို့တွေရော၊ ရပ်ကွက်တွေ၊ ကျောင်းတွေ၊ လမ်းတွေ နေရာအသီးသီးမှာ လုပ်ကြတာ။ လွတ်လပ်ရေးကိုအကြောင်းပြုပြီးတော့ အားကစားပွဲတွေ ကျင်းပပြုလုပ်ကြတာ။ ဘယ်သူဘယ်ဝါတွေ ဦးဆောင်မယ်၊ ဘယ်သူတွေပါမယ်ဆိုတာ ကြိုတင်ညှိနှိုင်းထားခြင်းမရှိဘဲနဲ့ အဲဒီနေ့ရောက်တာနဲ့ ကျောင်းအားကစားကွင်းတွေ၊ လမ်းတွေ လမ်းတွေမှာ အော်ဟစ်ပြေးလွှား ဆော့ကစားနေတဲ့ မြင်ကွင်းတွေကတော့ သောသောညံလို့နေပါတယ်။**

ထုပ်ဆီးတိုး၊ ခေါင်းအုံးရိုက်၊ အိုးရိုက်၊ အာလူးကျောက်ကောက်၊ ဇွန်းရွက်ပြေး၊ ဂုန်နီအိတ်စွပ်၊ ချောတိုင်တက်၊ ဘောလုံးစတဲ့ အားကစားတွေ ကစားကြတယ်။

အလွယ်ကူဆုံးကစားနည်းကတော့ အပြေးပဲ။ ကလေးတွေ သူ့အရွယ်အလိုက်ပြေးမယ်။ အနိုင်ရတဲ့ ကလေးတွေကို ဆုတွေချ၊ မုန့်တွေဝေ အတော်လေးကို ပျော်စရာကောင်းပါတယ်။

လွတ်လပ်ရေးနဲ့ပတ်သက်လို့ ဒါတင်ပဲလား။ မဟုတ်ပါဘူး။ ကျောင်းတွေမှာဆို စာစီစာကုံးပြိုင်ပွဲတွေလုပ်တာရှိတယ်။ ပန်းချီပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲတွေ လုပ်တာရှိတယ်။ ဆုရတဲ့ ကျောင်းသား ကျောင်းသူတွေကို လွတ်လပ်ရေးနေ့မှာပဲ ဆုချီးမြှင့်ပွဲတွေ လုပ်တာရှိတယ်။ ဆုတွေချ၊ ဂုဏ်ပြုကြတာပေါ့။

အချို့မြို့နယ်တွေမှာဆိုရင်တော့ လွတ်လပ်ရေးနေ့ကိုအကြောင်းပြုပြီး ဈေးရောင်းပွဲတွေ၊ ဌာနဆိုင်ရာ ပြကွင်းပြကွက်တွေ လုပ်တာရှိတယ်။ ပြီးတော့ အငြိမ့်၊ ဇာတ်သဘင်၊ ရုပ်ရှင်၊ ရုပ်သေးပြသတာတွေလည်းရှိတယ်။ အကြောင်းအရာ မျိုးစုံ၊ ရှုထောင့်ပေါင်းစုံက လွတ်လပ်ရေးကို အသိပေးနေတာပါ။ လွတ်လပ်ရေးဆိုတဲ့အရသာကို ကွင်းကွင်းကွက်ကွက်သိအောင်၊ မြင်အောင်ပြတဲ့သဘောလည်းဖြစ်၊ ထိန်းသိမ်းတတ်တဲ့ စိတ်ဓာတ်ကို မြှင့်တင်ပေးရာလည်း ဖြစ်ပါတယ်။

တိုင်း၊ ခရိုင်၊ မြို့နယ်ရုံးတွေမှာတော့ လွတ်လပ်ရေးနေ့ကျရောက်တဲ့ ဇန်နဝါရီလ ၄ ရက် မနက်စောစောမှာ အလံတင်၊ အလေးပြုပွဲတွေ လုပ်ကြတာပေါ့။ ဒါက ဌာနဆိုင်ရာအဆင့်တွေလုပ်တဲ့ပွဲပါ။ ရဟန်းသံဃာတော်တွေကို ဆွမ်း၊ ဘောဇဉ်၊ ချိုချဉ်အရသာ၊ သင်္ကန်း အစရှိတဲ့ လှူဖွယ်ပစ္စည်းမှုတွေ ပြုလုပ်ကြပါတယ်။

## လွတ်လပ်ရေးဆိုတဲ့သဘောသဘာဝ

ဒီလို ဒီလို လွတ်လပ်ရေးနေ့အကြောင်းအရာတွေကို အနှစ်ချုပ်ကြည့်လိုက်မယ်ဆိုရင် လွတ်လပ်ရေးဆိုတဲ့ သဘောသဘာဝကို ပြည်သူလူထုအသည်းနှလုံးထဲ၊ ဦးနှောက်ထဲ စွဲစွဲမြဲမြဲ ရောက်ရှိသွားဖို့ပါပဲ။ လွတ်လပ်ရေးကို ထိန်းသိမ်း တတ်ဖို့၊ ချစ်မြတ်နိုးတတ်ဖို့၊ လေးစားတန်ဖိုးထား တတ်ဖို့၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်မြတ်နိုး တတ်ဖို့ အသိအတွေးစိတ်ကို မွေးမြူပေးလိုက်ခြင်းပါ။

ခုလို ပျော်ပျော်ပါးပါး၊ သွားသွားလာလာ သွားနိုင်တယ်၊ လာနိုင်တယ်၊ စားနိုင်တယ်၊ သောက်နိုင်တယ်၊ ပညာသင်ကြားနိုင်တယ်၊ စီးပွားရေး ကြီးပွားရေး ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်တယ်ဆိုတာက လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လို့ပဲ။ ကိုယ်ပိုင်အချုပ်အခြာအာဏာ၊ ကိုယ်ပိုင်အစိုးရ၊ ကိုယ်ပိုင်နယ်မြေဆိုတာတွေရှိလို့ လွတ်လပ်ရေးဆိုတာရှိတာ။ မဟုတ်ရင် လွတ်မြောက်ခြင်း မရှိသလို လွတ်လပ်ရေးဆိုတာလည်းဖြစ်လာမှာမဟုတ်ဘူး။ ဒီတော့ ဒီလွတ်လပ်ရေးဆိုတာ လွယ်လွယ်နဲ့ ရခဲ့တဲ့အရာမဟုတ်။ တိုင်းရင်းသားတွေရဲ့ အသက်၊ ချွေးသွေးနဲ့ ရယူခဲ့ရတာမဟုတ်လား။ အလွန်ခက်ခက်ခဲခဲ ရယူခဲ့ရတာဆိုတာလည်း အားလုံးသိကြတဲ့အတိုင်းပါပဲ။



ဗိုလ်ချုပ်အောင်ဆန်း မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ၁၉၄၇ ခုနှစ်က လန်ဒန်သို့အသွား အိန္ဒိယ၌ ခေတ္တဝင်ရောက်စဉ် ဗြိတိသျှလေတပ်မှ အရာရှိများက ကြိုဆိုကြစဉ်။

ဒီတော့ လွတ်လပ်ရေးဆိုတာ ကျွန်တော်တို့ ဆုံးရှုံးခဲ့ဖူးသလား။ သေချာပေါက် ဆုံးရှုံးခဲ့ဖူးပါတယ်။ သမိုင်းပြန်ကြည့်။ မြန်မာတွေဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့နေလာကြတဲ့ လူမျိုးပဲ။ သို့သော် ဘာကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသလဲ။ စည်းလုံးညီညွတ်မှုပြိုကွဲလို့၊ စည်းလုံးညီညွတ်မှုမရှိကြလို့ဆိုတာ အထင်အရှားပဲ။ သမိုင်းဖတ်တဲ့သူတွေဆို ပိုသိမှာပေါ့။ “မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ခဲ့တယ်”ဆိုတဲ့စကားကလည်း ဒီကနေ့အထိ လူထုကြားမှာ အထင်အရှားပဲ မဟုတ်လား။ တိုင်းပြည်တစ်ပြည်ရဲ့ စည်းလုံးညီညွတ်မှုဟာ အင်မတန်မှအရေးကြီးပါတယ်။

## စည်းလုံးညီညွတ်နေရင်

လွတ်လပ်ရေးနဲ့ပတ်သက်လို့ စည်းလုံးညီညွတ်မှုဟာ အရေးကြီးတဲ့အကြောင်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောကြားသွားခဲ့တဲ့ မိန့်ခွန်းတစ်ရပ်လည်း ကြားဖူးပါတယ်။ "ဗမာပြည်မယ် လူထုညီညွတ်ရေး၊ တိုင်းရင်းသားညီညွတ်ရေးတွေဟာ မပြိုမကွဲနဲ့ ဘယ်သူမှဖောက်ထွင်းလို့မရလို့ရှိရင်၊ နောက်ပြီးတော့ လက်ဝဲသမားလို့ခေါ်တဲ့ လူငယ်နိုင်ငံရေးသမားတွေ ညီညွတ်သထက် ညီညွတ်နေလို့ရှိရင် အဲဒါကြီး ကြီးသလောက် လွတ်လပ်ရေးဟာ ပိုကောင်းလာမှာပဲ မဟုတ်လား။”

အလွန်မှတ်သားစရာ ကောင်းပါတယ်။ လွတ်လပ်ရေးဆိုတာ စည်းလုံးညီညွတ်နေလို့ရှိရင် မပြိုကွဲ၊ မပျောက်ဆုံးနိုင်ပါဘူး။ စည်းလုံးညီညွတ်ရေးဟာ အင်မတန်မှ အရေးကြီးပါတယ်။

“သမဂ္ဂါနံ တပေါ သုခေါ” ဟု ဆိုထားတယ် မဟုတ်လား။ သမဂ္ဂါနံ- ညီညွတ်သောသူတို့၏၊ တပေါ- အကျင့်သည်၊ သုခေါ -ချမ်းသာ၏ ဟု ဆိုပါတယ်။ စည်းလုံးညီညွတ်ခြင်းသည် အောင်မြင်ခြင်းရဲ့အကြောင်းလို့ ဆိုတာပါ။ သို့သော် စည်းလုံးညီညွတ်မှု အားနည်းသွားပြီဆိုရင်တော့ ပြိုကွဲဖို့လမ်းစဖြစ်လာတတ်ပါတယ်။ လွတ်လပ်ရေးဆိုတာလည်း အလွယ်လေးနဲ့ ဆုံးရှုံးသွားတတ်ပါတယ်။ နယ်ချဲ့သမားတွေဆိုတာကလည်း အဲဒီအားနည်းချက်ကို ချောင်းနေတာပါ။

## ပြိုကွဲသွားတဲ့နိုင်ငံတွေ

ဒီကနေ့ ကမ္ဘာမှာကြည့်ကြည့်လိုက်။ စည်းလုံးညီညွတ်မှု အားနည်းလို့ ပြိုကွဲသွားတဲ့နိုင်ငံတွေရှိခဲ့ဖူးတယ်။ ဆိုဗီယက်ဆိုတာ တစ်ချိန်က ကမ္ဘာမှာ အကြီးဆုံး။ အလွန်ကိုကြီးမားတဲ့ အင်ပါယာကြီးပါ။ လုံးဝကို ထင်မထားကြပါဘူး။ နောက်တော့ ပြိုကွဲသွားတာ ကမ္ဘာက အံ့ဩမဆုံးဖြစ်ကြရတယ်။ အရင်တုန်းက အရှေ့ဂျာမနီ၊ အနောက်ဂျာမနီဆိုပြီး ရှိခဲ့တာ၊ နောက်မှ ဂျာမနီပေါင်းစည်းလုပ်ပြီး ပြန်ပေါင်းသွားတာ။ ထို့အတူ ဗီယက်နမ်လည်း တောင်ဗီယက်နမ်၊ မြောက်ဗီယက်နမ်ဆိုပြီး နှစ်ပိုင်းကွဲဖူးတယ်။ နောက်မှ ပြန်ပေါင်းနိုင်တာ။ မပေါင်းနိုင်တာက ကိုရီးယား။ ဒီကနေ့အထိ တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယားဆိုပြီး ဖြစ်သွားခဲ့တယ်။

အရှေ့အလယ်ပိုင်းကို ကြည့်လိုက်ဦး။

အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချဖို့ကြိုးစားရင်း နိုင်ငံပျက်စီးသွားခဲ့တယ်။ ဒီနောက် အာဖဂန်နစ္စတန်ရော ဘာထူးတုန်း။ အကြမ်းဖက်ခေါင်းဆောင် အိုစမာဘင်လာဒင်ကို ချေမှုန်းရင်း နိုင်ငံကျေသွားတယ်။ အမေရိကန်ကျောထောက်နောက်ခံပြုတဲ့အစိုးရပြုတ်ကျပြီး တာလီဘန်အစိုးရ ပြန်ဖြစ်သွားခဲ့တယ်။ လစ်ဗျားနိုင်ငံဆိုတာလည်း ထိုနည်းလည်းကောင်းပဲ။ လစ်ဗျားခေါင်းဆောင် ကဒါဖီကိုဖြုတ်ချဖို့ ဝင်တိုက်ရင်း နိုင်ငံပြိုကွဲသွားခဲ့တယ်။ အရှေ့နဲ့အနောက် နှစ်ပိုင်းပြိုကွဲနေပြီး စင်ပြိုင်အစိုးရနှစ်ရပ် ဖြစ်နေတယ်။ နိုင်ငံအနောက်ပိုင်း မြို့တော်ထရီပိုလီမှာ ဗဟိုအစိုးရတစ်ခု၊ နိုင်ငံအရှေ့ပိုင်း တိုဘရွတ်မြို့မှာ အတိုက်အခံအစိုးရတစ်ခုနဲ့ အစိုးရနှစ်ခုဟာ စင်ပြိုင်စစ်တပ်တစ်ခုစီနဲ့ နှစ်ပိုင်းကွဲနေတာ။

ဒီအဖြစ်အပျက်တွေဟာ ပုံပြင်မဟုတ်သလို ဒဏ္ဍာရီလည်းမဟုတ်ပါဘူး။ တကယ့်မျက်မှောက်ကာလမှာ ကြုံတွေ့နေကြရတာပါ။ စစ်မီးစစ်လျှံတွေ တောက်လောင်ခဲ့ရတဲ့ဘဝတွေ အထင်အရှားဆိုတာ ရှင်းနေတာပဲ။ ဒီတော့စည်းလုံးညီညွတ်မှုပြိုကွဲရင် လွတ်လပ်ရေးဆိုတာ ဆုံးရှုံးတတ်တယ်ဆိုတာ အထင်အရှားပဲမဟုတ်လား။

## လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ဖို့

ဒီကနေ့ ကျွန်တော်တို့တိုင်းပြည်မှာ ဘယ်လမ်းကြောင်း ဘယ်ကိုသွားနေတယ်ဆိုတာ အထူးပြောဖို့လိုမယ်မထင်ပါဘူး။ စည်းလုံးနေတာလား၊ မစည်းလုံးဘူးလားဆိုတာ ကိုယ့်ဘာသာ စဉ်းစားကြည့်ကြပေတော့။ ဘာပဲဖြစ်ဖြစ် တိုင်းပြည်ရဲ့လွတ်လပ်ရေး၊ အချုပ်အခြာအာဏာကို ထိခိုက်ပျက်စီးစေမယ့်အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်၊ အကြံအစည်မှန်သမျှ လက်မခံဘဲ ဝိုင်းဝန်းတိုက်ဖျက်ကြဖို့လိုပါတယ်။ သေချာတာကတော့ ဘယ်နည်းနဲ့မှ လွတ်လပ်ရေးဆိုတာ ထိခိုက်လို့မဖြစ်ဘူး။ ရရှိထားတဲ့ လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လူတစ်ဦးချင်း၊ တစ်ယောက်ချင်းစီမှာ တာဝန်ရှိတယ်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်မျိုးရိုးကို ချစ်မြတ်နိုးဖို့၊ လေးစားတန်ဖိုးထားတတ်ဖို့၊ ညီညွတ်ကြဖို့လိုပါတယ်။ ညီညွတ်ရေးဟာ အင်မတန်မှကိုပဲ အရေးကြီးတယ်။ လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာလည်း တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို ထိခိုက်ပျက်စီးစေမယ့်အရာမှန်သမျှကို မဖြစ်စေဘဲနဲ့ လုပ်ကိုင်ဆောင်ခြင်း ဖြစ်တယ်လို့ ရှုမြင်မိပါတယ်။

တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ ပြည်သူတစ်ရပ်လုံးညီညွတ်ရေးဆိုတာတွေက လွတ်လပ်ရေးထိန်းသိမ်းကာကွယ်ရေးအတွက် အရေးကြီးတဲ့အချက်တွေပဲလို့ဆိုပါတယ်။ ညီညာမှပြည်သာသတဲ့။ ညီညွတ်တဲ့နိုင်ငံတွေဟာ ရှေ့ကိုရောက်သွားတာပဲ။ တဖြည်းဖြည်း တိုးတက်သွားကြတယ်။ လူတိုင်းလူတိုင်းကတော့ တိုးတက်မှု၊ ကြီးပွားချမ်းသာမှုကို လိုလားကြပါတယ်။ ဒီအကြောင်းအရာတွေရဲ့ မူလဇာစ်မြစ်ကတော့ တည်ငြိမ်မှု၊ အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုတွေ ဖြစ်ပါတယ်။

တည်ငြိမ်မှ အေးချမ်းမယ်။ အေးချမ်းမှလည်း စီးပွားရေး၊ ကြီးပွားရေး တိုးတက်မှုတွေကို လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံဟာ သူ့ကျွန်ဘဝက လွတ်မြောက်ခဲ့တာ လာမယ့် ဇန်နဝါရီ ၄ ရက်ဆိုရင် (၇၄)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြန်မာ့လွတ်လပ်ရေးသက်တမ်းဟာ(၇၅) နှစ်ဆိုတဲ့ စိန်ရတုကာလကို ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ မြန်မာ့လွတ်လပ်ရေးကြီး နှစ်ထောင်သောင်းမကထာဝစဉ် အဓွန့်ရှည်ရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ညီညွတ်မှုကိုအခြေခံပြီး ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။

အခု ဒီဆောင်းပါးလေးကိုရေးနေရင်း လွတ်လပ်ရေးနေ့မှာကြားရလေ့ရှိတဲ့ သီချင်းတစ်ပုဒ် အမှတ်မထင် ခေါင်းထဲရောက်လာပါတယ်။ သီချင်းတစ်ပုဒ်လုံးလည်း ရတာတော့မဟုတ်ဘူး။ ဟိုတစ်စ၊ ဒီတစ်စပေါ့။ ဘာပဲဖြစ်ဖြစ်ဆိုကြည့် ရအောင်-

**လွတ်လပ်ရေးကို တို့ချစ်သည်x x x**
**လွတ်လပ်ရေးကို တို့မြတ်နိုးသည်x x x**
**အမျိုးသားတို့ ညီညွတ်ကြရမည်x x x**
**အမျိုးသမီးတို့ ညီညွတ်ကြရမည်x x x**
**လွတ်လပ်ရေးကို တို့ချစ်သည်x x x**
**လွတ်လပ်ရေးကို တို့ချစ်သည် x x x**

**“ခုလို ပျော်ပျော်ပါးပါး၊ သွားသွားလာလာ သွားနိုင်တယ်၊ လာနိုင်တယ်၊ စားနိုင်တယ်၊ သောက်နိုင်တယ်၊ ပညာသင်ကြားနိုင်တယ်၊ စီးပွားရေး ကြီးပွားရေး ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်တယ်ဆိုတာက လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လို့ပဲ။ ကိုယ်ပိုင်အချုပ်အခြာအာဏာ၊ ကိုယ်ပိုင်အစိုးရ၊ ကိုယ်ပိုင်နယ်မြေဆိုတာတွေရှိလို့ လွတ်လပ်ရေးဆိုတာရှိတာ။ မဟုတ်ရင် လွတ်မြောက်ခြင်း မရှိသလို လွတ်လပ်ရေးဆိုတာလည်း ဖြစ်လာမှာ မဟုတ်ဘူး”**

# ဒီရေတောများ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရန်လို

၂၀၀၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းကြောင့် သေဆုံးသူအများစုသည် လေကြောင့် သေဆုံးခြင်းထက် ရေကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်းမှ လမုပင်များ အဟောသိကံထုတ်ပြီး မီးသွေးဖုတ်၊ ထင်းခုတ်ခဲ့သဖြင့် အစားထိုး ပြန်လည်စိုက်ပျိုးမှုအားနည်းပြီး ပင်လယ်ရေကို မတားဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နောင်တွင်အလားတူ အန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ ဒီရေတောများ ဖြစ်ထွန်းအောင် စိုက်ပျိုးခြင်းနှင့် ရှိပြီးသား ဒီရေတောများ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ဧရာဝတီ၊ ရခိုင်၊ ရန်ကုန်၊ မွန်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများတွင် လမုပင်များ၊ အုန်းပင်များစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ အုန်းထွက်ပစ္စည်းများသည် များစွာအသုံးဝင်ပြီး တန်ဖိုးလည်းရှိကြောင်း၊ မြစ်ဝကျွန်းပေါ်တစ်လျှောက်လုံးတွင် အုန်းပင်နှင့် လမုပင်များ စိုက်ပျိုးရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၃-၁၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အစည်းအဝေး (၁၈/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၅ မှ*

ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်ဖြင့်သာ ရွေးကောက်တင်မြှောက်ရန် ဆွေးနွေးတင်ပြသည်။

### နိဂုံးချုပ်အမှာစကားပြောကြား

အစီအစဉ်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် ယခုတစ်ကြိမ် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးရာမှာ ပါတီများအနေဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် အသီးသီးအတွက် အစုအဖွဲ့ (၆) ဖွဲ့ ဖွဲ့စည်းပြီး ပြောင်းလဲလာသည့် ခေတ်ကာလ အခြေအနေအရ လွှတ်တော်များတွင် ကျင့်သုံးဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲစနစ်များကို အချိန်ယူကာ အသေးစိတ်ညှိနှိုင်း တိုင်ပင်ဆွေးနွေးပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရန်နှင့် ဥပဒေပြုနိုင်ရန်အတွက် ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်ကြရာတွင် ရွေးကောက်ပွဲစနစ်နှင့် ဒီဇိုင်းက အရေးကြီးပါကြောင်း၊ ရွေးကောက်ပွဲနယ်မြေများ ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပြီး မဲဆန္ဒရှင်များ၏ ဆန္ဒနှင့်အညီ အချိုးကျလွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ပေးခြင်းဖြင့် အရည်အချင်းရှိသည့် လွှတ်တော်ကိုယ်စားလှယ်များရရှိကာ ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုအားကောင်းပြီး နိုင်ငံရေးတည်ငြိမ်ခိုင်မာမှုရှိသည့် ပါတီစုံဒီမိုကရေစီစနစ် ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း။



ရွေးကောက်ပွဲစနစ်နှင့်ပတ်သက်၍ အစုအဖွဲ့လိုက် ဆွေးနွေးတင်ပြမှုများ ဆောင်ရွက်ကြစဉ်။

ပါတီများအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အတွင်းက လုပ်ဆောင်နိုင်သည်များကို PR စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် အများအကျိုးရေရှည်အကျိုးရှေးရှုပြီး ဆွေးနွေးပေးကြခြင်းဖြစ်သည့်အတွက် ဆောင်ရွက်ပေးနိုင်သည့်ကိစ္စများကို အကောင်းဆုံးဆောင်ရွက်ကြခြင်း ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးချက်များကို လေ့လာကြည့်ရာတွင် အများစုအနေဖြင့် လွှတ်တော်သုံးရပ်တွင် PR စနစ်ကို ကျင့်သုံးရာ၌ စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (Closed List – PR) ကို ပြောင်းလဲကျင့်သုံးသင့်ကြောင်း၊ မဲဆန္ဒနယ်များ ခွဲဝေသတ်မှတ်ရာတွင်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ခုနှစ်) တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပေးရန် ပြဋ္ဌာန်းထားပါကြောင်း၊ မဲပေးရာတွင် မဲရုံတိုင်း၌ မဲဆန္ဒရှင်ပြည်သူများက ၎င်းတို့ ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်၏ ပါတီအား မဲပေးနိုင်ရန် မဲရုံ အဝတွင် ဗီနိုင်းပိုစတာများဖြင့် ပါတီ၏ အမည်အောက်တွင် ဝင်ရောက်ရွေးချယ်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံနှင့် အမည်ကို ဖော်ပြသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်ကို တွေ့ရှိရပါကြောင်း။

### ပြင်ဆင်နိုင်ရန် ဆောင်ရွက်

လွှတ်တော်ရွေးကောက်ပွဲများကို မဲအများဆုံးရသူ အနိုင်ရသည့်(FPTP)စနစ်မှ အချိုးကျကိုယ်စားပြုစနစ် (PR) သို့ ပြောင်းလဲဆောင်ရွက်နိုင်ရန် ယခုဆွေးနွေးချက်များအပေါ် မူတည်၍ မိမိနိုင်ငံနှင့် သင့်လျော်ပြီး ဥပဒေနှင့်လည်း ညီညွတ်မှုရှိစေရန်အတွက် ပြန်လည်ဆွေးနွေးတိုင်ပင်ပြီး ပြင်ဆင်ရန်လိုအပ်သည့်ဥပဒေများကို ပြင်ဆင်နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးပါတီများနှင့် လက်တွဲပြီး လာမည့်ရွေးကောက်ပွဲကို တိုင်းရင်းသားလူမျိုးစုများ၊ နိုင်ငံရေးပါတီငယ်များ၊ ယင်းတို့ကို ထောက်ခံသည့် ဆန္ဒမဲများအရ ပါဝင်လာနိုင်ပြီး မျှမျှတတ မှန်မှန်ကန်ကန်ဖြင့် အရည်အချင်းရှိသည့် ကိုယ်စားလှယ်များ ရွေးချယ်ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံရေးပါတီ ၆၂ ပါတီမှ ကိုယ်စားလှယ် ၁၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပျဉ်းမနား ဒီဇင်ဘာ ၂၆**

လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်ပြီး အားကစားစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူငယ်အချင်းချင်း ချစ်ခင်ရင်းနှီးပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ပေါ်ထွန်းလာစေရန်၊ ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများ ပေါ်ထွက်လာပြီး ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာစေရန်ရည်ရွယ်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ကြီးမှူးကျင်းပသည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ချီးမြှင့်ပွဲကို ယနေ့ညနေ ၅ နာရီက လူထုအခြေပြုဇဟိုဌာန (ပျဉ်းမနား)၌ ကျင်းပသည်။

တတိယလုပွဲတွင် တပ်ကုန်းအသင်းနှင့် စိန်ဝေနန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စိန်ဝေနန်းအသင်းက နှစ်ပွဲပြတ်ဖြင့် တတိယဆု ရရှိခဲ့ပြီး ဗိုလ်လုပွဲတွင် သပြေ(၁)အသင်းနှင့် ပေါင်းလောင်းအသင်းတို့ သုံးပွဲယှဉ်ပြိုင်ကစားကြရာ သပြေ(၁)အသင်းက နှစ်ပွဲနိုင်၍ ဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ပြန်/ဆက်ဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်ဆင့်က မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဒိုင်လူကြီး ဦးဝေလင်းနှင့် ဦးဖုန်းမြင့်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် ဆုရရှိသည့်အသင်းများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ပြန်/ဆက်ဌာနခွဲ) ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများကဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းတို့ ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ငွေကျပ် ၂၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၅၀၀၀၀၊ တတိယဆု ငွေကျပ် ၁၀၀၀၀၀ နှင့် အထူးဆု ငွေကျပ် ၅၀၀၀၀ နှင့် အကောင်းဆုံးကစားသမားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများ အရည်အသွေးရှိရှိ၊ အရည်အချင်းရှိရှိ တာဝန်ထမ်းဆောင်ကြရန်လို

မန္တလေး ဒီဇင်ဘာ ၂၆



**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမောင်ကိုနှင့် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးဆိုင်ရာဌာန၊ အဖွဲ့အစည်းများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမတွင် ကျင်းပသည်။ (ယာပုံ)**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် တာဝန်ရှိသောအဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများသည် ပြည်ထောင်စုအစိုးရအဖွဲ့မှ လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ လည်းကောင်း၊ အုပ်ချုပ်ရေးဦးစီးဌာနမှလည်းကောင်း၊ အခြားသောဝန်ကြီးဌာနများမှ လည်းကောင်း ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရသူများဖြစ်၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး နိုင်ငံတော်အစိုးရ၏ယန္တရားများ လည်ပတ်နိုင်ရန် ကြိုးစားဆောင်ရွက်ရန်နှင့် ပြည်သူ့အသံနားစွင့်ပြီး ကိုယ်ချင်းစာ တရားလက်ကိုင်ထား ဆောင်ရွက်ရန် လိုအပ်ကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးအပိုင်းတွင် ဆက်စပ်ပါဝင်နေသော ဥပဒေအရာရှိများအနေဖြင့်လည်း တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံပေးခြင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပတ်သက်၍ အထွေထွေအကြံပေးခြင်း၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်း ဆောင်ရွက်ခြင်းများတွင် အရည်အသွေးရှိရှိ၊ အရည်အချင်းရှိရှိ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ ပြစ်မှုကျူးလွန်သူကို ကျူးလွန်သည့်ပြစ်မှုအရ ငြိစွန်းဥပဒေဖြင့် တရားစွဲတင်ပို့နိုင်ရေး၊ ပြစ်မှုနှင့်ငြိစွန်းခြင်းမရှိသူကို တရားစွဲဆိုခြင်းမပြုမိရေး၊ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်သော အရည်အသွေးရှိရန် ကြိုးစားအားထုတ်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ မန္တလေးတိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်တို့က တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးဆောင်ရွက်နေမှုများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တရားစီရင်ရေးကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးဦးမြင့်လွင်က မန္တလေးတိုင်းဒေသကြီး တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို လည်းကောင်း၊ ခရိုင်အဆင့် အုပ်ချုပ်ရေးမှူးများ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့မှူးများက တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးအပိုင်း ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသခံတိုင်းရင်းသား ဓလေ့ထုံးစံများကို လေးစားလိုက်နာပြီး ပြည်သူလူထုနှင့် ရင်းနှီးခင်မင်စွာ ပူးပေါင်းဆောင်ရွက်

**တာချီလိတ် ဒီဇင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မိုင်းဆတ်မြို့သို့ ရောက်ရှိပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊




မိုင်းတုံမြို့နယ် မိုင်းခုတ်မြို့၊ ပုံပါကျင်မြို့နှင့်မုံးထမြို့တို့မှ ဦးစီးမှူးများအား တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် မိုင်းဆတ်မြို့ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ဦးစီးမှူး၊ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နှင့် ကျိုင်းလပ်မြို့တို့မှ ဦးစီးမှူးများအား တွေ့ဆုံ၍ တာချီလိတ်မြို့ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ **(ဝဲပုံ)**

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားဒေသများတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်၍ ဒေသခံတိုင်းရင်းသား ဓလေ့ထုံးစံများကို လေးစားလိုက်နာပြီး ပြည်သူလူထုနှင့် ရင်းနှီးခင်မင်စွာ ပူးပေါင်းဆောင်ရွက်ကြရန်၊ လက်ရှိဖြစ်ပေါ်နေသော ဆူပူအကြမ်းဖက်မှုများ ပပျောက်ရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရေး စည်းရုံးဆောင်ရွက်ကြရန်၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ကာကွယ်ရေးကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်က အားကိုးရသည့် ဗလငါးတန်နှင့် ပြည့်စုံပြီး အတတ်ပညာ၊ အသိပညာပြည့်ဝသော လူငယ်လူရွယ်များ ဖြစ်လာစေရေး လူငယ်ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။ **သတင်းစဉ်**

# မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ လစ်လပ်လျက်ရှိသည့် ရာထူးများအတွက် လာရောက်ဖြေဆိုသူ ၁၈၈ ဦးရှိ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး၊ အငယ်တန်းအင်ဂျင်နီယာ (၂)၊ ပုံဆွဲ (၂) နှင့် စာရင်းကိုင် (၂) ရာထူးအလွှာ ၈၃ နေရာ ရွေးချယ်ခန့်ထားနိုင်ရေးအတွက် သတင်းစာတွင် ကြော်ငြာထည့်သွင်း လျှောက်လွှာခေါ်ယူခဲ့သော ရေးဖြေစာမေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေရှိ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပရာ ဒုတိယဝန်ကြီး ဦးမင်းထိန်နှင့် တာဝန်ရှိသူများသည် ရေးဖြေစာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ယာပုံ)

အဆိုပါ ရေးဖြေစာမေးပွဲတွင် ဒုတိယဦးစီးမှူး၊ အငယ်တန်းအင်ဂျင်နီယာ(၂)၊ ပုံဆွဲ (၂) နှင့် စာရင်းကိုင် (၂) ရာထူးအလွှာ ၈၃ နေရာအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေ ဗဟုသုတ (၃) ဘာသာ စစ်ဆေးခဲ့ပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၈ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေး

**သီပေါ ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် မြို့နယ်ဦးစီးမှူး ဒေါ်ခင်နီလာစိုးနှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း အွန်လိုင်းမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများ ယမန်နေ့မှစတင်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့စာကြည့်တိုက်သို့ မလာရောက်နိုင်သည့် စာဖတ်ပရိသတ်ပြည်သူများနှင့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ အသိပညာဗဟုသုတရရှိစေရန် စိတ်အပန်းဖြေပျော်ရွှင်စေရန် ရည်ရွယ်၍ အွန်လိုင်းမှတစ်ဆင့် သုတ၊ ရသ၊ စာအုပ်စာစောင် မိတ်ဆက်ခြင်းအစီအစဉ်၊ ဆေးရောင်းခြယ်အစီအစဉ်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုခြင်း၊ ရောင်စုံစက္ကူလေးများဖြင့် အရုပ်ခေါက်၊ ပန်းအလှခေါက်ခြင်း စသည့်အစီအစဉ်များရိုက်ကူးလျက် မြို့နယ်ပြည်သူ့စာကြည့်တိုက် Facebook Page မှတစ်ဆင့် နေ့စဉ်ထုတ်လွှင့်ဆောင်ရွက်ပေးကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အသိပေးနှိုးဆော်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် NUG၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့များ၏ တရားမဝင် လက်နက်များ၊ ခဲယမ်းများ၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် လက်လုပ်သေနတ်၊ ယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများကို လက်ဝယ်ကိုင်ဆောင်အကြမ်းဖက်မှုအပေါ်နှင့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့တို့မှလည်း နိုင်ငံရေး၊ စစ်ရေးအမြတ်ထုတ်ရန်အလို့ငှာ ပြည်တွင်းသို့ နည်းမျိုးစုံဖြင့် ပို့ဆောင်နေသည့် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား နေ့စဉ်နှင့်အမျှ ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသကဲ့သို့ နည်းမျိုးစုံဖြင့် လက်ဝယ်ကိုင်ဆောင်သူ အကြမ်းဖက်သမားများထံမှလည်း ဖော်ထုတ်ဖမ်းဆီး/ သိမ်းဆည်းရမိလျက်ရှိပါသည်။

၂။ ၎င်းအပြင် တချို့သော အကြမ်းဖက်သမားများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ မသိနားမလည်မှု၊ ရိုးသားမှုအပေါ် အခွင့်ကောင်းယူလျက် မိမိတို့၏တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများအပြင် တားမြစ်ပစ္စည်းများကိုလည်း နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် အပ်နှံသိမ်းဆည်းစေမှုများကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြမ်းဖက်သူများနှင့် မသက်ဆိုင်သူများကို မလိုလားအပ်သော တရားဥပဒေရင်ဆိုင်မှုများ မရှိစေနိုင်ရေး အလို့ငှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသည် အကြောင်းအမျိုးမျိုးနှင့် နည်းမျိုးစုံဖြင့် မိမိတို့နေအိမ်၊ တိုက်ခန်းနှင့် နေရာအသီးသီးတွင် တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် နိုင်ငံတော်မှဥပဒေအရ တားမြစ်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးများ လက်ဝယ်သို့ရောက်ရှိ သိမ်းဆည်းထားခြင်းများရှိကြပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ/ နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မောင်တောမြို့၌ လူဦးရေ ၉၀၂၀ အား ကိုဗစ် -၁၉ ကာကွယ်ဆေး စတုတ္ထအသုတ်(ဒုတိယ)အကြိမ် ထိုးနှံပေးပြီးဖြစ်

**မောင်တော ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ဦးတည်အုပ်စုတွင် ပါဝင်သည့်သူများအား စတုတ္ထအသုတ် (ဒုတိယ) အကြိမ်အဖြစ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက သတ်မှတ်စုရပ်နေရာများတွင် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စာရင်းများ မှတ်ယူခြင်း၊ ကျန်းမာရေးဝန်ထမ်းများက လာရောက်ထိုးနှံသည့် ဦးတည်အုပ်စုတွင် ပါဝင်သည့်သူများအား ကိုယ် အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိမှသာ စနစ်တကျ ကာကွယ်ဆေးထိုးနှံပေးပြီး ထိုးနှံပြီးသည့်သူများကို မိနစ် ၃၀ ခန့် အနားယူစေခြင်းနှင့် ကာကွယ်ဆေးထိုးနှံနေမှုများအား ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဦးတည်အုပ်စုတွင် ပါဝင်သည့်သူများအနက် စတုတ္ထအသုတ် (ဒုတိယ)အကြိမ်အဖြစ် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် သာသနာ့ဝန်ထမ်း တစ်ဦး၊ နိုင်ငံ့ဝန်ထမ်း ၁၉ ဦး၊ အခြားဝင်ငွေရှိသော လုပ်ငန်းလုပ်ကိုင်သူ ၁၀၃၀၊ စားသောက်ကုန်နှင့်ဈေးသည် ၂၆၀၊ မှီခိုသူ ၁၅၀၆ ဦး၊ NGO ဝန်ထမ်း နှစ်ဦး စုစုပေါင်းလူဦးရေ ၂၈၁၈ ဦးအား ဆက်လက်ထိုးနှံပေးခဲ့ပြီး ဒီဇင်ဘာ ၂၄ ရက်ထိ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၉၀၂၀ အား ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးနိုင်ခဲ့ပြီး ကျန်ရှိသူများကိုလည်း ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*✻ ကျောဖုံးမှ*

အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းအား ကျောင်းရှေ့လမ်းပေါ်မှ ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သမားတစ်ဦးက လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လက်လုပ်ဗုံးမှာ ကျောင်းဝင်းအတွင်းရှိ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ သွပ်မိုး၊ အုတ်ခင်း၊ အုတ်ကာ ကျောင်းဆောင်ရှိ သတ္တမတန်း စာသင်ဆောင်ရှေ့သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါကျောင်းဆောင်၏ မျက်နှာကြက် ၁၀ ချပ်နှင့် ပြတင်းတံခါးမှန်အချပ် ၂၀ ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ မသင်္ကာဖွယ် အထုပ်တစ်ထုပ် တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆရာ ဆရာမများက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဝင်းအတွင်း အနောက်ဘက်ခြံစည်းရိုးအုတ်တံတိုင်းနှင့် ၁၅ ပေခန့်အကွာ၌ အနက်ရောင်ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသည့် အထုပ်တစ်ထုပ် တွေ့ရှိရသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အဆိုပါအိတ်အတွင်းမှ အလျား ၈ လက်မခန့်၊ အချင်း ၃ လက်မခန့်ရှိ PVC ပိုက်ဖြင့် ပြုလုပ်ထားပြီး စားပွဲတင်နာရီတစ်လုံးဖြင့် ချိတ်ဆက်ထားသည့် လက်လုပ်ချိန်ကိုက်မိုင်းတစ်လုံး တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်ဖောက်ခွဲဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ စာသင်ကျောင်းများအား လက်လုပ်မိုင်းအသုံးပြု၍ ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပေါက်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်ချိန်ကိုက်မိုင်း၏ မှတ်တမ်းဓာတ်ပုံ။

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# လူထုကိုယ်တိုင်စီမံခန့်ခွဲသော လူထုဗဟိုပြုစီမံကိန်း

ခန့်ဇော်(ကျေးလက်)

**လူထုဗဟိုပြုစီမံကိန်းသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ကွပ်ကဲ အကဲဖြတ်ခြင်းဖြင့် ရရှိလာသော ဖွံ့ဖြိုးမှုအသီးအပွင့်များကို တိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေမည့် ဖွံ့ဖြိုးရေးချဉ်းကပ်မှုနည်းလမ်း ဖြစ်ပါသည်။**




**"ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းတွင် အမျိုးသမီးများကတင်ပြသော စီမံကိန်းလုပ်ငန်းခွဲ အနည်းဆုံးတစ်ခု နှစ်စဉ် ပါရှိရမှာဖြစ်ပါသည်။ စီမံကိန်း တစ်နှစ်ပြီးဆုံးချိန်တွင် ကျေးရွာ/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းများကို ပြန်လည်သုံးသပ်ပြီး နောက်နှစ် စီမံကိန်းတွင် ပြင်ဆင်ရေးဆွဲနိုင်ပါသည်။ ကျေးရွာတိုင်းက ကိုယ့်ရွာအတွက် လိုချင်ကြသော်လည်း စီမံကိန်းက လုပ်ငန်းရွေးချယ်သည့်အခါ ပိုလိုအပ်သည်ကို ဦးစားပေးရန်နှင့် မျှမျှတတဆုံးဖြတ်ရန် လေ့ကျင့်ပေးပါသည်"**

### ရည်ရွယ်ချက်

လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်မှာ ဆင်းရဲနွမ်းပါးသော ကျေးလက်လူထုအနေဖြင့် အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများအား လူထုဗဟိုပြုစနစ်ကို ကျင့်သုံး၍ ရယူသုံးစွဲနိုင်စေရန်၊ ကျေးလက်ပြည်သူလူထု၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် အရေးပေါ်အခြေအနေ တစ်ရပ် ပေါ်ပေါက်လာပါက ထိရောက်လျင်မြန်စွာ တုံ့ပြန်နိုင်စေရန် ဖြစ်ပါသည်။

လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃ ခုနှစ်မှစ၍ မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ် ၆၃ မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ငွေကြေးထောက်ပံ့ပေးမှုအနေဖြင့် ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ နှင့် ချေးငွေအမေရိကန်ဒေါ်လာ သန်း ၄၀၀ ၊ အီတလီအစိုးရ၏ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ သန်းနှင့် ချေးငွေအမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈ သန်း၊ DFID ၏ ထောက်ပံ့ငွေ အမေရိကန် ဒေါ်လာ ၃ သန်း၊ ဂျပန်အစိုးရ၏ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၅ သန်း၊ မြန်မာနိုင်ငံအစိုးရ၏ ထောက်ပံ့ငွေ အမေရိကန် ဒေါ်လာ သန်း ၃၀ အပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၆၄ ဒသမ ၉ သန်းဖြင့် မြို့နယ် ၆၃ မြို့နယ်တွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

### ကျေးရွာအဆင့် စီမံကိန်းစက်ဝန်း

ကျေးရွာအဆင့်စီမံကိန်းစက်ဝန်းအရ ကြိုတင်ပြင်ဆင်ခြင်းအနေဖြင့် ပထမအကြိမ် ကျေးရွာအစည်းအဝေးပြုလုပ်ရန်အတွက် အနည်းဆုံး သုံးရက် ကြိုတင်အကြောင်းကြားရပါသည်။ ကျေးရွာလူထု အဆင်ပြေမည့် အချိန်၊ နေ့ရက်နှင့် ကျေးရွာလူထု များနိုင်သမျှ များများတက်ရောက်နိုင်ရေး စီစဉ်ရပါသည်။ အိမ်ထောင်စုအရေအတွက် စုစုပေါင်း၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်း တက်ရောက်မှ အထမြောက်ပါသည်။ အစည်းအဝေးတွင် စီမံကိန်းအကြောင်း၊ တာဝန်ရှိသူများနှင့် တာဝန်/ဝတ္တရားများ ရှင်းပြပြီး ကျေးရွာစေတနာ့ဝန်ထမ်း အမျိုးသား တစ်ဦး၊ အမျိုးသမီးတစ်ဦး ရွေးကောက်တင်မြှောက်ပါသည်။

ကျေးရွာ စေတနာ့ဝန်ထမ်းများအနေဖြင့် ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဝင်မဟုတ်ဘဲ လူထုစည်းရုံးရေးမှူးကို ကူညီပေးရန်၊ အကြံပြုချက်ဖြေရှင်းရေးအဖွဲ့ကို ကူညီရန်၊ လေ့လာရေးခရီးစဉ်များမှာ လိုက်ပါကူညီရန် ဖြစ်ပါသည်။

### စီမံကိန်းအထောက်အကူပြုကော်မတီများ ဖွဲ့စည်းခြင်း

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးတွင် ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဖွဲ့စည်းပါသည်။ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌနှစ်ဦး (အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး)နှင့် (၁) ဝယ်ယူရေး၊ (၂)စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်ရေး (၃)လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီများ ဖွဲ့စည်းပြီး ဆပ်ကော်မတီတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦး ပါဝင်စေရပါမည်။

ကျေးရွာကယုံကြည်သောသူ နှစ်ဦး (အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး)ကို ဝေဖန်အကြံပြုချက်ဖြေရှင်းရေးကိုယ်စားလှယ်များအဖြစ် ရွေးချယ်ပြီး ကျေးရွာက ယုံကြည်သောသူတစ်ဦးကို ကျေးရွာငွေစာရင်းကိုင်အဖြစ် ရွေးချယ်ခန့်အပ်ပါသည်။

ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီမှာ သက်ဆိုင်ရာကျေးရွာကော်မတီဥက္ကဋ္ဌများဖြင့် ဖွဲ့စည်းထားပြီး အနည်းဆုံး ကော်မတီဝင်ခြောက်ဦးရှိရန် လိုအပ်ပါသည်။ ၎င်းတို့အနက်မှ သုံးဦးကို ဘဏ္ဍာရေးဆပ်ကော်မတီအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အနည်းဆုံး အမျိုးသမီး တစ်ဦး ပါဝင်စေရပါမည်။ ကျေးရွာအုပ်စုဝေဖန်အကြံပြုချက်ဖြေရှင်းရေးကော်မတီအား ကျေးရွာအကြံပြုချက်ဖြေရှင်းရေးကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီနှင့် ဆက်စပ်မှုမရှိသော လွတ်လပ်သည့်ကော်မတီဖြစ်ပါသည်။

### လူထုကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း (VDP)

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲထားမှုမရှိသေး (သို့မဟုတ်) ပြည့်စုံမှုမရှိသေးပါက စည်းရုံးရေးမှူးသည် အဖွဲ့ငယ်များခွဲ၍ ရပ်မိရပ်ဖ၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ တိုင်းရင်းသားအဖွဲ့၊ ကော်မတီဝင်များအဖွဲ့ စသည့် လူထုပူးပေါင်းပါဝင်သော ဆန်းစစ်မှုများပြုလုပ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲပြီး ဦးစားပေးလုပ်ငန်းများ ရွေးချယ်ပါသည်။ စီမံကိန်းလုပ်ငန်းခွဲများ ဖော်ထုတ်ရာတွင် အကျိုးဝင်သော စီမံကိန်းလုပ်ငန်းများအပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဲ့သို့သော အခြားလုပ်ငန်းများကိုလည်း ဖော်ထုတ်ရမှာဖြစ်ပါသည်။

### ဆောင်ရွက်ခွင့်ရှိသော/အကျိုးဝင်သောလုပ်ငန်းများ

ကျေးလက်လမ်း/ တံတားများ၊ ပညာရေးနှင့် ကျန်းမာရေးအဆောက်အအုံများ၊ ကျေးလက်ရေပေးရေးနှင့် မီးလင်းရေးလုပ်ငန်းများ၊ အများပြည်သူနှင့်ဆိုင်သော နေရာများ၊ ကျေးရွာဈေးများ၊ ဆည်မြောင်းငယ်များ(၂၅ ဟက်တာအောက်)၊ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများနှင့် ဆိပ်ခံတံတားများ ပြန်လည်ပြုပြင်ခြင်းနှင့် အသေးစားတိုးချဲ့ခြင်းများမှာ အကျိုးဝင်သော စီမံကိန်းလုပ်ငန်းများဖြစ်ပါသည်။

### ဆောင်ရွက်ခွင့်မရှိသော/ အကျိုးမဝင်သောလုပ်ငန်းများ

ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက်တွင် မပါဝင်သောလုပ်ငန်းများ၊ ဆင်းရဲနွမ်းပါးသူများနှင့် အပယ်ခံအုပ်စုများကို ချန်လှပ်ထားသော လုပ်ငန်းများ၊ ကျား/မ တန်းတူလုပ်အားခ ပေးချေမှုမရှိသော လုပ်ငန်းများ၊ ရွာသားများနေရာပြောင်းရွှေ့ရန် လိုအပ်သောလုပ်ငန်းများ၊ ကမ္ဘာ့ဘဏ်နှင့် အစိုးရ၏ထောက်ပံ့ငွေဖြင့် လျော်ကြေးပေးရန် လိုအပ်သောလုပ်ငန်းများ၊ ကိုယ်ပိုင်ကုန်ပစ္စည်းများနှင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့ထားသော လုပ်ငန်းများ၊ အစိုးရရုံးများနှင့် ဘာသာရေးအဆောက်အအုံများ တည်ဆောက်ခြင်း၊ နည်းပညာပိုင်းနှင့် အရည်အသွေးပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်(သို့မဟုတ်)လူမှုဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သောလုပ်ငန်းများ၊ ကလေးလုပ်သားအသုံးပြုသည့် လုပ်ငန်းများ၊ အဓမ္မအလုပ်စေခိုင်းသော လုပ်ငန်းများ၊ ဆည်တာတမံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ကာကွယ်ထိန်းသိမ်းမှုပြုထားသော သစ်တောဧရိယာများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများ စသည့်လုပ်ငန်းများမှာ အကျိုးမဝင်သော စီမံကိန်းလုပ်ငန်းများ ဖြစ်ပါသည်။

### ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံကိန်းများ

ကျေးရွာများမှ ရေးဆွဲသော ဖွံ့ဖြိုးရေး စီမံကိန်းများကို ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီက စုစည်းဆန်းစစ်ပြီး ရရှိမည့်ရန်ပုံငွေ၊ ကျေးရွာလိုအပ်ချက်နှင့် နှိုင်းချိန်၍ ကျေးရွာအုပ်စုဦးစားပေးစီမံကိန်းကို ရေးဆွဲကာ မြို့နယ်စီမံကိန်းရုံးမှတစ်ဆင့် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီသို့ ပေးပို့အတည်ပြုချက် ရယူပါသည်။ အတည်ပြုသည့်လုပ်ငန်းခွဲများကို တတိယအကြိမ် ကျေးရွာအစည်းအဝေးများ ခေါ်ယူ၍ ကျေးရွာလူထုကို ချပြဆွေးနွေးပါသည်။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းတွင် အမျိုးသမီးများက တင်ပြသော စီမံကိန်းလုပ်ငန်းခွဲ အနည်းဆုံး တစ်ခု နှစ်စဉ် ပါရှိရမှာဖြစ်ပါသည်။ စီမံကိန်း တစ်နှစ်ပြီးဆုံးချိန်တွင် ကျေးရွာ/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းများကို ပြန်လည်သုံးသပ်ပြီး နောက်နှစ်စီမံကိန်းတွင် ပြင်ဆင်ရေးဆွဲနိုင်ပါသည်။ ကျေးရွာတိုင်းက ကိုယ့်ရွာအတွက် လိုချင်ကြသော်လည်း စီမံကိန်းက လုပ်ငန်းရွေးချယ်သည့်အခါ ပိုလိုအပ်သည်ကို ဦးစားပေးရန်နှင့် မျှမျှတတဆုံးဖြတ်ရန် လေ့ကျင့်ပေးပါသည်။

### ကျေးရွာအုပ်စု လူဦးရေအလိုက် ရန်ပုံငွေခွဲဝေမှု

တစ်ရွာမှ ငါးရွာရှိပြီး လူဦးရေ ၁၅၀၀ ရှိသည့် ကျေးရွာအုပ်စုဆိုလျှင် ငွေကျပ် ၂၄ သန်း၊ ခြောက်ရွာမှ ၁၀ ရွာရှိပြီး လူဦးရေ ၁၅၀၀ ရှိသည့် ကျေးရွာအုပ်စုဆိုလျှင် ငွေကျပ် ၃၅ သန်း၊ လူဦးရေ ၁၅၀၁ မှ ၃၀၀၀ ရှိသော ကျေးရွာ ငါးရွာအထိ ငွေကျပ် ၃၅ သန်း၊ ခြောက်ရွာမှ ၁၀ ရွာအထိ ငွေကျပ်သန်း ၄၀ ၊ ၁၁ ရွာနှင့်အထက်ကို ငွေကျပ် ၅၅ သန်း၊ လူဦးရေ ၃၀၀၁ မှ ၅၀၀၀ ရှိသော ကျေးရွာ ၁၀ ရွာအထိ ငွေကျပ် ၅၅ သန်း၊ ၁၁ ရွာနှင့်အထက် ငွေကျပ် ၇၅ သန်း၊ လူဦးရေ ၅၀၀၁ မှ ၉၀၀၀ ရှိသော ကျေးရွာ ၂၀ အထိ ငွေကျပ် သန်း ၈၀၊ ၂၁ ရွာနှင့်အထက်ကို ငွေကျပ် သန်း ၉၀ ၊ လူဦးရေ ၉၀၀၁ မှ ၁၃၀၀၀ ရှိသော ကျေးရွာ ၂၀ အထိ ငွေကျပ် သန်း ၁၃၀ ၊ ၂၁ ရွာနှင့်အထက်ကို ငွေကျပ် ၁၆၅ သန်း၊ လူဦးရေ ၁၃၀၀၀ အထက် ရွာ၂၀ အထိ ငွေကျပ် ၁၆၅ သန်း၊ ၂၁ ရွာနှင့် အထက်ကို ငွေကျပ်သန်း ၂၂၀ စသည်ဖြင့် သတ်မှတ် ခွဲဝေဆောင်ရွက်ခဲ့ပါသည်။

### ဘဏ်စာရင်းဖွင့်လှစ်ခြင်း

သက်ဆိုင်ရာမြို့နယ်မြန်မာ့စီးပွားရေးဘဏ်တွင် ကျေးရွာအုပ်စုကော်မတီမှ ငွေစာရင်းရှင် ဖွင့်လှစ်ရပြီး ပြည်ထောင်စုအဆင့်စီမံကိန်းရုံး၏ ဘဏ်စာရင်းများမှ ကျေးရွာအုပ်စုဘဏ်စာရင်းသို့ ရန်ပုံငွေ တိုက်ရိုက်လွှဲပြောင်းပါသည်။ ငွေထုတ်ယူရာတွင် ကျေးရွာအုပ်စုကော်မတီမှ နှစ်ဦး ပူးတွဲလက်မှတ်ရေးထိုးရပြီး ငွေထုတ်ယူရမည့် အကြိမ်ရေ/ပမာဏ ကန့်သတ်မှု မရှိပါ။ ကျွန်တော်တို့နိုင်ငံတွင် အစိုးရဌာနဆိုင်ရာများ၏ စီမံကိန်းများသည် ဌာနဆိုင်ရာဘဏ်စာရင်းသာ ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သည့် လူထုအခြေပြု စီမံကိန်းများဖြစ်သော လူထုဗဟိုပြုစီမံကိန်း (CDD)၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းများသည် ကျေးရွာအဆင့်ဘဏ်အကောင့်များ ထားရှိဆောင်ရွက်ခြင်း ဖြစ်ပါသည်။

### စီမံကိန်းအကောင်အထည်ဖော်ခြင်း

ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများကို ကျေးရွာသူကျေးရွာသားများကိုယ်တိုင် လူထုပူးပေါင်းပါဝင်သော နည်းလမ်းများဖြင့် အစီအစဉ်များရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများ လုပ်ဆောင်ပြီး မြို့နယ်နည်းပညာအဖွဲ့က စီမံကိန်းလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ကူညီပံ့ပိုးပေးပါသည်။

### ဝယ်ယူရေးလုပ်ငန်းစဉ်များ

ကျေးရွာဝယ်ယူရေး ဆပ်ကော်မတီသည် သက်ဆိုင်ရာအင်ဂျင်နီယာ၊ စည်းရုံးရေးမှူးတို့၏ အကြံပေးမှုဖြင့် ဆောင်ရွက်ရပါသည်။ ဝယ်ယူ ရေးကော်မတီသည် ပစ္စည်းများဝယ်ယူခြင်း၊ ကန်ထရိုက်တာ/ လုပ်သားငှားရမ်းခြင်းနှင့် လုပ်အားခပေးချေခြင်းတို့ကို ဆောင်ရွက်ရပြီး ပစ္စည်းအနေဖြင့် အနည်းဆုံး ဆိုင်သုံးဆိုင်မှ ဈေးနှုန်းအဆိုပြုလွှာရယူရပါသည်။ လုပ်သားအနေဖြင့် ကျေးရွာလူထုလုပ်အားဖြင့် ဆောင်ရွက်မည်လား(သို့) ကန်ထရိုက်ငှားရမ်း ဆောင်ရွက်မည်လားကို ကျေးရွာလူထုနှင့် ဆွေးနွေးတိုင်ပင်ပြီး ကန်ထရိုက်တာငှားရမ်းဆောင်ရွက်မည်ဆိုပါက အနည်းဆုံး အဖွဲ့သုံးဖွဲ့ အဆိုပြုလွှာရယူပြီး ရွေးချယ်ရန်နှင့်

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

အထောက်အထားစာရွက်စာတမ်းများကို ကြော်ငြာသင်ပုန်းမှာ ကပ်ပေးရပါမည်။

**ကျေးရွာလူထုကိုယ်တိုင်**
**စောင့်ကြည့်စစ်ဆေးခြင်း**

စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းများစောင့်ကြည့်ကြီးကြပ်ခြင်းကို ကျေးရွာလူထုကိုယ်တိုင်ကပင် ဆောင်ရွက်သည့်နည်းစနစ်ဖြစ်ပြီး ကျေးရွာစောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီသည် ပစ္စည်းရောက်ရှိအသုံးပြုမှု၊ လုပ်သားများ လုပ်ငန်းဆောင်ရွက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကာအကွယ်၊ ကျား/မ တန်းတူ ညီမျှစွာ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှင့် လုပ်အားခပေးချေမှုတို့ကို စောင့်ကြည့်ကြီးကြပ်ပါသည်။

**လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး**

ဆောင်ရွက်ပြီး စီမံကိန်းလုပ်ငန်းခွဲများ ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ ပိုင်ဆိုင်မှုဆိုင်ရာ အသိစိတ်ဓာတ်များဖြစ်ပေါ်လာစေရန်၊ ကျေးရွာလူထု တာဝန်ယူစိတ် တာဝန်ခံစိတ်များ ဖြစ်ပေါ်လာစေရန်၊ ကျေးရွာ လူထုပူးပေါင်းဆောင်ရွက်မှု အလေ့အထများရရှိစေရန်၊ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက အစိုးရဌာနများ၊ အခြားအဖွဲ့အစည်းများ၏ အကူအညီရယူပြီး ပြင်ဆင်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်စေရန် လည်ပတ်ပြုပြင်ထိန်းသိမ်းရေးစီမံချက်ကို ရေးဆွဲပါသည်။ လုပ်ငန်းခွဲတစ်ခုချင်းအလိုက် ပျက်စီးနိုင်သည့်လုပ်ငန်းများ၊ ပြင်/ထိန်း ဆောင်ရွက်မည့်သူ (ရွာလူထု/အစိုးရဌာန)၊ ရန်ပုံငွေရရှိ/သုံးစွဲမည့်အစီအစဉ်၊ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို လေးနှစ်စာ အသေးစိတ် စီမံချက် ရေးဆွဲဆောင်ရွက်ပါသည်။

**သဘာဝပတ်ဝန်းကျင်နှင့်**
**လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်**

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် သဘာဝ/ လူမှုပတ်ဝန်းကျင် ထိခိုက်မှု ရှိ/ မရှိ ကြိုတင်စစ်ဆေးနိုင်စေရန်၊ ဖြစ်ပေါ်လာနိုင်သော သဘာဝ/ လူမှုပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့ချနိုင်စေရန် အကာအကွယ်များ ထည့်သွင်းဆောင်ရွက်ထားရှိပါသည်။

**"သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များ"**အနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရန်ကျင့်ဝတ်များ/ စီမံခန့်ခွဲမှုအစီအစဉ်နှင့် ရုပ်ဝတ္ထုဆိုင်ရာ ယဉ်ကျေးမှုအရင်းအမြစ်များ စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပါသည်။

**"လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များ"**အနေဖြင့် မြေသိမ်းခြင်း မလုပ်ဘဲ ဆန္ဒအလျောက် မြေယာလှူဒါန်းခြင်း၊ တိုင်းရင်းသားလူမျိုးစုငယ်များ၊ ဆင်းရဲနွမ်းပါးသူများ၊ အမျိုးသမီးများ ထိခိုက်လွယ်အုပ်စုများ ဆုံးဖြတ်ချက်ချမှတ်ခွင့်ရရှိစေခြင်းနှင့် လွတ်လပ်သော အကြံပေးမှုများဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကပိုင်ဆိုင်မှု မဆုံးရှုံးစေခြင်း၊ ရွှေ့ပြောင်းပေးရမှု မရှိစေခြင်းနှင့် မလွှဲမရှောင်သာ ရွှေ့ပြောင်းစေရပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့ဖြစ်စေရန် စီမံဆောင်ရွက်ပါသည်။

**ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေး**

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ဖြစ်ပေါ်လာနိုင်သော အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းနိုင်ရန်အတွက် ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ်ကို ထည့်သွင်းဆောင်ရွက်ထားရှိပါသည်။ ကျေးလက်လူထုအတွင်းမှ မကျေနပ်ချက်/ ဝေဖန်အကြံပြုချက်များကို ကျေးရွာနှင့်အုပ်စုကော်မတီများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့သို့ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့် ဖြစ်စေ၊ email ဖြင့်ဖြစ်စေ၊ အခြားသင့်တော်ရာနည်းလမ်းဖြင့်ဖြစ်စေ အကြံပြု/ တိုင်ကြား/ ဆွေးနွေးနိုင်သော စနစ်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ယခုလက်ရှိအချိန်အထိ အကြံပြုချက်ပေါင်း ၃၀၀၅၅ ခု လက်ခံရရှိခဲ့ပြီး ၃၀၀၅၅ ခု ၁၀၀ ရာခိုင်နှုန်းဖြေရှင်းပြီး ဖြစ်ပါသည်။

**ကျား/ မတန်းတူညီမျှရေး**

ကျား/မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားလာစေရန်မှာ စီမံကိန်း၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်ပြီး အမျိုးသမီးစွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်းများ အများအပြား ပါဝင်ပါသည်။ ကော်မတီဝင် ၅၀ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ရမည်။ ဆပ်ကော်မတီတိုင်းတွင် အနည်းဆုံး အမျိုးသမီးတစ်ဦး ပါဝင်ရမည်။ တူညီသောအလုပ်အတွက် တူညီသော လုပ်အားခကို ပေးချေရမည်။ စီမံကိန်းလုပ်ငန်းစဉ်တိုင်း ကျား/မ တန်းတူ ညီမျှရေးကို ထည့်သွင်းစဉ်းစားရပါမည်။ လက်ရှိအချိန်အထိ စီမံကိန်းတွင် အမျိုးသမီးပူးပေါင်းပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ကော်မတီတွင် ၅၀ ရာခိုင်နှုန်း၊ သင်တန်းရရှိသူ အမျိုးသမီးဦးရေအနေဖြင့် ပြည်နယ်/ တိုင်းဒေသကြီးတွင် ၄၂ ရာခိုင်နှုန်း၊ မြို့နယ်တွင် ၄၈ ရာခိုင်နှုန်း၊ ကျေးရွာအဆင့်တွင် ၄၉ ရာခိုင်နှုန်း၊ အလုပ်အကိုင် အခွင့်အလမ်းရရှိသူ အမျိုးသမီးအနေဖြင့် ၄၂ ရာခိုင်နှုန်း ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

**သတင်းဆက်သွယ်ပြန်ကြားရေး**

စီမံကိန်းအကြောင်းအရာများအား ကျေးရွာလူထုပိုမိုသိရှိနိုင်ရန်၊ အားလုံးတက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် စီမံကိန်းအချက်အလက်များကို အများပြည်သူသိရှိနိုင်စေရန် သတင်းအချက်အလက်ပြန်ကြားရေးစနစ်ကို ထည့်သွင်းဆောင်ရွက်ထားရှိပါသည်။ စီမံကိန်းအကြောင်းအရာများအား အင်တာနက်စာမျက်နှာ၊ လူမှုကွန်ရက်၊ မီဒီယာတို့တွင် ထုတ်ပြန်ခြင်း၊ သက်ဆိုင်သူများ မှတစ်ဆင့် စီမံကိန်းအကြောင်း ထပ်ဆင့်မျှဝေခြင်း၊ စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ကြော်ငြာသင်ပုန်းများ/ ကျေးရွာအစည်းအဝေးများတွင် ချပြရှင်းလင်းခြင်း၊ စီမံကိန်းအချက်အလက်ပြပွဲများကျင်းပခြင်း၊ စီမံကိန်းများအချင်းချင်း၊ ဌာနများအချင်းချင်းကြား ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် Information Technology အသုံးပြု၍ ဆက်သွယ်ရေးလုပ်ငန်းများကို တိုးမြှင့်ခြင်းတို့ဖြင့် ဆောင်ရွက်ပါသည်။

**တိုင်းရင်းသားဘာသာစကား ၁၇ မျိုးဖြင့်**
**ဘာသာပြန်ဆောင်ရွက်ထား**


လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သော မြို့နယ် ၆၃ မြို့နယ် အနက် ၁၈ မြို့နယ်သည် တိုင်းရင်းသားလူမျိုးစု အများစုနေထိုင်လျက်ရှိသောကြောင့် စီမံကိန်းမှ ဖြန့်ဝေသော ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ ဝေဖန်အကြံပြုစာအိတ်နှင့် စီမံကိန်းလက်စွဲအကျဉ်းတို့ကို တိုင်းရင်းသားဘာသာ ၁၇ မျိုးဖြင့် ဘာသာပြန်ဆိုဖြန့်ဝေဆောင်ရွက်ထားပါသည်။

**သဘာဝဘေးအန္တရာယ်နှင့်**
**အရေးပေါ်ကိစ္စရပ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအား ကြိုတင်စဉ်းစားထည့်သွင်းရေးဆွဲထားပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာသင်တန်းများ၊ အသိပညာပေးခြင်းများ ဆောင်ရွက်ပါသည်။ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရချိန်တွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စီမံကိန်းမြို့နယ်များတွင် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးခြင်းများရှိခဲ့ပါက ထိုပျက်စီးမှုအတွက် ရန်ပုံငွေထောက်ပံ့ပေးပါသည်။ လက်ရှိအချိန်အထိ စီမံကိန်း မြို့နယ် ၃၀ တွင် သဘာဝဘေးကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် လုပ်ငန်းခွဲ ၂၉၄ ခုအတွက် ရန်ပုံငွေကျပ် ၁၁၁၂ ဒသမ ၁၃ သန်း ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

**စီမံကိန်းအကောင်အထည်ဖော်**
**ဆောင်ရွက်ပြီးစီးမှု**

စီမံကိန်းဆိုင်ရာ အချက်အလက်များအရ (၃၀-၁၁-၂၀၂၁)ရက်နေ့အထိ စီမံကိန်းမြို့နယ်ပေါင်း ၆၃ မြို့နယ်၊ အကျိုးပြုလူဦးရေ ၇ ဒသမ ၅၄၁ သန်း၊




စီမံကိန်းလုပ်ငန်းခွဲပေါင်း ၃၇၈၂၅ ခု၊ အမျိုးသမီးပါဝင်မှု ၅၁ ဒသမ ၅၆ ရာခိုင်နှုန်း၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကျေးရွာလူထု ပူးပေါင်းပါဝင်မှု ၆၁ ဒသမ ၈၄ ရာခိုင်နှုန်း၊ စီမံကိန်းအပေါ် ကျေးရွာလူထု၏ကျေနပ်မှု ၉၄ ဒသမ ၀၁ ရာခိုင်နှုန်း၊ ဝေဖန်အကြံပြုဖြေရှင်းမှု ၁၀၀ ရာခိုင်နှုန်း၊ လူထုလုပ်အားခပေးချေနိုင်မှု ၅၃ ဒသမ ၈၉ ဘီလီယံနှင့် လုပ်သားအလုပ်လုပ်ရက် ၈ ဒသမ ၆၆ သန်းအတွက် အကျိုးဖြစ်ထွန်းစေခဲ့ပါသည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလအထိ လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမှာ လုပ်ငန်းခွဲစုစုပေါင်း ၃၇၈၂၅ ခုတွင် လမ်းတံတား ၂၀၆၅၂ ခု၊ ရေပေးရေး ၄၃၁၀ ခု၊ မီးလင်းရေး ၃၃၄၆ ခု၊ ပညာရေးအဆောက်အအုံ ၅၂၀၆၊ ကျန်းမာရေးအဆောက်အအုံ ၁၄၈ ခု၊ ကျေးရွာအဆောက်အအုံ ၂၆၃၂ ခု၊ စာကြည့်တိုက်နှင့်ဈေး ၁၈၈ ခုနှင့် ကျန်းမာသန့်ရှင်းရေးနှင့် အခြားလုပ်ငန်းပေါင်း ၁၃၄၃ ခု တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလအထိ လူထုဗဟိုပြုစီမံကိန်း စွမ်းဆောင်ရည် သင်တန်းများကို ပြည်ထောင်စုအဆင့်တွင် ၁၇၄ ကြိမ်၊ မြို့နယ်အဆင့်တွင် ၁၈၅၇ ကြိမ်နှင့် ကျေးရွာအဆင့်တွင် ၃၃၉၃၅ ကြိမ်၊ သင်တန်းအကြိမ်ရေပေါင်း ၃၅၉၆၆ ကြိမ်တို့ကို စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ရန်ပုံငွေသုံးစွဲမှု**

လူထုဗဟိုပြုစီမံကိန်းစတင်ချိန်မှ ၃၁-၁၀-၂၀၂၁ ရက်အထိ ချေးငွေ/ ထောက်ပံ့ငွေအလိုက် ရန်ပုံငွေသုံးစွဲမှုမှာ ကမ္ဘာ့ဘဏ် ထောက်ပံ့ငွေမှ အမေရိကန်ဒေါ်လာ ၂၆၆ ဒသမ ၉ သန်း၊ ကမ္ဘာ့ဘဏ်ချေးငွေမှ အမေရိကန်ဒေါ်လာ ၇၄ သန်း၊ အီတလီအစိုးရထောက်ပံ့ငွေမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ သန်း၊ အီတလီအစိုးရချေးငွေမှ ယူရို ၁၅ ဒသမ ၁ သန်း၊ DFID ထောက်ပံ့ငွေမှ အမေရိကန်ဒေါ်လာ သုံးသန်း၊ မြန်မာနိုင်ငံအစိုးရ၏ ထောက်ပံ့ငွေကျပ် ၂၈၁၇၃ ဒသမ ၉ သန်းရှိပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၄၇ သန်း၊ ယူရို ၁၅ ဒသမ ၁ သန်းနှင့် မြန်မာနိုင်ငံအစိုးရ ထောက်ပံ့ငွေကျပ် ၂၈၁၇၃ ဒသမ ၉ သန်းတို့ဖြင့် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းမှ ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၃၇၈၂၅ ခု အပေါ်တွင် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေ (Community Contribution)မှာ ငွေကျပ် ၂၁၁၀၅ သန်း ရှိပါသည်။

**စီမံကိန်း အကျိုးရလဒ်များ**

ကျေးရွာလူထုအနေဖြင့် လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာခြင်း၊ စီမံကိန်း အကောင်အထည်ဖော်ရာတွင် တန်းတူ စုပေါင်းပါဝင်ခွင့်ရရှိခြင်း၊ လူတန်းစားမရွေး၊ ဘာသာမရွေး၊ ကျား/မ မရွေး ပါဝင်ဆောင်ရွက်ခွင့်ရရှိခြင်း၊ ကိုယ်တိုင်ဆုံးဖြတ်နိုင်စွမ်းရှိလာခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်လာခြင်း၊ တာဝန်ယူသည့် အလေ့အထများ တိုးပွားလာခြင်း၊ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်တတ်လာခြင်း၊ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်တတ်လာခြင်း၊ အတွေ့အကြုံနှင့် နည်းပညာများ ပိုမိုသိရှိလာခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ပါသည်။

**နည်းပညာစစ်ဆေးခြင်းနှင့် စာရင်းစစ်ဆေးခြင်း**

နှစ်စဉ် စာရင်းစစ်ဆေးခြင်းကို ဌာနတွင်း စစ်ဆေးခြင်းနှင့် စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးခြင်းတို့ ဆောင်ရွက်ပြီး တွေ့ရှိချက်များကို ကမ္ဘာ့ဘဏ်သို့ ပေးပို့ရပါသည်။ လူထုဗဟိုပြုစီမံကိန်း (CDD) Website တွင်လည်း ပွင့်လင်းမြင်သာမှုရှိစွာ တင်ပြရပါသည်။ နည်းပညာစစ်ဆေးခြင်းကို Internal QC အပြင် တတိယအဖွဲ့အစည်းမှ ပြင်ပပညာရှင်များငှားရမ်းပြီး ဌာနမှ စီမံကိန်းတွင်မပါဝင်သော အင်ဂျင်နီယာများဖြင့် စုဖွဲ့စစ်ဆေးအစီရင်ခံရပါသည်။ လိုအပ်ချက်များကို နှစ်စဉ်ပြုပြင် ဆောင်ရွက်ပါသည်။

**နှစ်စဉ်သုံးသပ်ခြင်း**

ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းတစ်ခုလုံး၏ ဆောင်ရွက်ချက်များကို နှစ်စဉ်မြို့နယ်အဆင့်မှ ပြည်ထောင်စုအဆင့်အထိ သုံးသပ်ပွဲများ၊ Forum များ ကျင်းပပြုလုပ်ပြီး အားနည်းချက်/ အားသာချက်များ ဖော်ထုတ်ပါသည်။ ပြုပြင်ရန်ရှိသည်များကို ပြင်ဆင်ရေးဆွဲပြီး ဆောင်ရွက်ပါသည်။ ဆုပေးစနစ်များလည်းလုပ်ပါသည်။ ဆုရကျေးရွာများကို ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ ကိုယ်တိုင်ဆုပေးဆောင်ရွက်ခဲ့ပါသည်။ နှစ်စဉ်သုံးသပ်ခြင်းသည် ကောင်းမွန်သော လုပ်ငန်းစဉ်ဖြစ်ပါသည်။

**လူထုအခြေပြုဖွံ့ဖြိုးရေး၏အနှစ်သာရ(သို့)**
**ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်**

ဒေသ၏လိုအပ်ချက်များကို ဒေသခံပြည်သူများ ကိုယ်တိုင်ဖော်ထုတ်၊ စီမံချက်ရေးဆွဲ၊ ကိုယ်တိုင်အကောင်အထည်ဖော်၊ ကိုယ်တိုင်ကြီးကြပ်/ စိစစ်အကဲဖြတ်ခြင်း၊ ကိုယ်တိုင်တာဝန်ယူ တာဝန်ခံခြင်း၊ ကိုယ်တိုင်စီမံခန့်ခွဲပိုင်ခွင့်ပြုခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ခြင်းမှာ စီမံကိန်း၏ အနှစ်သာရ ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောင်ရွက်သော လူထုအခြေပြု ကျေးလက်ဖွံ့ဖြိုးရေး ချဉ်းကပ်မှုနည်းလမ်းသည် လူထု၏ အသိပညာ(Capacity)နှင့် စွမ်းရည် (Capability)တို့ကို မြှင့်တင်ပေး၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများကိုယ်တိုင် ဆောင်ရွက်နိုင်အောင် လေ့ကျင့်သင်ကြားပေးခြင်း၊ ပြည်သူများအား ပါဝင်ခွင့်နှင့် ဆုံးဖြတ်ခွင့် အခွင့်အလမ်းပေးထားခြင်းဖြစ်ပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာလည်း တာဝန်ယူမှု/ တာဝန်ခံမှုအပြည့်ဖြင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်ခြင်း၊ လူထု၏ ဆန်းစစ်ခံနိုင်ခြင်း၊ လူမှုနှင့်သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်ခြင်း၊ ကျား/မ တန်းတူညီမျှမှုရှိစေရေး လေ့ကျင့်ပေးခြင်း၊ လူနည်းစုများကို မချန်ထားဘဲ အကျိုးရှိစေခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုသော် လူထုအခြေပြုစီမံကိန်းများသည် ဖွံ့ဖြိုးရေးမှသည် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်များကို တည်ဆောက်ပေးနေခြင်း ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာလည်း အရင်အပတ်ကဖော်ပြခဲ့တဲ့ ဝါကျမှာ မလိုအပ်ဘဲစကားလုံးတွေ ထပ်ကာမသုံးမိစေဖို့ နာမ်စား (pronoun) ကဏ္ဍအကြောင်း ဆက်ပြီးဖော်ပြပေးလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ် (pronoun) ကဏ္ဍမှာ အရင်အပတ်ကဖော်ပြခဲ့တဲ့ Relative Pronoun (ရှေ့ရှိနာမ်ကို ဆက်သွယ်ညွှန်းဆိုသည့် ဆက်သွယ်နာမ်စား သို့အညွှန်းနာမ်စား) အသုံးပြုပုံတွေကို အဓိပ္ပာယ်ရှင်းလင်းချက်များ၊ နမူနာဝါကျများနဲ့ ဖော်ပြပေးလိုက်ရုံတင်မက ပိုပြီးနားလည်သဘောပေါက်စေရန် လေ့ကျင့်ခန်းများနဲ့လည်း ထပ်မံအားဖြည့်ပေးလိုက်ပါတယ်။ ဒါ့အပြင်စကားပြောခန်းမှာလည်း "Shortest way to talk about illness and medicine – 2" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံအသုံးတွေကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

၄။ What ကို သက်မဲ့ပစ္စည်းများအတွက် သုံးသည်။ what သည် တစ်ခုကိန်းနာမ်ကိုသာ အမြဲရည်ညွှန်းသည်။ what ကို သုံးသည့်အခါ ၎င်းကိုယ်စားပြုသည့် နာမ်ကို ဝါကျထဲတွင် ဖော်ပြလေ့မရှိပေ။ what သည် that နှင့် which တို့နှင့် အဓိပ္ပာယ်ဆင်တူသည်။ ဥပမာ–

- Give the child what it wants.
- I do not know what you mean.
- What is done cannot be undone.

**Compound Relative Pronouns (ပေါင်းစပ်ဆက်သွယ်နာမ်စားများ)**

Compound Relative Pronouns (ပေါင်းစပ်ဆက်သွယ်နာမ်စားများ) သည် လူအရေအတွက် သို့မဟုတ် အရာဝတ္ထု အရေအတွက်အားလုံးနှင့် ပတ်သက်ပြီး ခြုံငုံဖော်ပြသည့် စကားလုံးများကို ခေါ်သည်။ Compound Relative Pronouns (ပေါင်းစပ်ဆက်သွယ်နာမ်စားများ) တွင် whoever၊ whomever၊ whichever နှင့် whatever စသည့်စကားလုံးများပါဝင်သည်။

Whoever/Whomever = ဘယ်သူမဆို

Whichever = ဘယ်ဟာမဆို

Whatever = ဘာမဆို

ဥပမာ–

- Please tell whoever may call that I am not available.
- Whomever you hire will be fine with me.
- Whichever train you take from here, you will end at Charing Cross station.
- Carly will be successful at whatever she chooses to do in life.
- Whoever comes is welcome.
- Take whichever you like.
- Whatever you do you should do well.




Exercise (1) Fill in the blanks with 'who', 'whom', 'whose' or 'which'.

e.g. Mrs Jones, ……….. husband is a scientist, lives here.

Mrs Jones, whose husband is a scientist, lives here.

1. Stephen, ……….. you met at the dance, has just telephoned.
2. Do you know the girl ……….. father has gone to Hong Kong?
3. Orchids, ……….. have air roots, are tropical flowers.
4. Zhicheng, ……….was my neighbour a year ago, has written to me.
5. She is the lady ……….. I am living with now.
6. Mr Zhang, ……….is my teacher, knows your father.
7. Lewis, ……….. father is a doctor, has bought a boat.
8. My maid, ……….. you spoke to just now, is leaving me soon.
9. That is the boy ……….. brother is the headmaster of your school.
10. Sir Edmund Hillary, ……….. is a famous mountaineer, climbed Mt Everest in 1953.

Exercise (2) Join each pair of the following sentences by using a suitable relative pronoun.

1. I met the postman. He gave me a letter.
2. He returned the book. It was lent to him.
3. The pen was lost. You gave me the pen.
4. I sent for a book. I did not receive it.
5. The answer is right. She gave the answer.
6. You told me something. I did not believe it.
7. I found the ruler. I lost it yesterday.
8. Show me the road. The road leads to the bazaar.
9. That man is deaf. You spoke to him.
10. Those pencils are mine. They are lying on the floor.

## VOCABULARY (IDIOM)

1. to pull strings ((တစ်စုံတစ်ဦးအတွက်) အလုပ်ရရန် ဆိုင်ရာပိုင်ရာကို အကူအညီတောင်းသည်)
   Her father pulled a few strings to get her into university.
2. out of the question (စဉ်းစားစရာမလို၊ မဖြစ်နိုင်)
   A new motor bike is out of the question—we can't afford it.
3. to smell a rat (တစ်ခုခုတော့ တစ်ခုခုပဲဟု မသင်္ကာ (သို့) သံသယဖြစ်သည်။)
   I smelt a rat when he started being so helpful!
4. caught red–handed (လက်ပူးလက်ကြပ်မိသည်။)
   Tom was stealing the car when the police drove by and caught him red–handed.
5. to go to the root of the matter (ကိစ္စရပ်တစ်ခု၏ ဇာစ်မြစ်ထိ သွားသည်။)
   We still don't understand what happened; we must go to the root of the matter.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about illness and medicine – I

**ဒီတစ်ပတ်မှာတော့ ကျန်းမာရေးအခြေအနေ၊ ဆေးခန်းသွားခြင်းနဲ့ ရောဂါလက္ခဏာတွေနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about illness and medicine – 2 ဆိုပြီး ဖော်ပြလိုက်ပါတယ်။**



*I'm going to …*

*You should …*

*Take one …*

*Don't take …*

*There's …*

*Make sure you …*

၁။ မကြာမီမှာ တစ်ခုခုလုပ်တော့မယ်၊ ဖြစ်တော့မယ်ဆိုရင် I'm going to … နဲ့ သုံးပါတယ်။ ဒီနေရာမှာဆရာဝန်ကဘာဆေးသောက်ရမလဲဆိုပြီး ညွှန်ပေးတော့မယ်လို့ပြောတဲ့အခါ ဒီလိုအသုံးမျိုးနဲ့သုံးသွားပါတယ်။ ဥပမာ–

- I'm going to prescribe you some painkillers.

၂။ အကြံပေးတဲ့သဘောပြောချင်တဲ့အခါမှာတော့ you should … နဲ့ပြောလေ့ရှိပါတယ်။ သူ့နောက်မှာတော့ V – Infinitive လိုက်ပေးရပါတယ်။ ဥပမာ–

- You should stop eating fast food.
- You should go for walk more often.

၃။ ညွှန်ကြားတဲ့သဘော၊ လုပ်ခိုင်းတဲ့သဘောမျိုးနဲ့ ဆိုရင်တော့ အထူးသဖြင့် ဒီနေရာမှာ ဒါကို သောက်လိုက်ဆိုတဲ့သဘောမျိုး ဆရာဝန်က ပြောချင်တဲ့အခါမှာ take one … ကိုသုံးပါတယ်။ ဥပမာ–

- Take one as soon as you feel your headaches starting.
- Take a second one.

**ဘာသာစကားရှုထောင့်**

မသောက်နဲ့ဆိုတဲ့သဘောမျိုးသုံးချင်ရင်တော့ don't take … ဆိုပြီးသုံးနိုင်ပါတယ်။ ဥပမာ–

- Don't take more than two pills in four hours.
- Don't drink alcohol.
- Don't take any other anti–inflammatories while your'e taking these.

၄။ အဲဒီမှာ တစ်ခုခုရှိတယ်ဆိုပြီး နေရာကိုဖော်ပြချင်ရင် ပြောချင်ရင်တော့ There's … ကို သုံးနိုင်ပါတယ်။ ဒီနေရာမှာတော့ အဲဒီမှာ ဆေးဆိုင်ရှိတယ်ဆိုပြီး ပြောတဲ့ပုံစံမျိုးကိုဖော်ပြထားပါတယ်။ ဥပမာ–

- There's a pharmacy in the supermarket around the corner.

မှတ်ချက် ဆေးဆိုင်ကို pharmacy လို့ခေါ်သလို chemist's လို့လည်းခေါ်ပါတယ်။

၅။ လုပ်ဖို့ကျိန်းသေပါစေ၊ လုပ်ကိုလုပ်ရမယ်ဆိုတဲ့ သဘောမျိုး အကြံပြုပြောကြားတဲ့အခါမှာတော့ make sure … ဆိုတဲ့ အသုံးမျိုး သုံးနိုင်ပါတယ်။ ဥပမာ–

- You should also make sure you get enough sleep, stay hydrated, and avoid stress if possible.

Conversation

**At a clinic**

Doctor: Are you taking any medication currently?

Patient: No, nothing.

Doctor: Any allergies?

Patient: No.

Doctor: I'm going to prescribe you some painkillers. Take one as soon as you feel your headaches starting. If you're still in pain after an hour, take a second one. Don't take more than two pills in four hours, or more than six pills in a 24–hour period.

Patient: OK.

Patient: Also, don't drink alcohol or take any other anti–inflammatories while you're taking these.

Patient: Can't you do some more tests? What if it's something more serious?

Doctor: If your're still having the same problem in two weeks, then we'll need to investigate further. These things often clear up by themselves. You should also make sure you get enough sleep, stay hydrated, and avoid stress if possible.

Patient: Do I have to pay for the prescription?

Doctor: You pay a seven–pound prescription fee. I'm giving you enough pills to last four weeks, so you should have enough.

Patient: Can I take it to any chemist's?

Doctor: Yes, of course. There's a pharmacy in the supermarket around the corner. You can get your medicine there.

Patient: I'll do that. Thank you.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# အိန္ဒိယနိုင်ငံ၌ အိုမီခရွန်ကူးစက်မှုများပြားလာသဖြင့် ကာကွယ်ဆေးထိုးပေးမှုများ တိုးမြှင့်လုပ်ဆောင်

**နယူးဒေလီ ဒီဇင်ဘာ ၂၆**

အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာ မိုဒီသည် အသက် ၁၅ နှစ်မှ ၁၈ နှစ်ကြားပြည်သူများကို ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးပေးမည့်အစီအစဉ်ကို ကြေညာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ မျိုးကွဲ အိုမီခရွန်ကူးစက်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ယခုလို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၃ ရက်မှ စတင်ကာ အသက် ၁၅ နှစ်နှင့်အထက်များကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဟု အိန္ဒိယဝန်ကြီးချုပ်က ဒီဇင်ဘာ ၂၅ ရက် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ထမ်းများအတွက် အပိုဆောင်း ကာကွယ်ဆေးထိုးပေးမည့်အစီအစဉ်ကို ဇန်နဝါရီ ၁၀ ရက်မှစတင်ကာ ထိုးနှံပေးမည်ဟု သိရသည်။ အသက် ၆၀ နှင့်အထက် ကျန်းမာရေးအားနည်းသူများကိုလည်း ဆရာဝန်၏ အကြံပြုချက်ဖြင့် တတိယအကြိမ် ကာကွယ်ဆေးထိုးပေးသွားမည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

တိုင်းပြည်အတွင်း အိုမီခရွန်ခြိမ်းခြောက်မှုကို ပြောကြားခဲ့ပြီး ပြည်သူများ အကြောက်မလွန်ကြရန်လည်း တိုက်တွန်းခဲ့သည်။ အိန္ဒိယနိုင်ငံတွင် အသက် ၁၈ နှစ်နှင့်အထက် ၉၀ ရာခိုင်နှုန်းမှာ အနည်းဆုံး တစ်ကြိမ်ကာကွယ်ဆေးထိုးပြီးဖြစ်ကာ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူအရေအတွက်မှာ ၆၁ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

အိန္ဒိယနိုင်ငံတွင် အိုမီခရွန်ကူးစက်ခံရသူ ၄၁၅ ဦးရှိပြီဟု သိရသည်။ အချို့သောနေရာများတွင် ညဘက် သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်ကို ထုတ်ထားဆဲဖြစ်သည်။ **အင်န်အီတီချ်ကေ**



အိန္ဒိယနိုင်ငံ၌ ကိုဗစ် - ၁၉ စစ်ဆေးပေးမှုများ လုပ်ဆောင်နေစဉ်။

# အစ္စရေးနိုင်ငံ၌ အိုမီခရွန် ကူးစက်ခံရသူ ၁၁၁၈ ဦးအထိ ရှိလာ

**ဂျေရုဆလင် ဒီဇင်ဘာ ၂၆**

အစ္စရေးနိုင်ငံတွင် ဒီဇင်ဘာ ၂၅ ရက်က ကိုဗစ်-၁၉ မျိုးကွဲ အိုမီခရွန်ကူးစက်ခံရသူ ၅၉၁ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ထို့ကြောင့် နိုင်ငံအတွင်း အိုမီခရွန် ကူးစက်ခံရသူ စုစုပေါင်းမှာ ၁၁၁၈ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကူးစက်ခံရသူများ အနက် ၇၂၃ ဦးမှာ နိုင်ငံရပ်ခြားမှ ပြန်လာသည့် ခရီးသည်များဖြစ်ပြီး နောက်ထပ် ၈၆၁ ဦးမှာလည်း အိုမီခရွန် ကူးစက်ခံထားရသည်ဟု သံသယရှိသော်လည်း ရလဒ်အတိအကျ မသိရသေးချေ။ ထိုစဉ် အစ္စရေးနိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်ခံရသူ ဦးရေမှာ ၁၃၆၃၅၇၇ ဦးအထိ များပြားလာခဲ့သည်။ ကိုဗစ် -၁၉ကြောင့် သေဆုံးသူ ဦးရေမှာလည်း ၈၂၄၁ ဦး ရှိသည်။ စိုးရိမ်ရသည့်ကျန်းမာရေးအခြေအနေရှိသူမှာလည်း ၈၈ ဦး မှ ၉၀ အထိ ရှိလာခဲ့သည်။

**ဆင်ဟွာ**



အစ္စရေးနိုင်ငံ အထူးကြပ်မတ်ကုသဆောင်မှ ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

## အာဖရိက ရှစ်နိုင်ငံအပေါ် အမေရိကန်က ခရီးသွားလာမှုပိတ်ပင်ထားမှုကို ဖယ်ရှားပေးတော့မည်

**ဝါရှင်တန် ဒီဇင်ဘာ ၂၆**

အိုမီခရွန်ကူးစက်မှုကို ကြောက်ရွံ့သည့်အတွက် အာဖရိကတောင်ပိုင်း ရှစ်နိုင်ငံအပေါ် အမေရိကန်က ခရီးသွားလာခွင့်ပိတ်ပင်မှုများပြုလုပ်ခဲ့ရာ ယင်းပိတ်ပင်မှုကို မကြာမီဖယ်ရှားပေးတော့မည်ဟု သိရသည်။

အိုမီခရွန်ကူးစက်မှုများကြောင့် အမေရိကန်သည် တောင်အာဖရိက၊ ဘော့ဆွာနာ၊ ဇင်ဘာဘွေနှင့် အခြားသော အာဖရိက ငါးနိုင်ငံကို နိုဝင်ဘာလအတွင်းမှစတင်ကာ ခရီးသွားလာမှု ပိတ်ပင်ခြင်းများပြုလုပ်ခဲ့သည်။

ဒီဇင်ဘာ ၃၁ ရက်တွင် အဆိုပါခရီးသွားလာမှုပိတ်ပင်ထားခြင်းကို ဖယ်ရှားပေးတော့မည်ဟု အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ကီဗင်မူနော့ဇ်က ဒီဇင်ဘာ ၂၄ ရက်တွင် ပြောသည်။ ခရီးသွားလာမှုကန့်သတ်ထားသည့်ကာလအတွင်း အိုမီခရွန်ကူးစက်မှုကို နားလည်သဘောပေါက်ရန် အချိန်ယူခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အမေရိကန်တွင် ကိုဗစ် - ၁၉ ကူးစက်မှုများ ဆက်လက်ဖြစ်ပေါ်နေရာ တစ်ပတ်တာအတွင်းပျမ်းမျှ နေ့စဉ်ကူးစက်မှုမှာ ၁၇၀၀၀၀ အထိ ရှိနေသည်ဟု သိရသည်။ ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးစစ်ပေးမှုများ ပြုလုပ်ခြင်းဖြင့် ဆိုးရွားသည့် အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ဖယ်ရှားနိုင်ရေး ကြိုးပမ်းနေသည်ဟု အမေရိကန်သမ္မတဂျိုးဘိုင်ဒင်အစိုးရအဖွဲ့က ပြောသည်။

**ဆင်ဟွာ**

# အိုမီခရွန်ကူးစက်မှုအန္တရာယ်ကြောင့် အီရန်နှင့်ထိစပ်နေသည့် နယ်စပ်များကိုပိတ်ထား

**တီဟီရန် ဒီဇင်ဘာ ၂၆**

အီရန်နိုင်ငံသည် အိုမီခရွန်ကူးစက်မှုအန္တရာယ်ကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် နယ်စပ်များကို ပိတ်ထားရန်အတွက် ဒီဇင်ဘာ ၂၅ ရက်က ကြေညာခဲ့သည်ဟု သိရသည်။

အီရန်နိုင်ငံ အကောက်ခွန်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရူဟိုလာ လက်တစ်ဖီက အီရန်၏ အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့် တူရကီ၊ အီရတ်၊အာဖဂန်နစ္စတန်၊ အဇာဘိုင်ဂျန်၊ ပါကစ္စတန်နှင့် အာမေနီးယား နယ်စပ်များကို လဝက်ကြာ ပိတ်ထားမည်ဟု ပြောသည်။ အီရန်နိုင်ငံတွင် ကိုဗစ်- ၁၉ နောက်ထပ်ကူးစက်ခံရသူ အရေအတွက်မှာ ၁၁၂၁ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနကလည်း ဒီဇင်ဘာ ၂၅ ရက်တွင် ဖော်ပြသည်။

ထို့ကြောင့် တိုင်းပြည်အတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာလည်း ၆၁၈၂၉၀၅ ဦးရှိလာသည်။ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ဦးရေမှာလည်း ၆၀၂၄၂၁၁ ဦးရှိသည်။ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၂၇၈၁ ဦးရှိသည်ဟု သိရသည်။

အီရန်နိုင်ငံတွင် အိုမီခရွန်ကူးစက်မှုကို ဒီဇင်ဘာ ၁၉ ရက်တွင် စတင်တွေ့ရှိခဲ့ပြီး ယူအေအီးနိုင်ငံမှ ပြန်လာသည့် ခရီးသွားတစ်ဦးတွင် ကူးစက်မှုတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

**ဆင်ဟွာ**



အီရန်နိုင်ငံ တီဟီရန်မြို့တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

## ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၅၈ ဦးထပ်မံတွေ့ရှိ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၆**

ပါကစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၅၈ ဦး တိုးလာခဲ့သည်ဟု အမျိုးသားထိန်းချုပ်ရေးနှင့် ကွပ်ကဲရေးစင်တာက ဒီဇင်ဘာ ၂၆ ရက်တွင် ပြောသည်။ တိုင်းပြည်အတွင်း စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၁၂၉၃၄၄၀ ရှိလာပြီဖြစ်သည်။

ကိုဗစ် -၁၉ကြောင့် သေဆုံးသူအရေအတွက်မှာလည်း ၂၈၉၀၇ ဦးရှိလာသည်။ ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်တွင် ကိုဗစ် -၁၉ ကူးစက်မှု အဆိုးရွားဆုံးဖြစ်သည်။ ယင်းနောက်တွင် ပန်ဂျပ်ပြည်နယ်၌ ကူးစက်ခံရမှုမှာ ဒုတိယအများဆုံးဖြစ်သည်ဟု သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ကို ဟန့်တားကာကွယ်ရင်း စီးပွားရေးပြန်လည်ဦးမော့အောင် ကြိုးစားနေတဲ့ ဗီယက်နမ်

**ထွန်းကျော်**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေချိန်မှာ မမျှော်မှန်းနိုင်တဲ့စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရင်း ဗီယက်နမ်နိုင်ငံဟာ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး ဆောင်ရွက်ချက် အတော်များများကို လုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ ပထမတော့ အားသွန်ခွန်စိုက် တင်းတင်းကျပ်ကျပ်လုပ်ဆောင်ရာမှသည် တဖြည်းဖြည်း ဖြေလျှော့မှုလေးတွေအထိ လုပ်ဆောင်ခဲ့သလို တစ်ဖက်ကလည်း ကိုဗစ်-၁၉ ကပ်ရောဂါကို တားဆီးကာကွယ်ရေးလုပ်ဆောင်ရင်း စီးပွားရေးပြန်လည်ဦးမော့လာဖို့ လုပ်ဆောင်ခဲ့ပါတယ်။




ဗီယက်နမ်ဆိပ်ကမ်းတစ်ခုတွင် ကုန်တင်ကုန်ချပြုလုပ်နေသည်ကို တွေ့ရစဉ်။

### အလူးအလဲခံစားခဲ့ရ

ဗီယက်နမ်နိုင်ငံဟာ ဇန်နဝါရီနှောင်းပိုင်းမှ ၂၀၂၀ ပြည့်နှစ် ဇူလိုင်နှောင်းပိုင်းအထိ တစ်ခါ၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင်နှောင်းပိုင်းမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီနှောင်းပိုင်းအထိ တစ်ခါ၊ ဇန်နဝါရီနှောင်းပိုင်းမှ ဧပြီနှောင်းပိုင်းအထိ တစ်ခါ၊ ဧပြီ ၂၇ ရက်မှ အခုထိတစ်ခါ စုစုပေါင်းလေးခါ ကိုဗစ်-၁၉ လှိုင်းဂယက်ရဲ့ ရိုက်ခတ်ခြင်းဒဏ်ကို အလူးအလဲခံစားခဲ့ရပါတယ်။

ဗီယက်နမ်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁ ဒသမ ၅၅ သန်းကျော်ရှိပြီး အဲဒီထဲမှာ ၂၉၇၉၁ ဦး သေဆုံးခဲ့တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြခဲ့ပါတယ်။

### ပိုပြီးခြိမ်းခြောက်လာ

ကိုဗစ်-၁၉ ပထမလှိုင်း စတင်ရိုက်ခတ်ကတည်းက ဗီယက်နမ်နိုင်ငံဟာ ပြည်သူ့ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ဖွယ်ရာများကို ချမှတ်အကောင်အထည် ဖော်ခဲ့ပါတယ်။ နယ်စပ်တွေပိတ်ခြင်း၊ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးခြင်း၊ ခြေရာခံနောက်ကြောင်းရာဇဝင်လိုက်ခြင်း၊ သီးသန့်ခွဲခြားနေထိုင်စောင့်ကြည့်ခြင်း၊ ကျောင်းတွေပိတ်ခြင်း၊ လူစုလူဝေးတွေ တားမြစ်ပိတ်ပင်ခြင်း၊ ပြည်သူလူထုကို ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရန်နှင့် တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေထိုင်ရန် တိုက်တွန်းခြင်းများကို ပြုလုပ်ဖို့ နှိုးဆော်တိုက်တွန်းခဲ့ပါတယ်။

စတုတ္ထလှိုင်းမှာ တင်းကျပ်တဲ့ ဆောင်ရွက်ချက်တွေဖြစ်တဲ့ အသွားအလာကန့်သတ်ပိတ်ဆို့ခြင်းနဲ့ နိုင်ငံတစ်ဝန်းရှိ မြို့တော်များနဲ့ ပြည်နယ်များကို ခရီးသွားလာခွင့် ကန့်သတ်တားမြစ်လိုက်ခြင်းက လေကြောင်းပို့ဆောင်ရေးနဲ့ ခရီးသွားကဏ္ဍကဲ့သို့သော လုပ်ငန်းတွေကို ချည့်နဲ့စေရုံမက ပြည်သူတွေရဲ့ ဘဝနေထိုင်မှုတွေကိုပါ ခြိမ်းခြောက်လျက်ရှိပါတယ်။ အထူးသဖြင့် ဆင်းရဲတဲ့ လူတန်းစားတွေ၊ ရွှေ့ပြောင်းအလုပ်သမားတွေအပေါ် ပိုပြီးခြိမ်းခြောက်ခဲ့ပါတယ်။

### စီးပွားရေးမှာ အနှောင့်အယှက်တွေနဲ့ ရင်ဆိုင်ခဲ့ရ

နိုင်ငံရဲ့အကြီးဆုံးလည်းဖြစ်၊ စီးပွားရေး မြို့တော်လည်းဖြစ်တဲ့ ဟိုချီမင်းမြို့ဟာ တစ်ယောက်နဲ့ တစ်ယောက် ခပ်ခွာခွာနေထိုင်ရေးဆိုတဲ့ တင်းကျပ်တဲ့ လူမှုဝေးကွာစည်းမျဉ်းတွေကို နံနက် ၆၊ ည ၆ ည မထွက်ရအမိန့်နဲ့အတူ စက်တင်ဘာ ၃၀ ရက်အထိ နှစ်လကြာ ကျင့်သုံးခဲ့ပါတယ်။ ဩဂုတ်လနှောင်းပိုင်းက လူမှုဝေးကွာ စည်းမျဉ်းတွေကို လိုက်နာဖို့ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်တွေမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ပထမဆုံးအကြိမ် ဖြန့်ကြက်ချထားခဲ့ပါတယ်။

နောက်ဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လှိုင်းဂယက်ဟာ ကြီးမားတဲ့ စီးပွားရေး ဗဟိုချက်မြို့ကြီးတွေဖြစ်တဲ့ ဘတ်ဂင်၊ ဘတ်နင်၊ ဟန္နိုင်း၊ အထူးသဖြင့် ဟိုချီမင်းမြို့နဲ့ အရှေ့တောင်ပိုင်း ပြည်နယ် သို့မဟုတ် မဲခေါင်ဒေသတွေကို ကောင်းစွာ ရိုက်ခတ်ခဲ့တယ်လို့ စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံရေးဝန်ကြီးဌာနအောက်ရှိ စီးပွားရေးစီမံခန့်ခွဲမှု ဗဟိုအင်စတီကျူရဲ့ ဒုတိယဥက္ကဋ္ဌဟောင်း ဗိုထရီသန်က ပြောကြားခဲ့ပါတယ်။

ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ပို့ဆောင်မှုနဲ့ ဒေသတွင်းထုတ်လုပ်ရေးကွန်ရက်မှာ နက်ရှိုင်းစွာပါဝင်နေတဲ့ လုပ်ငန်းတွေအများကြီးရဲ့ ထုတ်လုပ်မှုပိုင်းနဲ့ စီးပွားရေးပိုင်းမှာ အနှောင့်အယှက်အဟန့်အတားတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်လို့ သူက ပြောပါတယ်။

### ဆယ်စုနှစ်မှာ အနိမ့်ဆုံးဖြစ်ခဲ့

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၂၀၂၀ - ၂၀၂၁ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံဟာ ဗီယက်နမ်ဒေါင် ၈၄၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၇ ဘီလီယံ) လောက် ဆုံးရှုံးခဲ့ပါတယ်။

အကယ်၍သာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်း မရှိဘူးဆိုရင် နိုင်ငံရဲ့ အသားတင် ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးဟာ လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက နှစ်စဉ် ၇ ရာခိုင်နှုန်းလောက် တိုးတက်လာခဲ့ရမှာ ဖြစ်ပါတယ်။ သို့သော်လည်း ၂၀၂၀ ပြည့်နှစ်မှာ ၂ ဒသမ ၉၁ ရာခိုင်နှုန်းသာတိုးခဲ့ပါတယ်။ ဒါဟာဆယ်စုနှစ်အတွင်းမှာ အနိမ့်ဆုံးပမာဏဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်မှာ ၂ ဒသမ ၅ ရာခိုင်နှုန်းသာရှိတော့မယ်လို့ ခန့်မှန်းထားပါတယ်။

ဒီနှစ်ရဲ့ တတိယလေးလပတ်မှာ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးဟာ ၆ ဒသမ ၁၇ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းခဲ့ပါတယ်။ အဆိုးဆုံးအနက်ရှိုင်းဆုံး ကျဆင်းမှုဖြစ်တယ်လို့ စာရင်းအင်းရုံးက ဖော်ပြထားပါတယ်။ လွန်ခဲ့တဲ့နှစ် ပထမလေးလပတ် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ၂ ဒသမ ၁၂ ရာခိုင်နှုန်းနဲ့နှိုင်းယှဉ်ကြည့်ရင် အခုနှစ်ရဲ့ ပထမလေးလပတ်မှာ နိုင်ငံရဲ့အသားတင်ထုတ်လုပ်မှု တန်ဖိုးဟာ ၁ ဒသမ ၄၂ ရာခိုင်နှုန်းလောက် တိုးလာခဲ့ပါတယ်။

### အဓိကစီးပွားရေးကြီးသုံးခုရှိ

၂၀၂၁ ခုနှစ်အတွက် အစိုးရက သတ်မှတ်လျာထားတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၃ - ၃ ဒသမ ၅ အထိ ရောက်ဖို့ဆိုရင် ဗီယက်နမ်နိုင်ငံဟာ လွန်ခဲ့တဲ့ လေးလပတ်မှာ ဂျီဒီပီဖွံ့ဖြိုးတိုးတက်မှု ၇ ဒသမ ဝ၆ - ၈ ဒသမ ၈၄ ရာခိုင်နှုန်းအထိရှိဖို့လိုပါတယ်။ ထို့အတူ သတ်မှတ်တဲ့နှုန်း ရောက်ရှိဖို့ဆိုရင် နိုင်ငံရေးစနစ်နဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ အလားအလာလည်း ကောင်းဖို့လိုပါတယ်လို့ ဒေသတွင်း အရာရှိတွေနဲ့ ကျွမ်းကျင်သူတွေက ပြောကြားထားပါတယ်။

တချို့နိုင်ငံခြားနဲ့ ဒေသတွင်းအဖွဲ့အစည်းတွေက နိုင်ငံ့စီးပွားရေးဟာ ဒီနှစ်မှာ ၂ - ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ တက်လာမယ်လို့ ခန့်မှန်းထားပါတယ်။ ဒါဟာ လွန်ခဲ့တဲ့ ၃၅ နှစ်အတွင်းမှာ အနိမ့်ဆုံးပမာဏဖြစ်ပါ တယ်။ သို့သော်လည်း ဗီယက်နမ်နိုင်ငံမှာ အဓိကစီးပွားရေးကြီးသုံးခုရှိနေသေးပါတယ်။ အဲဒါတွေကတော့ တည်ငြိမ်တဲ့အကြီးစား စီးပွားရေး၊ တိုးတက်မှုရှိတဲ့ နိုင်ငံခြားတင်ပို့မှုနဲ့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့ ဖြစ်ကြပါတယ်။

### စီးပွားရေးပြန်လည်ဦးမော့ဖို့ ကိုဗစ်စည်းကမ်းတွေပြန်လည်ချမှတ်ဖို့လို

အောက်တိုဘာလလယ်မှာ ကမ္ဘာ့ဘဏ်က ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုဟာ ၂၀၂၁ ခုနှစ်မှာ ၂ - ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိလာမယ်လို့ ခန့်မှန်းခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကလည်း ဗီယက်နမ်နိုင်ငံရဲ့ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးဟာ ဒီနှစ်မှာ ၃ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးလာမယ်လို့ ခန့်မှန်းထားပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ်ကလည်း ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ ဇူလိုင်လကခန့်မှန်းထားတဲ့ ၅ ဒသမ ၈ ရာခိုင်နှုန်းထက် လျော့နည်းပြီး ၃ ဒသမ ၈ ရာခိုင်နှုန်းသာ ရှိမယ်လို့ ပြန်လည်ခန့်မှန်းခဲ့ပါတယ်။

စီးပွားရေး ပြန်လည်ဦးမော့လာဖို့ဆိုရင် ဗီယက်နမ်နိုင်ငံဟာ ကိုဗစ်-၁၉ ဆန့်ကျင်နည်းလမ်းတွေကို အသစ်ထပ်မံပြင်ဆင်ချမှတ်ဖို့ လိုအပ်ပါတယ်။ တင်းကျပ်တဲ့ လူမှုဝေးကွာစည်းကမ်းချက်တွေကို ပြန်လည်ရုပ်သိမ်းခြင်းနဲ့အတူ ကိုဗစ်-၁၉ ရောဂါကို ဘေးကင်းစွာနေထိုင် လှုပ်ရှားသွားလာရေးအတွက် ယဉ်ပါးနေအောင် လုပ်ဆောင်ဖို့လိုပါတယ်။

### ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်ပစ်

ဗီယက်နမ်နိုင်ငံမှာ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး အဆင့်လေးဆင့်သတ်မှတ်ပြဋ္ဌာန်းထားသလို အခုဆိုရင်လည်း အရွယ်ရောက်ပြီးသူ ၉၇ ရာခိုင်နှုန်းလောက် ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအကြိမ်ထိုးနှံမှု ခံယူပြီးပြီဖြစ်ပါတယ်။ အသက်ငါးနှစ်အောက်နဲ့ သူ့အထက်ကလေးများကို မကြာမီမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးတော့မှာဖြစ်တယ်လို့ ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်က ပြောခဲ့ပါတယ်။ ထို့အတူ မကြာမီမှာ လေကြောင်းလိုင်းတွေနဲ့ စက်မှုလုပ်ငန်းတွေလည်း ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အလားတူ နိုင်ငံခြားသို့တင်ပို့မှုများလည်း ပြန်လည်လုပ်ဆောင်လာပြီဖြစ်ပါတယ်။ လာမယ့် ၂၀၂၂ ခုနှစ်မှာတော့ ဗီယက်နမ်နိုင်ငံရဲ့ အသားတင်ထုတ်လုပ်မှုတန်ဖိုးဟာ ၆- ၆ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးလာဖို့ မျှော်မှန်းချက် ချမှတ်ထားပါတယ်။ ကိုဗစ်-၁၉ နဲ့အတူ စီးပွားရေးကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်တဲ့ ဗီယက်နမ်နိုင်ငံဟာ မကြာမီမှာ မျှော်မှန်းထားသလို ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်ပစ်နိုင်တော့မှာ ဖြစ်ပါတယ်။

**ကိုးကား ဆင်ဟွာ**

> **"ဗီယက်နမ်နိုင်ငံမှာ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး အဆင့်လေးဆင့် သတ်မှတ်ပြဋ္ဌာန်းထားသလို အခုဆိုရင်လည်း အရွယ်ရောက်ပြီးသူ ၉၇ ရာခိုင်နှုန်းလောက် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှု ခံယူပြီးပြီဖြစ်ပါတယ်။ အသက်ငါးနှစ်အောက်နဲ့ သူ့အထက် ကလေးများကို မကြာမီမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးတော့မှာ ဖြစ်တယ်လို့ ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်က ပြောခဲ့ပါတယ်"**

## ဒီဇင်ဘာ ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၀ တွေ့ရှိ

### ထပ်မံသေဆုံးသူ ၃ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၅၄ ဦးရှိ

### ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)ရောဂါပိုး နိုင်ငံပေါင်း ၁၁၅ နိုင်ငံ ပျံ့နှံ့

(၂၆-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၅၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁၀) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၄၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၈၁,၃၇၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၅၂၉,၆၁၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၇၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၇,၂၁၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၅၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၅-၁၂-၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၀,၄၂၅,၁၁၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၄,၆၄၉,၃၄၅) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၇၇၅,၇၆၈) ဦး ရှိပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၅-၁၂-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၃၅,၀၇၄,၄၅၈) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၂၆-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၅)ခု | (၄)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၇)ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၂၃)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၃၂)ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၇၃၆)ခု | (၉၆)ဦး |
| စုစုပေါင်း | (၇,၅၅၁)ခု | (၁၁၀)ဦး |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

(၂၅-၁၂-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၇၇၅,၇၆၈) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၄,၆၄၉,၃၄၅) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၀,၄၂၅,၁၁၃) ဦး |
| **စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses)** | (၃၅,၀၇၄,၄၅၈) ကြိမ် |

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၂၆-၁၂-၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၁၁၅) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာ စုစုပေါင်း (၁၈၄,၅၉၂) ဦး ရှိပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြု တွေ့ရှိရပြီး ဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြု လူနာများ တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှု မရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့် ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျ ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၂၆-၁၂-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၃၀၂၆၇၆၅ | ၄၁၀၀၁၁၈၄ | ၈၃၇၇၇၉ |
| ၂။ | အိန္ဒိယ | ၃၄၇၈၆၈၀၂ | ၃၄၂၃၀၃၅၄ | ၄၇၉၆၈၂ |
| ၃။ | ဘရာဇီး | ၂၂၂၃၄၆၂၆ | ၂၁၄၁၄၃၁၈ | ၆၁၈၄၅၇ |
| ၄။ | ဗြိတိန် | ၁၁၈၉၁၂၉၂ | ၉၉၆၁၃၆၉ | ၁၄၇၈၅၇ |
| ၅။ | ရုရှား | ၁၀၃၉၂၀၂၀ | ၉၂၅၉၇၇၁ | ၃၀၄၂၁၈ |
| ၆။ | တူရကီ | ၉၂၈၆၉၈၆ | ၈၉၂၂၅၁၀ | ၈၁၄၀၃ |
| ၇။ | ပြင်သစ် | ၉၀၈၈၃၇၁ | ၇၇၉၄၇၁၈ | ၁၂၂၅၄၆ |
| ၈။ | ဂျာမနီ | ၇၀၀၃၁၉၆ | ၆၁၁၃၅၀၀ | ၁၁၁၀၄၀ |
| ၉။ | အီရန် | ၆၁၈၄၇၆၂ | ၆၀၂၆၃၇၈ | ၁၃၁၄၀၀ |
| ၁၀။ | စပိန် | ၅၁၇၈၀၀၇ | ၅၀၀၂၃၁၀ | ၈၉၀၁၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၆- ၁၂ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၁၇၅၉ | ၄၁၁၃၀၄၉ | ၁၄၄၀၅၅ |
| ဖိလစ်ပိုင် | ၂၈၃၈၆၄၀ | ၂၇၇၇၉၁၈ | ၅၁၂၀၀ |
| မလေးရှား | ၂၇၃၈၄၀၁ | ၂၆၆၁၄၉၅ | ၃၁၃၁၅ |
| ထိုင်း | ၂၂၀၉၉၇၀ | ၂၁၅၂၅၂၈ | ၂၁၅၈၀ |
| ဗီယက်နမ် | ၁၆၅၁၆၇၃ | ၁၂၄၈၂၄၀ | ၃၁၂၁၄ |
| မြန်မာ | ၅၂၉၆၁၃ | ၅၀၇၂၁၀ | ၁၉၂၅၄ |
| စင်ကာပူ | ၂၇၇၅၅၅ | ၂၇၃၈၆၀ | ၈၂၁ |
| ကမ္ဘောဒီးယား | ၁၂၀၄၄၉ | ၁၁၆၈၆၁ | ၃၀၀၈ |
| လာအို | ၁၀၆၂၃၁ | ၉၆၀၃၃ | ၃၂၅ |
| ဘရူနိုင်း | ၁၅၄၂၉ | ၁၅၁၈၉ | ၉၈ |

# ဖွဲ့ကပင်တောင်နှင့် ကြာအင်းတောင်ကြား ဘားအံမြို့ရှောင်လမ်း ဖောက်လုပ်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေး

ဘားအံ ဒီဇင်ဘာ ၂၆

**ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ဇော်နှင့်အတူ ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဖွဲ့ကပင်တောင်နှင့် ကြာအင်းတောင်ကြား ဘားအံမြို့ရှောင်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ ရဲသာကျေးရွာအုပ်စု၊ မြို့ရှောင်လမ်းဖောက်လုပ်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဘားအံမြို့ရှောင်လမ်း၊ (၂ ဒသမ ၇၇၅ ကီလိုမီတာ - ၅ ဒသမ ၁ ကီလိုမီတာ) အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန်းမြင့်အောင်က မြေကြီးတာပေါင်ဖို့လုပ်ငန်းနှင့် ဖြတ်မြေ (ကျောက်တောင် မိုင်းခွဲခြင်း) လုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းဆောင်၌ တင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖွဲ့ကပင်တောင်နှင့် ကြာအင်းတောင်ကြား ရဲသာကျေးရွာအုပ်စုမှ လှာကဒေါင်ကျေးရွာအုပ်စုသို့ ဘားအံမြို့ရှောင်လမ်း (၂ ဒသမ ၇၇၅ ကီလိုမီတာ - ၅ ဒသမ ၁ ကီလိုမီတာ) အတွင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ပြည်နယ် လမ်းဦးစီးဌာနမှူး ဦးနန်းမြင့်အောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မိုးများသည့် ဒေသဖြစ်သည့်အတွက် လမ်းရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ၊ မြေထိန်းနံရံများ စနစ်တကျ ထည့်သွင်းဆောင်ရွက်ပေးရန်၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဘားအံမြို့ရှောင်လမ်းသည် ၆ ဒသမ ၄ ကီလိုမီတာအရှည်ရှိပြီး ရဲသာကျေးရွာအုပ်စု ကမော့ကစင်ကျေးရွာမှ လှာကဒေါင်ကျေးရွာ နဒုက္ခသုခံလမ်းထိ လမ်းပိုင်းကို အပိုင်း (၁) ဟူ၍ လည်းကောင်း၊ ဘားအံမြို့အဝင် သံလွင်တံတားအဆင်း တြိဂံလမ်းဆုံမှ ကမော့ကစင်ကျေးရွာထိ လမ်းပိုင်းကို အပိုင်း (၂) ဟူ၍လည်းကောင်း အပိုင်း နှစ်ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိပြီး မြေသားလမ်းတာပေါင်ဖို့ လုပ်ငန်းများ၊ ၂၄ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများ၊ ၁၈ ပေအကျယ် ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ၁၈ ပေအကျယ် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများပါဝင်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေကျော်-လှိုင်းပုံ-လှာကမြင် လမ်းပိုင်းအရှည် ၁ မိုင် ၃ ဖာလုံကို ၂၄ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမင်းကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော် ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဖွဲ့ကပင်အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအနက် ပွဲကြည့်စင်တည်ဆောက်ခြင်း လုပ်ငန်းနှင့် Synthetic ပြေးလမ်း မီတာ ၄၀၀ ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော် (လေ) မှ လေယာဉ်များ၊ Cold Chain Delivery And Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ဆေးတစ်လုံးလျှင် လူနှစ်ဦးထိုးနိုင်သော Sinovac ကာကွယ်ဆေးများနှင့် လူငါးဦးထိုးနိုင်သော Sino-pharm ကာကွယ်ဆေးများကို ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့သို့ Sinovac ကာကွယ်ဆေး အလုံး ၃၀၀၀၀၀ နှင့် ဆေးထိုးအပ်များ၊ ရန်ကုန်တိုင်းဒေသကြီးသို့ Sinovac ကာကွယ်ဆေး အလုံး ၃၀၀၀၀၀၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့သို့ Sinopharm ကာကွယ်ဆေး အလုံး ၂၅၆၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့သို့ Sinopharm ကာကွယ်ဆေး အလုံး ၁၂၄၆၀၊ နေပြည်တော်ကောင်စီနယ်မြေသို့ Sino-pharm ကာကွယ်ဆေး အလုံး ၁၆၀၀၀ နှင့် ဆေးထိုးအပ်များ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့သို့ Sinopharm ကာကွယ်ဆေး အလုံး ၂၀၀၀၀၊ ကရင်ပြည်နယ် ဘားအံမြို့သို့ Sinopharm ကာကွယ်ဆေး အလုံး ၁၄၄၀နှင့် Sinovac ကာကွယ်ဆေး အလုံး ၁၅၀၀၀၊ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ Sinopharm ကာကွယ်ဆေး အလုံး ၁၆၀၀၀ နှင့် ဆေးထိုးအပ်များ၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သို့ Sinovac ကာကွယ်ဆေး ၉၅၉၂၈ လုံးနှင့် ပြည်မြို့သို့ Sinovac ကာကွယ်ဆေး ၅၄၀၇၂ လုံး၊ မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ Sinovac ကာကွယ်ဆေး အလုံး ၂၅၀၀၀ တို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery And Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ပို့ဆောင်ပေးရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂) နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၀၄၇ ဦး **(အောက်ပုံ)**၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိမြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၁၅၀၊ ရောဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် (၂၆) မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၅၈၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၄၁၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၄၅၀ နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၅၅၉ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်နှင့် နမ့်ဆန်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၇၇ ဦး၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၂၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# ပဲခူးမြို့ကို တိုင်းဒေသကြီးမြို့တော်အင်္ဂါရပ်နှင့်အညီ လမ်းပိုင်းအလိုက် အဆင့်မြှင့်တင်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပဲခူး ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဒီဇင်ဘာ ၂၆ ရက်က ပဲခူးမြို့ကို တိုင်းဒေသကြီးမြို့တော် အင်္ဂါရပ်နှင့်အညီ လမ်းပိုင်းအလိုက် အဆင့်မြှင့်တင်နေမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့အတွင်းရှိ ကျိုက်ပွန်ဘုရားလမ်းကို လမ်းဧရိယာပေ ၁၅၀ အကျယ် လမ်းချဲ့နေမှုနှင့် ပြန်လည်အဆင့်မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုအဆင့်မြှင့်တင် ဆောင်ရွက်ပေးနေသည့် လမ်းသည် ရှေးဟောင်း သမိုင်းဝင် ကျိုက်ပွန်ဘုရားသို့ ဘုရားဖူးပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစွာ ဝင်/ထွက် သွားလာနိုင်ရေးနှင့် ဘုရားပွဲကျင်းပရာ အဓိက လမ်းမကြီး တစ်ခုဖြစ်၍ သတ်မှတ်ချက်များအတိုင်း အချိန်မီပြီးစီးရေး၊ အရိပ်ရသစ်ပင်များ စိုက်ပျိုးရန်



နှင့် လမ်းမီးများ ထွန်းလင်းစေရေး တာဝန်ရှိသူ အဆင့်ဆင့်မှ ကြိုးကြပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နာရဏီသိမ်လမ်း၊ ဦးကျင်အောင်လမ်းနှင့် ဒေါနလမ်းတို့အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လမ်းတစ်ခုတွင် ပါဝင်ရမည့် ရေနုတ်မြောင်းများ၊ အရိပ်ရသစ်ပင်များ၊ လမ်းညွှန်ဆိုင်းဘုတ်များနှင့် လမ်းမီးတိုင်းများ တစ်ပါတည်းပြီးစီးရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးတက္ကသိုလ်သို့ ရောက်ရှိခဲ့ပြီး တက္ကသိုလ် ကျောင်းရှေ့ပတ်လည် အဆင့်မြှင့်တင်ပေးနိုင်ရေး၊ လျှောက်လမ်းနှင့် ထိုင်ခုံများ ဆောင်ရွက်ပေးနိုင်ရေး အတွက် Landscaping Design ရေးဆွဲတင်ပြရန် တာဝန်ရှိသူများအား မှာကြားပြီးနောက် ပဲခူးမြို့ အထင်ကရ လိပ်ပြာကန်နှင့် ဟံသာဝတီရှေးဟောင်းကျုံး ပြန်လည်အဆင့်မြှင့်တင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ အပိုင်းလိုက် ထပ်မံ အဆင့်မြှင့်တင်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့၌ ဒီဇင်ဘာလူထုအားကစား ကျန်းမာရေးအထောက်အကူပြု စုပေါင်းကိုယ်လက်လှုပ်ရှား

မော်လမြိုင် ဒီဇင်ဘာ ၂၆

**ပြည်သူများ ကိုယ်ကာယကျန်းမာကြံ့ခိုင်မှုရှိမှသာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုနိုင်စေမည့် ရည်ရွယ်ချက်ဖြင့် (Myanmar Fitness Dance) စုပေါင်းကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၆ နာရီက မော်လမြိုင်မြို့ စစ်ကဲကုန်းရပ် ကမ်းနားလမ်း ရေပေါ်ညစျေးနေရာတွင် ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) သင်တန်းနည်းပြများနှင့် သင်တန်းသူများ၊ ပညာရေးကောလိပ် သင်တန်းသူများ၊ သူနာပြုသင်တန်းသူများနှင့် ဒေသခံအားကစားဝါသနာရှင်များ စုပေါင်းပါဝင်ဆင်နွှဲကြသည်။**

စုပေါင်းကိုယ်လက်လှုပ်ရှားမှုကို အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) မှ သင်တန်းနည်းပြများက ကျန်းမာရေး အထောက်အကူပြု အားကစားနည်း လေ့ကျင့်ခန်းအတွဲ (၁)၊ (၂)၊ (၃) ကို စိတ်ပါဝင်စားစွာ လိုက်ပါကစားနိုင်စေရန် သရုပ်ပြပေးရာတွင် ပါဝင်ကစားသူများသည် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ စုပေါင်းလှုပ်ရှားကစားကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရေးသည် နိုင်ငံတော်က အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ ပြည်သူများ ကိုယ်ကာယကြံ့ခိုင်မှုရှိမှသာ ကျန်းမာပျော်ရွှင်သော ဘဝပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်းနှင့် လူတိုင်းကိုယ်ကာယလေ့ကျင့်ခန်း ပုံမှန်ဆောင်ရွက်လျှင် ကျန်းမာရေးအတွက်များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း ပြောကြားသည်။




ထို့အတူ မော်လမြိုင်ကမ်းနားလမ်း တစ်လျှောက်တွင်လည်း လမ်းလျှောက်သူများ၊ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်း ဆောင်ရွက်သူများ အတွက် လေကောင်း၊ လေသန့် ရရှိပြီး စိတ်လက် အပန်းဖြေစရာနေရာ စီစဉ်ပေးထားကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

## တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်ရှိ ရွှေတောင်ကုန်း (သက်သတ်လွတ်ကျောင်းတိုက်)၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ရှိဇေယျာသီဝံကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ တပ်ဦးဘုန်းတော်ကြီး ကျောင်းနှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ်ရှိ ဦးခန္တီကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီ လေးခု၊ ယာဉ်စီးရေ ခုနစ်စီးဖြင့် အောက်ဆီဂျင်အရည် Storage Container/Tank တစ်ခု၊ အောက်ဆီဂျင်အရည် Distributor တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) (၈၀)၊ PPE ဝတ်စုံ (၁၉၄၀၀) နှင့် နှာခေါင်းစည်း (Mask) (၁၂) တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက် ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ရေးစီစဉ် ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။ **သတင်းစဉ်**



# လပွတ္တာမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ပေးအပ်

**လပွတ္တာ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပဆောင်ရွက်ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ထားရှိသော ကျေးရွာ ၂၂ အုပ်စုမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၈၂၉ ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း အစောင် ၂၀၀ ကို ဝန်ကြီးချုပ်က ပြည်သူများထံ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လပွတ္တာမြို့ ၁ မိုင်၌ မိုးစပါးစံကွက် (ပေါ်ဆန်းစပါး) ရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

လပွတ္တာ(ပြန်/ဆက်)




# တပ်မတော်(ရေ)မှအရာရှိကြီးများ ခရစ်ယာန်ဘာသာဝင် အမှုထမ်းများနေအိမ်သို့ သွားရောက်တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

တပ်မတော်(ရေ)လက်အောက်ခံ ဌာနချုပ်၊ တပ်၊ စခန်းနှင့် စစ်ရေယာဉ်စုများရှိ ခရစ်ယာန်ဘာသာဝင် စစ်သည်မိသားစုများ၏ နေအိမ်များသို့ ခရစ္စမတ်ကာလအတွင်း တပ်မတော်(ရေ)မှ အရာရှိကြီးများက သွားရောက်၍ ခရစ္စမတ်နေ့ အထိမ်းအမှတ် ကိတ်မုန့်နှင့် လက်ဆောင်များ ပေးအပ်ခြင်း၊ ဝတ်ပြုဆုတောင်းခြင်း၊ မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အခက်အခဲများ မေးမြန်းပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူ ချောမွေ့စွာ စစ်ဆေး ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် ဒီဇင်ဘာ ၂၆ ရက်၌ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီခုနစ်ခုတို့မှ Mask ၁၂၀၀၀ Kg၊ PPE ဝတ်စုံ ၁၉၄၀၀၊ Face Shield ၂၀၀ Kg၊ Surgical Gown ၅၀၀ Kg ၊ Surgical Cap ၈၀၀ Kg ၊ Oximeter ၇၅၀ ၊ Oxygen Concentrator ၈၀ ၊ Liquid Storage Container တစ်ခု၊ Oxygen Liquid Distributor တစ်ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ စစ်ဆေးထုတ်ပေးစဉ်။

## သင်ကြား၊ သင်ယူမှုမထိခိုက်စေဖို့ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထိုးကြပါစို့

၁



နေထိုင်မှုပုံစံအသစ်နှင့်အတူ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှာ သင်ကြားသင်ယူမှုများ ပြန်လည်စတင်နိုင်ဖို့အတွက် ကျောင်းသား/သူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်မှုမှာ အလွန်အရေးကြီး ပါသည်။

၂

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးမှာ ပညာသင်ယူကြမည့် ကျောင်းသား/သူများကို ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးများ စနစ်တကျထိုးနှံပေးသွားမည်ဖြစ်ပါသည်။



၃



ကာကွယ်ဆေးထိုးနှံပေးရာ စုရပ်နေရာများတွင် အရေးပေါ်လိုအပ်မည့် ဆေးဝါးများနှင့် လူနာတင်ယာဉ်တို့ကို အသင့်စီစဉ်ထား ရှိမည်ဖြစ်ပါသည်။

ကာကွယ်ဆေး (၂)ကြိမ်ထိုးနှံပြီးပါက ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြား သင်ယူနိုင်မှာဖြစ်တဲ့အပြင် ပြည်သူလူထုအတွင်းမှာလည်း ကာကွယ်ဆေး လွှမ်းခြုံမှုမြင့်မားလာပြီး ရောဂါဖြစ်ပွားမှုကိုပိုမို တားဆီးကာကွယ်နိုင်မှာဖြစ်တဲ့အတွက် ...

# နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ကြစို့

မောင်ယဉ်ဦး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနသည် ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို နိုင်ငံတစ်ဝန်း ဆောင်ရွက်ပေးလျက်ရှိသည်။ ရွေးကောက်ပွဲဥပဒေတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း မဲပေးခွင့်ရှိသော်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားရှိမှသာ မဲပေးခွင့်ရှိသည်။ သို့သော် ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိဘဲ လူဦးရေသုံးသန်းကျော် ဆန္ဒမဲပေးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။**

**ဥပဒေအတိုင်းဖြစ်စေရန်လမ်းညွှန်**

ထို့ကြောင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး ဦးစားပေးဆောင်ရွက်သွားမည့် ပန်းခင်းစီမံချက်ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်ခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိကြသေးသည့် ပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ခဲ့ကြသည့်အတွက် နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးနိုင်ရုံမက နိုင်ငံမဲ့အနေအထားမျိုး ရောက်ရှိနိုင်ကြောင်းကို သတိပြုမိကြရန်လည်း အရေးကြီးသည်။

**ပန်းခင်းစီမံချက်**

ပန်းခင်းစီမံချက်ဟူသည် မြန်မာနိုင်ငံသားများဖြစ်ကြသော တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးရေး လုပ်ငန်းဖြစ်သည်။

ရပ်ရွာများတွင် အတည်တကျ နေထိုင်ကြသူများသည် အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်ကြရမည်ဖြစ်ပြီး ခေတ္တ ရွှေ့ပြောင်းနေထိုင်လျှင်လည်း ဧည့်စာရင်းတိုင်ကြားရမည်မှာ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။ လူဦးရေနှင့် အိမ်ထောင်စုလူဦးရေစာရင်း(သန်းခေါင်စာရင်း)သည် နိုင်ငံတော်၏ ပကတိအခြေအနေမှန်ကို သိရှိနိုင်ရန် အရေးကြီးသည့်လုပ်ငန်းဖြစ်သည်။ အိမ်ထောင်စုလူဦးရေစာရင်းဟူသည် မြို့နယ်တစ်ခုအတွင်း လိပ်စာတစ်ခုရှိ နေအိမ်အဆောက်အဦတစ်ခုတွင် အတည်တကျ နေထိုင်ကြောင်း မှတ်ပုံတင်စာရင်း ရေးသွင်းပြီး မြို့နယ်လဝကရုံးမှ ထုတ်ပေးထားသည့် မိသားစုဝင်များ၏ လူဦးရေစာရင်းဖြစ်သည်။

**ပြည်သူများအတွက်လည်း အရေးကြီး**

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား/ ကိုင်ဆောင်ခွင့်ရ အသိအမှတ်ပြုကတ်ပြားတစ်မျိုးမျိုးသည် နိုင်ငံတော်အတွက်သာမက နိုင်ငံသူ နိုင်ငံသား ပြည်သူများအတွက်လည်း လွန်စွာအရေးပါသည်။ အလုပ်အကိုင်လုပ်ကိုင်ရာတွင်လည်းကောင်း၊ ပြည်တွင်း/ ပြည်ပခရီးသွားလာရာတွင်လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြား/ အသိအမှတ်ပြု ကိုင်ဆောင်ခွင့်ရကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းတို့သည် မဖြစ်မနေ လိုအပ်သည့်အရာများဖြစ်သည်။ နိုင်ငံသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားသည် လွန်စွာအရေးကြီးကြောင်း သိထားကြရမည်လည်း ဖြစ်သည်။

**ပန်းခင်းစီမံချက်ကာလ**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးရေးကာလကို တစ်နှစ်ခွဲကြာ (၃-၅-၂၀၂၁ မှ ၃-၁၀-၂၀၂၂ အထိ)ဆောင်ရွက်ပေးမည်ဖြစ်သည်။

**ဆောင်ရွက်မည့်လုပ်ငန်း(၄)ရပ်**

၁။ လက်ရှိအရပ်ဒေသတွင် အမြဲနေထိုင်ပြီး အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း ကိုင်ဆောင်လက်မှတ် မရှိသေးသူများအား ဆောင်ရွက်ပေးခြင်း။

၂။ လက်ရှိအရပ်ဒေသတွင် အမြဲတမ်းနေထိုင်ပြီး အိမ်ထောင်စုလူဦးရေစာရင်းလည်း မရှိ၊ ကိုင်ဆောင်လက်မှတ်လည်း မရှိသူများအား ဆောင်ရွက်ပေးခြင်း။

၃။ ရွှေ့ပြောင်းနေထိုင်ကြသူများအတွက် မူလနေထိုင်ခဲ့ရာ အရပ်ဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း ရှိသော်လည်း လက်ရှိနေထိုင်ရာအရပ်ဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း။

၄။ ရွှေ့ပြောင်းနေထိုင်ကြသူများအတွက် မူလနေထိုင်ရာ အရပ်ဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိနေထိုင်ရာ အရပ်ဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်း။



ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယခုနှစ် ဇွန်လအတွင်းက ပြုလုပ်ပေးစဉ်။

**"နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိကြသေးသည့် ပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ခဲ့ကြသည့်အတွက် နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးနိုင်ရုံမက နိုင်ငံမဲ့အနေအထားမျိုး ရောက်ရှိနိုင်ကြောင်းကို သတိပြုမိကြရန်လည်း အရေးကြီးသည်။ ပန်းခင်းစီမံချက်ဟူသည် မြန်မာနိုင်ငံသားများဖြစ်ကြသော တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးရေး လုပ်ငန်းဖြစ်သည်"**

**ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ ဆောင်ရွက်ရမည့်လုပ်ငန်းများ**

၁။ ရပ်ကွက်/ကျေးရွာအလိုက် စာရင်းပြုစုခြင်း

(က) အသက် ၁၆ နှစ်နှင့် အသက် ၁၈ နှစ်ကြား လူဦးရေနှင့် အသက် ၁၈ နှစ်အထက် လူဦးရေတို့၏ တစ်ဦးချင်းစီ အမည်စာရင်းကို လဝက ဝန်ထမ်းများနှင့် ညှိနှိုင်းစိစစ်ပြုစုခြင်း။

(ခ) ရွှေ့ပြောင်း နေထိုင်သူများအား မြို့နယ် လဝက ဝန်ထမ်းများနှင့် ညှိနှိုင်း၍ စာရင်းကောက်ယူပြုစုခြင်း။

(ဂ) ရပ်ကွက်/ ကျေးရွာအုပ်ချုပ်စု အုပ်ချုပ်ရေးမှူးများက အမှန်တကယ် နေထိုင်မှု ရှိ မရှိ၊ လူကျန်ခြင်း ရှိ မရှိ စိစစ်ဖြည့်စွက်ပြီး မြို့နယ် လဝကရုံးသို့ ပြန်ကြားခြင်း။

၂။ ပြည်သူများထံအကြောင်းကြား၍ ရုံးသို့ စေလွှတ်ခြင်း

(က) မြို့နယ် လဝကရုံးများမှ ဆောင်ရွက်ပေးနိုင်မည့် ဦးရေနှင့် အမည်စာရင်းကို အုပ်ချုပ်ရေးမှူးများထံ ပေးပို့လာပါက နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်မည့်သူများအား အကြောင်းကြားစုစည်း၍ မြို့နယ်လဝကရုံးသို့ စေလွှတ်ပေးခြင်း။

(ခ) အိမ်ထောင်စု လူဦးရေစာရင်းကို လက်ရှိဒေသသို့ မပြောင်းရွှေ့လိုသူများအား လူကိုယ်တိုင် အိမ်ထောင်စုလူဦးရေစာရင်းရှိရာ မူလဒေသသို့ သွားရောက်၍ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ပြုလုပ်စေရန် အကြောင်းကြားခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။

**(၅)ဦးကော်မတီ**

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် စစ်ဆေးအတည်ပြုသည့် (၅)ဦးကော်မတီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည်-

(က) မြို့နယ် လဝက ဦးစီးမှူး

(ခ) မြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး

(ဂ) မြို့နယ်ရဲတပ်ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး

(ဃ) မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး

(င) ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး

**အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားရာတွင်**

၁။ အိမ်ထောင်ဦးစီး(ဝန်ခံချက်/လျှောက်လွှာ)

၂။ မူလနေရပ်တွင် အိမ်ထောင်စုစာရင်းရှိပါက (မူရင်း)

၃။ မိသားစုဝင်များ၏ ကိုင်ဆောင်လက်မှတ် (မိတ္တူ/မူရင်း)

၄။ အိမ်ပိုင်ဆိုင်မှု(သို့) အိမ်ငှားစာချုပ် (မိတ္တူ/မူရင်း)

၅။ ရပ်ကွက်/ကျေးရွာအတွင်း နေထိုင်ကြောင်း အုပ်ချုပ်ရေးမှူး ထောက်ခံချက် စသည့် အထောက်အထားများ လိုအပ်သည်။

**အိမ်ထောင်စုလူဦးရေစာရင်း စိစစ်အတည်ပြုထုတ်ပေးခြင်း**

၁။ ယခင်ထုတ်ပေးထားသည့် (ယာယီ/ ရွှေ့ပြောင်း/E)ဟူသော တံဆိပ်တုံးဖြင့် ယာယီအိမ်ထောင်စု လူဦးရေစာရင်းများကို (၅)ဦးကော်မတီဖြင့် စိစစ်လက်မှတ်ရေးထိုးပြီး အမှတ်အသားပါ တံဆိပ်ရိုက်နှိပ်ထုတ်ပေးမည်။

၂။ အိမ်ထောင်စုလူဦးရေစာရင်း လုံးဝမရှိသေးသည့် နိုင်ငံသားများအတွက် (၅)ဦးကော်မတီဖြင့်စိစစ်၍ အမှတ်အသားပါသည့် တရားဝင် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးမည်။

၃။ အမှတ်အသားပါ အိမ်ထောင်စုစာရင်းများကို အမြဲတမ်း အထောက်အထားများအဖြစ် အသုံးပြုရမည်။

၄။ တရားဝင်အိမ်ထောင်စုစာရင်း ရရှိပါက နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးမည်။

**အိမ်ထောင်စုလူဦးရေစာရင်းအတွက် လိုက်နာရမည့်အချက်များ**

၁။ မိမိလက်ဝယ်ရှိ အိမ်ထောင်စုလူဦးရေစာရင်းတွင် မိမိသဘောဖြင့် တရားမဝင် ပြင်ခြင်း၊ ဖျက်ခြင်း၊ ရေးသွင်းခြင်း မပြုလုပ်ရ။

၂။ မိမိသဘောဆန္ဒအလျောက် လူဦးရေ တိုးခြင်း/လျှော့ခြင်း မပြုလုပ်ရ။

၃။ ကလေးမွေးဖွားလျှင် မိမိသဘောဖြင့် ကလေးအမည်ထည့်သွင်းခြင်း မပြုလုပ်ရ။

၄။ မိမိအိမ်ထောင်စုမှ တစ်ဦးတစ်ယောက် သေဆုံးခဲ့သော် မိမိသဘောအလျောက် ပယ်ဖျက်ခြင်းမပြုလုပ်ရ။

၅။ အချက်အလက်များ ပြင်ဆင်ဖြည့်စွက်လိုပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးသို့ အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်လျှောက်ထားရမည်။

၆။ အိမ်ထောင်စုလူဦးရေစာရင်းကို လိပ်စာတစ်ခုထက်ပို၍ ရယူကိုင်ဆောင်ထားကြောင်းတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

(လဝကမှထုတ်ပေးထားသည့် အိမ်ထောင်စုလူဦးရေစာရင်း စာရွက်ပေါ်တွင် မိမိတို့သဘောဖြင့် ပြင်ဆင်/ ဖြည့်စွက် ရေးသွင်းခြင်း မပြုလုပ်ရ။)

*စာမျက်နှာ ၂၁ သို့*

# မင်းဇံကျေးရွာနှင့် ဘူးသည်ကျေးရွာကြား၌ မုန်းချောင်းကူး ယာယီတံတားဆောက်လုပ်ပြီးစီး



**ပွင့်ဖြူ ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မင်းဇံကျေးရွာနှင့် ဘူးသည်ကျေးရွာကြားရှိ မုန်းချောင်းကို ဒေသခံပြည်သူများ အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် စေတနာရှင်အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ကျေးရွာနေပြည်သူများ စုပေါင်းပြီး ယာယီတံတားဆောက်လုပ်ခဲ့ရာ ယမန်နေ့က ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ မြို့ပေါ်ရပ်ကွက်လေးရပ်ကွက် အပါအဝင် ကျေးရွာအုပ်စု ၅၆ အုပ်စုရှိကာ ကျေးရွာပေါင်း ၂၀၅ ရွာရှိပြီး မုန်းချောင်းသည် မြို့အနီးမှ စီးဆင်းလျက်ရှိ၍ မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာနေပြည်သူများအနေဖြင့် ယခုလို ပွင့်လင်းရာသီရောက်ရှိလာသည့်အချိန်တွင် ကျေးရွာတစ်ရွာနှင့်တစ်ရွာ ကူးလူးဖြတ်သန်းသွားလာနိုင်ရန်၊ ကျေးလက်နှင့်မြို့ပြ အချိန်ကုန်သက်သာစွာ သွားလာနိုင်ရန် ကျေးရွာနေပြည်သူများ စုပေါင်းပြီး မုန်းချောင်းကူး ယာယီဝါးတံတားကို ဆောက်လုပ်ခြင်းဖြစ်သည်။

အဆိုပါ မုန်းချောင်းကူး ယာယီဝါးတံတား ဆောက်လုပ်ပြီးစီးသဖြင့် ဒေသခံပြည်သူများအနေဖြင့် တစ်ရွာနှင့်တစ်ရွာ လွယ်လင့်တကူ ဖြတ်သန်းသွားလာနိုင်သည့်အပြင် ပွင့်ဖြူမြို့ပေါ်သို့လည်း အချိန်တိုအတွင်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# ခရစ္စမတ်နေ့တွင် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ဝင်းအတွင်း လာရောက်အပန်းဖြေသူများစည်ကား

**ပဲခူး ဒီဇင်ဘာ ၂၆**

ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့တွင် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်သို့ လာရောက်လေ့လာအပန်းဖြေကြသူများဖြင့်စည်ကားခဲ့ပြီး ကမ္ဘောဇသာဒီ နန်းတော်ဘမရာသဏ ပလ္လင်ဆောင်အနီးတွင် လာရောက်လေ့လာအပန်းဖြေကြသည့် ပြည်သူများ အမှတ်တရဓာတ်ပုံရိုက်နိုင်ရန် ခရစ္စမတ်အထိမ်းအမှတ် ကျောက်တိုင် (Christmas Pillar) ပုံစံပြုလုပ်ပေးထားသည့်နေရာတွင် ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာဖြင့် အမှတ်တရဓာတ်ပုံများရိုက်လျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

“ခရစ္စမတ်ကျောက်တိုင်က ဒီဇင်ဘာ ၉ ရက်ကတည်းက ပြုလုပ်ပေးထားတာပါ။ ခရစ္စမတ်နေ့မတိုင်ခင်ကတည်းက လာရောက်အပန်းဖြေကြသူတွေ အမှတ်တရဓာတ်ပုံရိုက်ကြတယ်။ ခရစ္စမတ်နေ့ကတော့ လာရောက်ကြသူတွေ ပိုများပါတယ်”ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကမ္ဘောဇသာဒီ နန်းတော်သို့ လာရောက်လေ့လာအပန်းဖြေကြသူများသည် ဘမရာသဏပလ္လင်ဆောင်၊ ရွှေနန်းတော်ဆောင်၊ ပြတိုက်၊ ဘုရင့်နောင်မင်းတရားကြီး၏ မိဖုရားခေါင် ခင်ခင်ကြီး၏ နန်းဆောင်၊ ကလျာဏီမင်းသမီးနန်းဆောင်တို့တွင် လေ့လာခြင်း၊ နန်းတော်အတွင်း ဈေးဆိုင်တန်းမှ အစားအသောက်များ ဝယ်ယူစားသောက်ခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ခြင်းတို့ဖြင့် အေးချမ်းစွာ အနားယူအပန်းဖြေခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်မှ မိသားစုလိုက် လာရောက်လည်ပတ်သူ ဦးလှမြင့်က“နန်းတော်စဖွင့်တဲ့ အချိန်ကတည်းက ဝင်ရောက်လေ့လာ အပန်းဖြေအနားယူနေတာ။ နန်းတော်ပိတ်မှ အေးအေးဆေးဆေး ပြန်ကြမယ်။ ကလေးတွေက ပြေးလိုက်လွှားလိုက် စားလိုက် ဓာတ်ပုံရိုက်လိုက်နဲ့ ပျော်နေကြတာ။ ဝိုင်ဖိုင်လည်းအခမဲ့ သုံးလို့ရတော့ ကလေးတွေက ဓာတ်ပုံရိုက်လိုက် လိုင်းတင်လိုက် နဲ့လာရောက်ကြတဲ့ ပြည်သူတွေ စိုးရိမ်မှုမရှိ အေးချမ်းနေကြတာ ဝမ်းသာစရာပါပဲ”ဟု ပြောသည်။



**မောင်ယဉ်ဦး**

# ကော့သောင်းမြို့၌ ပန်းခင်းစီမံချက်ဖြင့် ကျေးရွာများအထိ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိ

**ကော့သောင်း ဒီဇင်ဘာ ၂၆**

ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးအနေဖြင့် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကိုဗစ်- ၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဘန်းကချွန်ကျေးရွာနှင့် ဆယ်မိုင်ကျေးရွာများ၌ ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ပေးသည်။

မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီး မိသားစုဝင်များနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ အကြောင်းကြောင်းကြောင့် နိုင်ငံသားကတ်ပြားပျောက်ဆုံးပျက်စီးသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ရန် ကျန်ရှိသူများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ပန်းခင်းစီမံချက်ဖြင့် ၁၈ လကြာ ဆောင်ရွက်သွားမည်ဖြစ်ရာ မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များအပြင် ကျေးလက်တောရွာများအထိ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်သည်။

**ကျော်စိုး(ကော့သောင်း)**

*စာမျက်နှာ ၂၀ မှ*

(အိမ်ထောင်စုလူဦးရေစာရင်းသည် ၁၉၄၉ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေအရ ထုတ်ပေးထားခြင်းဖြစ်၍ မြေ/အဆောက်အဦ၊ အိမ်ခန်း ပိုင်ဆိုင်ခွင့်နှင့် လုံးဝမသက်ဆိုင်စေရ။)

**နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားခြင်း**

နိုင်ငံသားစိစစ်ရေးကတ်ပြားကို မြို့နယ်လဝကရုံးသို့ လာရောက်လျှောက်ထားကြသူ ပြည်သူများအနေဖြင့်-

၁။ ကာယကံရှင်ကိုယ်တိုင် လာရောက်လျှောက်ထားရမည်။

၂။ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့်မိတ္တူ ပါရှိရမည်။

၃။ မိဘနှစ်ပါး၏ နိုင်ငံသား/အမျိုးသားမှတ်ပုံတင်လက်မှတ်မိတ္တူ ပါရှိရမည်။

၄။ အသက်အတွက် ကျောင်းထောက်ခံချက် (သို့မဟုတ်)မွေးစာရင်း မူရင်းနှင့် မိတ္တူ ပါရှိရမည်။

၅။ (၀.၈ x ၀.၈)လက်မအရွယ် ဓာတ်ပုံငါးပုံ ပါရှိရမည်။

၆။ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပါရှိရမည်။

၇။ ကာယကံရှင်၏ သွေးအုပ်စုသတ်မှတ်ချက် (သွေးအမျိုးအစား)

၈။ မျိုးရိုးစဉ်ဆက်ဇယား ဖြည့်စွက်ပြီးသော ရှေ့ပြေးလျှောက်လွှာ ပါရှိရမည်။

(၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ-၁၈ အရ နိုင်ငံသားတစ်ဦးသည် မဟုတ်မမှန်ဖော်ပြခြင်း (သို့မဟုတ်) ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ်ကို ရရှိပါက နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းခံရမည့် အပြင် ထောင်ဒဏ် ၁၀ နှစ်နှင့် ငွေဒဏ် ကျပ်ငါးသောင်းကို ကျခံရမည်။)

**နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူများ လိုက်နာရမည့် အချက်များ**

၁။ မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါ်တွင် တရားမဝင် ပြင်ဆင်ခြင်း၊ ဖျက်ခြင်း၊ ရေးသွင်းခြင်း မပြုရ။

၂။ မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါ်တွင် ဓာတ်ပုံပျက်စီး/ မထင်မရှားဖြစ်ပါက မိမိသဘောဖြင့် ဓာတ်ပုံလဲခြင်း၊ ကပ်ခြင်း မပြုလုပ်ရ။

၃။ မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို အခြားတစ်ဦးဦးထံ လွှဲပြောင်းပေးအပ်ကိုင်ဆောင်စေခြင်း မပြုလုပ်ရ။

၄။ အခြားသူတစ်ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကောက်ရ/ တွေ့ရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးသို့ သွားရောက်အပ်နှံရမည်။

၅။ မိမိနေအိမ်မှ မြို့နယ်ကျော်ခရီးသွားလျှင် မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားကို တစ်ပါတည်း ယူဆောင်သွားရမည်။

၆။ မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံးလျှင် နီးစပ်ရာ ရဲစခန်းသို့ တိုင်ကြားရမည်။

၇။ လူတစ်ဦးတည်း နံပါတ်တစ်ခုထက်ပို၍ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားကိုင်ဆောင်ကြောင်း တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

**ပြည်သူများလည်း ပူးပေါင်းပါဝင်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် မြန်မာနိုင်ငံသားများဖြစ်ကြသော တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် ပန်းခင်းဟူသော စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများကလည်း နိုင်ငံသားစိစစ်ရေးကတ်/အသိအမှတ်ပြု ကိုင်ဆောင်ခွင့်ရကတ်ပြား ရရှိကိုင်ဆောင်နိုင်ရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား/ အသိအမှတ်ပြုကိုင်ဆောင်ခွင့်ရကတ်ပြားသည် လူတစ်ဦးစီတိုင်း၏ လူမှုဘဝတွင် လွန်စွာ အရေးပါ အသုံးဝင်သည့်အတွက် “လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကို ကိုင်ကြစို့”ဟူသော ပန်းခင်းစီမံချက်၏ ရည်မှန်းချက် အောင်မြင်စေရန် ပြည်သူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

# ရွှေတိဂုံစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး တစ်ခုပျက်တစ်ခုပြင်စနစ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရွှေတိဂုံစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းဆောင်ရွက်နေမှုလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဒီဇင်ဘာ ၂၅ ရက်က ကြည့်ရှုစစ်ဆေးပြီး စေတီတော်ရင်ပြင်ပေါ်တွင် ဌာနဆိုင်ရာဝန်ထမ်းများ ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ကုသိုလ်ယူ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုအားပေးသည်။

စေတီတော်ရင်ပြင်ပေါ်ရှိ သာသနိကအဆောက်အအုံများနှင့် ဇရပ်၊ တန်ဆောင်းများ ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ ဘုရားစေတီများ၏ ပလ္လင်များ ၊ ဆီမီးခုံစေတီ ၊ မြေစိုက်စေတီ ၊ အုတ်ဂူစေတီများတွင် ဆေးမသုတ်မီ ကြိုတင်ပတ်တီးလိုက်ခြင်း၊ ဆေးသုတ်၍ ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ ရွှေသင်္ကန်းများ ပြန်လည်ကပ်လှူခြင်းများကို ဆောင်ရွက်ရာတွင် မူလအလှူရှင်များ၏ လှူဒါန်းမှုမှတ်တမ်း ကမ္ပည်းများနှင့် ရေးလက်ရာများကို မပျက်စီးအောင် ဂရုပြု၍ ထိန်းသိမ်းဆောင်ရွက်ရန် ၊ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲကြံ့ခိုင်စေရန် တစ်ခုပျက်တစ်ခုပြင်စနစ်ဖြင့် မပြတ်စစ်ဆေးထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဘုရားဖူးများ စိတ်ချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် အမှိုက်များစနစ်တကျစွန့်ပစ်ရန် စသည်တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်နှင့် ပစ္စယံ အဆင့်ဆင့်တို့တွင် သန့်ရှင်းရေးကုသိုလ်ယူနေကြသည့် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၊ တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ကြည့်ရှုအားပေးကြောင်း သိရသည်။



**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်(လီမိတက်)က ဆန်စပါးဝယ်ယူရောင်းချရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာလ ၂၆**

ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ် (လီမိတက်) သည် တောင်သူများ စပါးပေါ်ချိန်တွင် သင့်တင့်မျှတသော စပါးဈေးနှုန်းများရရှိစေရန်၊ ဈေးကွက်တည်ငြိမ်မှုများ ရရှိစေရန်နှင့် အသင်းသားတောင်သူများ အကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ စပါးဝယ်ယူရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဧည့်မထစပါးတစ်တင်းလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် စပါး ၄၁၈ တင်းကို ဝယ်ယူခဲ့ပြီး ကျောက်တော်မြို့နယ် အသင်းစုချုပ်ပိုင် ကာဒီဆန်စက်တွင် သိုလှောင်ထားရှိသည်။ **(ယာပုံ)**

ထို့ပြင် စပါးလှိုင်လှိုင်ပေါ်ချိန်တွင် ဧည့်မထစပါးသာမက ပေါ်ဆန်းစပါးများကိုပါ ထပ်မံဝယ်ယူခြင်း၊ ကြိတ်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး အသင်းသားပြည်သူများနှင့် ဒေသအတွင်းရှိ စားသုံးသူပြည်သူများထံသို့ ဒေသပေါက်ဈေးထက် သက်သာသော နှုန်းထားများဖြင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်၌ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အဘိဓမ္မာ(ဂုဏ်ထူး)၊ အဘိဓမ္မာ(ရိုးရိုး)နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများကို ပျဉ်းမနားမြို့နယ် အုန်းတောပရိယတ္တိစာသင်တိုက် စာဖြေဌာနနှင့် ဇမ္ဗူသီရိမြို့နယ် နန်းဦးပရိယတ္တိစာသင်တိုက် စာဖြေဌာနတို့တွင် စစ်ဆေးလျက်ရှိရာ ယမန်နေ့က နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက စာမေးပွဲကြီးကြပ် ဆရာတော်များကို ဖူးမြော်ကြည်ညိုပြီး ဩဝါဒခံယူကာ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

ပျဉ်းမနားမြို့နယ် အုန်းတောပရိယတ္တိစာသင်တိုက် စာဖြေဌာနနှင့် ဇမ္ဗူသီရိမြို့နယ် နန်းဦးပရိယတ္တိစာသင်တိုက် စာဖြေဌာနတို့၌ အဘိဓမ္မာ(ဂုဏ်ထူး)စာမေးပွဲတွင် လူပုဂ္ဂိုလ် အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦး၊ အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲတွင် လူပုဂ္ဂိုလ် အမျိုးသားခြောက်ဦး၊ အမျိုးသမီး ၁၅ ဦးနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် သီလရှင် တစ်ပါး၊ လူပုဂ္ဂိုလ် အမျိုးသမီးရှစ်ဦး စုစုပေါင်း စာမေးပွဲဖြေဆို သူ ၃၆ ဦးက ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဖြိုး(ပြန်ဆက်)**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှု တစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေး အစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေး တာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကမ္ဘာကျော်ဂုတ်ထိပ်တံတားလည်ပတ်ရေး ရထားစတင်ပြေးဆွဲ




**နောင်ချို ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့နိုင်စေရန် ရည်ရွယ်၍ ရထားခရီးစဉ်များ စီစဉ်ဖွင့်လှစ်ခဲ့ရာ ယမန်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း၏ အထင်ကရဖြစ်သော ရှေးဟောင်းသမိုင်းဝင် ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးသို့ မန္တလေး-လားရှိုး ရထားလမ်းပိုင်းမှ (၁၃၁) အဆန်မီးရထားဖြင့် စီးနင်းလိုက်ပါ၍ လာရောက်လည်ပတ်သော ပြည်တွင်းခရီးသွား ဧည့်သည်များအား ဒေသခံတိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှု အတီးအမှုတ်၊ အကအလှများဖြင့် ကြိုဆိုခဲ့ကြပြီး မြန်မာ့မီးရထားလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစိုင်းသော်လင်းနှင့် မီးရထားဝန်ထမ်းများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ (ဓာတ်ပုံ)

အဆိုပါ ရထားခရီးစဉ်တွင် ပြည်တွင်းခရီးသွား ဧည့်သည် ၁၄၀ လိုက်ပါစီးနင်းခဲ့ပြီး ရထားခရီးစဉ်ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပုံမှန်ပြေးဆွဲမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မှ နံနက်၈ နာရီခွဲတွင် စတင်ထွက်ခွာလာပြီး ဂုတ်ထိပ်သို့ နံနက် ၁၁ နာရီခွဲတွင် ရထားဆိုက်ရောက်ကာ ခရီးသည်များ လည်ပတ်သွားလာချိန် တစ်နာရီ ခွင့်ပေး၍ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း၊ မြန်မာခရီးသွားလုပ်ငန်းအား ပြန်လည်ဦးမော့လာနိုင်စေရန် သက်ဆိုင်ရာဌာနများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **ထွေးငယ်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ် ဥသျှစ်ပင် နယ်မြေမီးသတ်စခန်း(အသစ်) ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပန်းတောင်း ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်နယ်မြေ မီးသတ်စခန်း ပေ( ၄၅x ၅၀x ၂၆) RCC နှစ်ထပ် အဆောက်အအုံကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောက်လုပ်ပြီးစီးခဲ့ပြီး ဖွင့်ပွဲကို ဥသျှစ်ပင်နယ်မြေမီးသတ်စခန်း(အသစ်)တွင် ဒီဇင်ဘာ ၂၅ ရက်တွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအေးကြိုင်၊ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဥသျှစ်ပင် နယ်မြေမီးသတ်စခန်း (အသစ်) ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးက နယ်မြေမီးသတ်စခန်းများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

**သင်းသင်းအေး (ပြန်/ဆက်)**

## ဗန်းမောက်မြို့နယ်၌ လက်မှုအနုပညာဖန်တီးထုတ်လုပ်မှုသင်တန်း အခမဲ့သင်ကြားပေးလျက်ရှိ

**ဗန်းမောက် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံအင်အုပ်စု မကျည်းကုန်းကျေးရွာ သာသနာ့မေဒိနီ ဘုန်းတော်ကြီးကျောင်းတွင် ဒီဇင်ဘာ ၂၅ ရက်မှစ၍ ရှမ်းနီလူငယ်ကွန်ရက်မှ ဦးဆောင်ကာ လက်မှုအနုပညာ ဖန်တီးထုတ်လုပ်မှုသင်တန်းကို အခမဲ့သင်ကြားပေးလျက်ရှိသည်။



အဆိုပါသင်တန်းကို ရှမ်းနီလူငယ်ကွန်ရက်က ဦးဆောင်၍ ပြည်သူ့ရင်သွေးစာပေနှင့် စာကြည့်တိုက် အနုပညာဖောင်ဒေးရှင်း တည်ထောင်သူ ဒီဇိုင်နာပညာရှင် မဇူးဇူးလှိုင်က ရှမ်းနီလူမျိုးများ နေထိုင်ရာ ကျေးလက်ဒေသများမှ စီးပွားရေးအရ အတန်းပညာကို ဆက်လက်သင်ကြားနိုင်ခြင်း မရှိကြသည့် အမျိုးသမီးငယ်လေးများ၊ အလုပ်အကိုင်မရှိကြသော အိမ်ထောင်သည် အမျိုးသမီးများအား တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန်၊ အနုပညာရပ်များ မြင့်မားလာစေရန်၊ စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုများ ရရှိလာစေရန်နှင့် သင်ယူတတ်မြောက်ထားသည့် ပညာရပ်များဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ သင်ကြားပို့ချခြင်း ဖြစ်သည်။

သင်တန်းတွင် သင်တန်းသူ အမျိုးသမီး ၂၅ ဦးအား လက်မှုပညာဒီဇိုင်းများ၊ နိုင်လွန်အလှပန်းအမျိုးမျိုးပြုလုပ်နည်းများ၊ စက္ကူအလှပန်းအမျိုးမျိုးပြုလုပ်နည်းများ၊ စက္ကူခေါက်ခြင်းအနုပညာနှင့် သိုးမွေးချည်အရုပ်လုပ်နည်းများကို နံနက် ၈ နာရီမှစ၍ ညနေ ၄ နာရီ အထိ သင်တန်းကာလ ၁၀ ရက်ထိတိုင် အခမဲ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ် ရှမ်းနီလူငယ်ကွန်ရက်သည် မြို့နယ်အတွင်းရှိ ရှမ်းနီလူမျိုးများရှိရာ ကျေးလက်ဒေသများမှ အလုပ်အကိုင်မရှိသော အရွယ်ရောက်သူ အမျိုးသားများနှင့် အမျိုးသမီးငယ်လေးများအား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် အခြေခံကွန်ပြူတာသင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ ဖိနပ်ချုပ်လုပ်နည်းသင်တန်းနှင့် လက်မှုပညာများကို အခမဲ့စရိတ်ငြိမ်းသင်ကြားပေးလျက်ရှိသည်။

**လှိုင်ဘွား(ဗန်းမောက်)**

# အင်းဝခေတ်စေတီတော် ထီးတော်တင်လှူ

**စစ်ကိုင်း ဒီဇင်ဘာ ၂၆**

စစ်ကိုင်းမြို့ မိုးဇာရပ်ကွက် လောင်းလှဲဘုရား ဘုရားကိုးဆူဝင်းအတွင်းရှိ အောင်စကြာစေတီတော် ထီးတော်တင်လှူပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ စေတီတော်မှာ အောက်တိုဘာ ၂၆ ရက်က မိုးသက်လေပြင်းများ ကျရောက်ခဲ့ခြင်းကြောင့် စေတီတော်ကြီး ထီးတော်မှာ ပျက်စီးယိုယွင်းသွားခဲ့သည်။ ထီးတော်အသစ် ပြန်လည်တင်လှူ ပူဇော်နိုင်ရန်အတွက် မိုးဇာရပ်ကွက် လူမှုရေးအသင်းမှ ဦးဆောင်ကာ ရပ်ကွက်နေထိုင်သူများနှင့် ဘုရားဝင်းအနီးရှိ ဈေးဆိုင်ခန်းများမှ ဈေးသူ ဈေးသားများက စုပေါင်းလှူဒါန်းမှု ပြုကြခြင်းဖြစ်ကြောင်း သိရသည်။

စေတီတော်ကြီးမှာ အင်းဝခေတ် ရှေးဟောင်းစေတီတစ်ဆူဖြစ်ကြောင်း နှစ်စဉ်ဘုရားပွဲများ ကျင်းပလေ့ရှိကြောင်း မိုးဇာရပ်ကွက်လူမှုရေးအသင်း အတွင်းရေးမှူး ဦးဇော်မြင့်က ပြောသည်။

**ခိုင်ဇေယျ**






# မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) သက်ကြီးသတင်းစာဆရာကြီးများအား ဂါရဝပြုကန်တော့

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) က ကြီးမှူးကျင်းပသော ပထမအကြိမ်မြောက် သက်ကြီးသတင်းစာဆရာကြီးများအား ဂါရဝပြုကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် ကြီးငါးကြီး ဆုတောင်းပြည့်ဘုရား အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းစာဆရာကြီးများကိုယ်စား မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း ... မီဒီယာကောင်စီဝင် ဒေါက်တာ ဇော်သန်းက မုဒိတာစကားပြောကြားပြီး မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကန်တော့ချီးဖြင့် သက်ကြီးသတင်းစာ ဆရာကြီးများအား ဂါရဝပြုကန်တော့ခံပစ္စည်းများဖြင့် ကန်တော့ကြပြီး ကန်တော့ခံ သက်ကြီးသတင်းစာ ဆရာကြီးများကိုယ်စား မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)၏ ဂုဏ်ထူးဆောင်နာယက ဦးယဉ်ကျော်က သြဝါဒစကား ပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အခမ်းအနားသို့ မတက်ရောက်နိုင်သည့် သက်ကြီးသတင်းစာ ဆရာကြီးများအား သွားရောက်ကန်တော့ကြမည်ဖြစ်သည်။

**အာကာစိုး**

# ကျောက်ဆည်မြို့နယ် ကြောင်ကျေးရွာတွင် သောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်သဖြင့် ပြည်သူများပျော်ရွှင်လျက်ရှိ

**ကျောက်ဆည် ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲရှိသော ကျေးရွာများအား သောက်သုံးရေဖူလုံစွာ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကြောင်ကျေးရွာတွင်လည်း ပြည်သူများသောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေး ရေပေးဝေရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးတော့မည်ဖြစ်သဖြင့် ပြည်သူများ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၆၂ သန်းဖြင့် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တစ်ကန်၊ အလျား ၅ ပေ၊ အနံ ၅ ပေ၊ အမြင့် ၇ ပေရှိ ရေစက်ရုံတစ်ရုံ၊ ကျေးရွာတွင်း ရေသွယ်တန်းခြင်းအတွက် အကျယ် နှစ်ပေ(VPC)ရေပိုက် ပေ၆၀၀၀ ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ရွာက တောင်ပေါ်ရွာဖြစ်တဲ့အတွက် အဝီစိတွင်း တူးဖို့ကလည်း ရွာအနေနဲ့ မလွယ်ကူပါဘူး။ နှစ်တိုင်း သောက်သုံးရေ အခက်အခဲဖြစ်နေတာ အခုတော့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေစက်ရုံတွေ၊ ရေကန်တွေ၊ ရေပိုက်တွေ ဆောင်ရွက်ပေးတော့ တစ်ရွာလုံး ပျော်ရွှင်နေကြပါတယ်"ဟု ကြောင်ကျေးရွာမှ ရပ်မိရပ်ဖ ဦးထွန်းမင်းက ပြောသည်။

အဆိုပါလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း လုပ်ငန်းများပြီးစီးနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းအေးနှင့် ဒေါ်ငြေးငြေးရီ (နည်းပညာ)တို့က ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် လုပ်ငန်းများ ပြီးစီးသွားပါက ကြောင်ကျေးရွာမှ အိမ်ခြေ ၃၆၉ အိမ်၊ လူဦးရေ ၁၈၀၄ ဦးအတွက် သောက်သုံးရေများဖူလုံမည့်အပြင် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက်လည်း အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# ချောင်းဆုံမြို့နယ်တွင် ဒေသပေါက်နွားအများစု အရေပြားအကျိတ်ရောင်ရောဂါဖြစ်ပွားနေမှုကြောင့် နွားဈေးနှုန်းများကျဆင်းနေ



**ချောင်းဆုံ ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ယခင်ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလအတွင်းမှ စတင်၍ နွားအရောင်းအဝယ်များ ရပ်တန့်နေပြီး ယခုအချိန်တွင် နွားအများစုမှာအရေပြားအကျိတ်ရောင်ရောဂါဖြစ်ပွားနေ၍ အခြားဒေသမှ ဝယ်သူများ မရှိခြင်းတို့ကြောင့် နွားဈေးနှုန်းကျဆင်းနေရကြောင်း ဒေသခံ အိမ်တွင်းတစ်နိုင်တစ်ပိုင် နွားမွေးသူများထံမှ သိရသည်။

"အခုတလောမှာတော့ နွားတွေမှာ အရင်က မဖြစ်ဖူးတဲ့ ရောဂါတွေ ဖြစ်နေတယ်။ တချို့ဆို တိရစ္ဆာန်ဆရာဝန်တွေနဲ့ဆေးထိုးတာတွေရှိပြီး နွားတွေသေဆုံးတာတွေလည်းရှိနေ တော့ နွားဝယ်သူတွေ မရှိကြဘူး။ ရောင်းမယ်ဆိုရင်တောင် ဈေးတန်းက အရင်လောက်မရတော့ဘူး။ ဈေးက ထက်ဝက်လောက် ကျတာတွေနဲ့ ရင်ဆိုင်နေရတာပါ" ဟု နွားမွေးမြူသူ ဦးတင်အေး ထံမှ သိရသည်။

"နွားတွေမှာက အရင် တစ်လ နှစ်လလောက်က စပြီးတော့ အရေပြားအကျိတ်ရောင်ရောဂါလို့ ပြောရမှာပေ့ါ။ ကျေးရွာတွေမှာ တော်တော်များများ ဖြစ်နေတာ တွေ့ရတယ်။ ကာကွယ်ဆေးတော့ မရှိဘူး။ ရောဂါစ ဖြစ်နေတဲ့အချိန်မှာတော့ ပိုးသတ်ဆေးတွေ ထိုးပြီး ကာကွယ်လို့တော့ရပါတယ်"ဟု မြို့နယ် မွေး/ကု ဌာနမှ မြို့နယ် ဦးစီးမှူး ဒေါက်တာ နွဲ့နွဲ့ရီက ပြောသည်။

အဆိုပါ ရောဂါများဖြစ်ခြင်းကြောင့် နွားအရောင်းအဝယ်ထိုင်းနေခြင်း၊ ကိုဗစ်ကာလအတွင်း ပွဲလမ်းသဘင်များ မရှိခြင်းတို့ကြောင့် နွားအရောင်းအဝယ်မရှိခြင်းဖြစ်ကြောင်း၊ ယခင်ကာလ မျိုးကောင်း မျိုးသန့် နွားပေါက်ဈေးမှာ တစ်ကောင်လျှင် ငွေကျပ် သိန်း၂၀မှ သိန်း ၁၀၀ ကျော်အထိရှိကြောင်း၊ ယခုအခါ ဒေသပေါက်ဈေး နွားမျိုးသန့် ဈေးသိန်း၃၀ တန်းမှာ ၁၅ သိန်း လောက်သာရှိကြောင်း သိရသည်။

**ချောင်းဆုံ(ပြန်/ဆက်)**

# လွှတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို သီပေါမြို့နယ်၌ စာစီစာကုံးပြိုင်ပွဲကျင်းပ

**သီပေါ ဒီဇင်ဘာ ၂၆**

(၇၄) နှစ်မြောက် လွှတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မူလတန်းနှင့်အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့နံနက်က အမှတ်(၁) အခြေခံပညာမူလတန်း ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲတွင် မူလတန်းအဆင့်တွင် လွှတ်လပ်ရေးနေ့ အခမ်းအနားခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလယ်တန်းအဆင့်တွင် လွှတ်လပ်ရေးအောင်ပွဲနေ့ခေါင်းစဉ်ဖြင့် လည်းကောင်း ကျင်းပပြီး လူငယ်မောင်မယ်များအနေဖြင့် လွှတ်လပ်ရေးကို မြတ်နိုးတန်ဖိုးထားတတ်စေရန်နှင့် ကာကွယ်စောင့်ရှောက် တတ်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသန္တာအေးက ပြောသည်။

ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို (၇၄) နှစ်မြောက် လွှတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါ်ညိုညိုအေးသည် ရေဆင်းငါးစခန်း၌ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ တိုင်း/ ခရိုင်/ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ရုံးများမှ ဝန်ထမ်းများအား နည်းပညာပေးသင်ကြားမည့် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော်တိုင်း ဦးစီးဌာနမှူးသည် ရေဆင်းငါးလုပ်ငန်းစခန်း တာဝန်ခံ လ/ထ ညွှန်ကြားရေးမှူး ဦးစိုးပိုင်က ငါးသားဖောက်မည့် မျိုးငါးရွေးချယ်ခြင်း လက်တွေ့သင်ကြားပြီး သင်တန်းတက်ရောက်လာသူများ ကိုယ်တိုင် မျိုးငါးများရွေးချယ်ခြင်း၊ ငါးဆေးထိုးသားဖောက်ရန်အတွက် ရွေးချယ်ထားသည့် မျိုးငါးအထီးနှင့် အမများအား ဟိုမုန်း ဆေးထိုးရန် ဆေးစပ်နည်းများ လက်တွေ့ပြသပေးခြင်းတို့ကို ကြည့်ရှုခဲ့သည်။ သင်တန်းကာလမှာ



စာတွေ့ လက်တွေ့ ၂ ရက် ပို့ချပေးခဲ့ပြီး သင်တန်းသို့ နေပြည်တော် တိုင်းအတွင်းရှိ ခရိုင်/မြို့နယ်များမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြောင်း သိရသည်။ **သတင်းစဉ်**

# နွားထိုးကြီးမြို့နယ်၌ ဝါဈေးကောင်း၍ ဝါစိုက်ကေတိုးမြင့်လာ

**နွားထိုးကြီး ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၌ ဝါဂွမ်းဈေး တစ်နှစ် ထက်တစ်နှစ်ဈေးမြင့်လာ၍ ဝါစိုက်ပျိုးကေ တိုးတက်လာနေကြောင်း မြို့နယ်ဝါစိုက်သူများထံမှ သိရသည်။

ယခုနှစ်နွားထိုးကြီးမြို့နယ်၌ ဝါလှိုင်လှိုင် ပေါ်နေပြီဖြစ်ရာ ဝါဈေးမှာ ယမန်နှစ်က ဈေးမြင့်ပြီး ချည်မျှင်ရှည်ဝါ တစ်ပိဿာ ၁၆၅၀၊ အတိုဝါ ၁၃၀၀ ဈေးရှိနေသည်။ ယမန်နှစ်ကဝါ တစ်ပိဿာ ၁၅၀၀၊ အတိုဝါ ၁၃၀၀ သာရှိခဲ့ကြောင်း ထွန်းသီးနှံပွဲရုံက ပြောသည်။



ဝါကောက်ခမှာ အမျိုးသမီး တစ်ဦးလျှင် နေ့ဝက် ငွေကျပ် ၂၀၀၀ နှုန်း တစ်နေကုန် ငွေကျပ် ၄၀၀၀ ဖြင့် ရရှိကြပြီး ဝါကောက်လုပ်သားရှားပါးမှု မရှိကြောင်း သိရသည်။

နွားထိုးကြီး မြို့နယ်တွင် ယခုနှစ်ဝါစိုက်ကေ မလှိုင် ၅/ ၆ ဝါ ကေ ၄၀၀၀၊ ချည်မျှင်ရှည်ဝါ ကေ ၄၇၀၀၊ မိုးချည်မျှင်ချည်ဝါ ကေ ၂၅၀၀၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ကေ ၂၂၀၀ ကျော်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ **ဌေးမြင့်မောင်**

# အင်းတော်မြို့နယ် ကျေးလက်ဦးစီးဌာနက ကုန်ထုတ်လမ်းများ ဖောက်လုပ်လျက်ရှိ

**စစ်ကိုင်း ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကျေးလက်ဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် အင်းတော်မြို့နယ် သံဘိုကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ မြောင်းကူးတံတား သုံးစင်း ဆောက်လုပ်ခြင်းအတွက် ငွေကျပ် ၄၆ ဒသမ ၂၄ သန်းဖြင့်လည်းကောင်း တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် အင်းတော်မြို့နယ် မော်တိတ်ကျေးရွာ ကုန်ထုတ်လမ်းတစ်လမ်း၊ မြောင်းကူးတံတား သုံးစင်းဖောက်လုပ်ခြင်းအတွက် ငွေကျပ် ၇၅ ဒသမ ၉၈သန်းဖြင့် လည်းကောင်း လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို တင်ဒါအောင်မြင်သော စိန်သစ္စာကုမ္ပဏီက ဆောင်ရွက်လျက်ရှိပြီးလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ် စံချိန်စံညွှန်း ပြည့်မီစေရေးအတွက် အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူး ဦးစေနိုင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ဇင်မာမြင့်တို့က ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

ချိန်ခါမရွေး
သတိပေး
မီးဘေး
ကင်းဝေးမှာ

# ရေနံချောင်းမြို့နယ်၌ ကြက်သွန်နီ ကေ ၃၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

**ရေနံချောင်း ဒီဇင်ဘာ ၂၆**

ရေနံချောင်းမြို့နယ်၌ ကြက်သွန်နီကို စတင်ပြီး စိုက်ပျိုးလျက်ရှိကာ ကေ ၃၀၀၀ ကျော် လျာထား၍ စိုက်ပျိုးမည်ဖြစ်သည်။

ရေနံချောင်း မြို့နယ်၌ ရေဝတီမြစ်မြေနု၌ တောင်သူများ မြေအောက်ရေအဝီစိရေဖြင့် အဓိကထား၍ နှစ်စဉ်စိုက်ပျိုးကြသည်။ ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ ၂၀၂၁ - ၂၀၂၂ ခုနှစ် ဆောင်းသီးနှံ ကြက်သွန်ကို ကေ ၃၀၇၉ လျာထား၍ စိုက်ပျိုးသွား မည်ဖြစ်ကြောင်း သိရသည်။ ယခင် ၂၀၂၀-၂၀၂၁ ခုနှစ် ဆောင်းသီးနှံ ကြက်သွန် ကေ ၃၀၇၀ လျာထား စိုက်ပျိုးခဲ့ရာ ကေ ၃၀၇၉ စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားကေထက်ကျော်လွန်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနစာရင်းအရ သိရသည်။



**မျိုးမြင့်သူ**

MOEE
YESC
အိမ်ပိတ်၍ အပြင်သွားမည်ဆိုပါက လျှပ်စစ်မိန်းခလုတ်ကိုလည်း ပိတ်ပြီးမှ သွားသင့်ပါသည်။



# ပင်လောင်းမြို့နယ် ဆီဆိုင်မြို့နယ်နှင့် လွိုင်လင်မြို့နယ်တို့တွင် ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီက ပင်လောင်းမြို့နယ် စင်းတောင်ကျေးရွာအုပ်စု တင်ထက်ကျေးရွာရှိ ဘိန်းစိုက်ခင်း ၁၅ ဧကခန့်အား ဖျက်ဆီးဆောင်ရွက်သည်။

အလားတူ နံနက် ၉ နာရီတွင် ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွယ်ဆောင်ကျေးရွာအတွင်းရှိ ဘိန်းစိုက်ခင်း ဧက ၄၀ ခန့်အား ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း၊ ထို့အတူ နံနက် ၇ နာရီခွဲတွင် လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ပင်လုံမြို့ ဆဟောင်းကျေးရွာအုပ်စု ကျူနိမ့်ကျေးရွာသို့ ရောက်ရှိပြီး ဝမ်ဟွေ့ကျေးရွာတောင်ဘက် တစ်မိုင်ခန့်အကွာရှိ ဘိန်းစိုက်ခင်း ရှစ် ဧကခန့်ကို ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မာလဲနတ်တောင်ရေလှောင်တမံမှ ယခုနှစ် နွေသီးနှံစိုက်ဧက ၁၁၀၀ အတွက် စိုက်ပျိုးရေများ ပေးဝေသွားမည်

**မန္တလေး ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ မာလဲနတ်တောင်ရေလှောင်တမံမှ တောင်သူများအတွက် နွေသီးနှံစိုက်ဧက ၁၁၀၀ အတွက် လာမည့် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ စိုက်ပျိုးရေများ ပေးဝေသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်အောင်စိုးက ပြောကြားသည်။



အဆိုပါ နွေသီးနှံစိုက်ဧကများအတွက် မာလဲနတ်တောင်ရေလှောင်တမံအတွင်း ရေနည်းနေသော်လည်း ရေလက်ကျန်ပမာဏမှာ ၃၁၉၆၄ ဧကပေရှိ၍ စိုက်ပျိုးရေအတွက် အသုံးပြုနိုင်သော ရေပမာဏမှာ ၂၄၅၅၅ ဧကပေနှင့် ပေးနိုင်သည့်ဧကပေကို တွက်ချက်ကာ ယင်းရေလက်ကျန်ပမာဏပေါ် မူတည်၍ ယခုနှစ်တွင် နွေစပါးဧက ၈၀၀ နှင့် အခြားသီးနှံဧက ၃၀၀ လျာထားပြီး စိုက်ပျိုးရေများပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

"တောင်သူတွေအတွက် စိုက်ပျိုးရေ ပြည့်ဝစွာပေးနိုင်အောင် မနှစ်က မာလဲနတ်တောင်တူးမြောင်းစနစ်ကို အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပြီးပါပြီ။ ပြီးခဲ့တဲ့ မိုးစပါးရာသီမှာ မြောင်းရေဆုံးသည်အထိ ရေပေးဝေနိုင်ခဲ့ပါတယ်။ နောက်ဆို မိုးရွာသွန်းမှုပေါ် မူတည်ပြီးတော့ တောင်သူတွေအတွက် စိုက်ပျိုးရေကို ပြည့်ဝစွာ ပေးသွားမှာပါ။ အခု နွေသီးနှံတွေအတွက်လည်း စိုက်ပျိုးရေပေးဝေသွားတော့မှာပါ။ တောင်သူတွေအနေနဲ့ကလည်း ရေကို စနစ်တကျနဲ့ ချွေတာသုံးစွဲကြဖို့လိုပါတယ်။ ဒါမှ ရေတွေ အလေအလွင့်မရှိဘဲ တောင်သူတွေ အဆင်ပြေစွာသုံးစွဲနိုင်ကြမှာပါ။ နွေ၊ မိုးရာသီအလိုက် တောင်သူတွေအတွက် စိုက်ပျိုးရေကို ပေးဝေသွားမှာပါ"ဟု ၎င်းက ရှင်းပြသည်။

ထိုမာလဲနတ်တောင်ရေလှောင်တမံမှ တောင်သူများအတွက် အဓိကအနေဖြင့် မိုးသီးနှံနှင့် နွေသီးနှံတို့ကို ပေးဝေစိုက်ပျိုးနေကြောင်း၊ မိုးစပါးရာသီချိန်တွင် စိုက်ဧက ၃၂၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း၊ ရေအသုံးချသူများအဖွဲ့ကိုလည်း ဖွဲ့စည်းပေးထားပြီး နောက်ပိုင်းတွင် အသင်းအဖွဲ့ဖြစ်လာစေရေးအတွက် ရည်မှန်းထားရှိကြောင်း၊ ယခုနှစ်နွေသီးနှံများအတွက် တမံအတွင်း လက်ကျန်ရှိသည့် ရေပေါ်မူတည်ပြီး ရေပေးရသည်ဖြစ်သောကြောင့် အထူးသဖြင့် မြောင်းအရင်းပိုင်းကို အဓိက ပေးဝေမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မင်းဘူးမြို့ဈေးကွက်သို့ တစ်ရက်လျှင် ကြက်သွန်နီ ပိဿာချိန် တစ်သိန်းခန့်ဝင်ရောက်

**မင်းဘူး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးဈေးကွက်တွင် ရေနံချောင်းနယ်ဘက်ရှိ ကျေးရွာများမှ တစ်ရက်လျှင် ကြက်သွန်နီ ပိဿာချိန် တစ်သိန်းခန့် လာရောက်ရောင်းချလျက်ရှိကြောင်း မင်းဘူးမြို့ ကြက်သွန်နီပွဲစားများထံမှ သိရသည်။

"ရေနံချောင်း နယ်ဘက်က ကျွန်တော်တို့ မင်းဘူးပွဲရုံကို လာရောင်းတဲ့ တောင်သူတွေဆို အရင်က လှောင်ကြက်သွန်ရှားပါးချိန် တူးဖော်ရောင်းချရပြီး တစ်ပိဿာကို ငွေကျပ် ၁၂၀၀/၁၃၀၀ ဝန်းကျင် ရောင်းရပေမယ့် အခု ကြက်သွန်နီဈေး အဆမတန်ကျသွားပြီး တစ်ပိဿာကို ငွေကျပ် ၂၀၀/၂၅၀ ဆိုတော့ တောင်သူတွေ အရှုံးပေါ်တာပေါ့ဗျာ" ဟု ကြက်သွန်နီ အဝယ်တော် ဦးထွန်းက ပြောသည်။ လက်ရှိ ကြက်သွန်နီ ဈေးကွက်မှာ တောင်သူတွေထဲက ငွေပေါ်လိုသူ တောင်သူများသာ ရောင်းချကြပြီး ဖုန်းဖြင့်မှာပါက အိမ်တိုင်ရာရောက် ပို့သူများလည်းရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မင်းဘူးမြို့ ကြက်သွန်နီဈေးကွက်မှာ လက်လီ တစ်ပိဿာကို ငွေကျပ် ၄၀၀ နဲ့ လက်ကားတစ်ပိဿာကို ငွေကျပ် ၂၅၀ သာရောင်းရပါတယ်။ အရင်နှစ်က ကြက်သွန်နီဈေး တစ်ပိဿာကို ငွေကျပ် ၁၇၀၀/၁၈၀၀ ဈေးအထိရှိခဲ့ပေမယ့် အခု ကုန်စည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းများလည်း လိုင်လိုင်မရှိတော့ပေမယ့် ဈေးကွက်အတွင်း ဝယ်လိုအားသိသာစွာ ကျဆင်းနေတာကြောင့် ပုံမှန်ဈေးအောက် ရောက်နေတဲ့အတွက် ကြက်သွန်နီဈေးနှုန်းတွေ အဆမတန် ကျဆင်းနေတာလည်း ဖြစ်ပါတယ်"ဟု ပွဲရုံလုပ်ငန်းရှင် ဦးသာပေါက ပြောသည်။

ကြက်သွန်နီဈေး ကျဆင်းနေသော်လည်း မင်းဘူးမြို့ရှိပွဲရုံများသို့ မိုးကြက်သွန်နီအများအပြား ဝင်ရောက်လျက်ရှိကာ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀ ဖြင့်သာ ရောင်းချရခြင်းကြောင့် စိုက်ပျိုးစရိတ် မကာမိကြောင်း လာရောက်ရောင်းချသည့် ကြက်သွန်နီစိုက် တောင်သူများက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၅၄ သန်းဖြင့် ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားနှစ်စင်းတည်ဆောက်

**ဆားလင်းကြီး ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၅၄ သန်းဖြင့် ရွှေချမ်းသာ၊ ရွှေကြက်တွန် ကျေးရွာနှစ်ရွာရှိ လယ်ယာမြေဧက ၃၀၀ မှ လယ်ယာထွက်ကုန်များဈေးကွက်သို့ အချိန်မီရောက်ရှိစေရေး ရည်ရွယ်၍ ကျေးလက်ကုန်ထုတ် လမ်းတစ်လမ်းနှင့် ရေထုတ်ပြွန်တံတားနှစ်စင်း စတင်တည်ဆောက်နေပြီဖြစ်ဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရွှေချမ်းသာ၊ ရွှေကြက်တွန်ကျေးရွာ နှစ်ရွာကြားရှိ ကျေးလက်ကုန်ထုတ်လမ်းမှာ အရှည် ငါးဖာလုံ အကျယ် ၁၅ ပေ ထုကျောက်ရောမြေ နှစ်ပေ၊ ဂျင်းကျောက် ကိုးလက်မနှင့် အရှည် ခြောက်ပေ အကျယ် ၂၄ပေ အမြင့် ခြောက်ပေရှိ ရေထုတ်ပြွန်တံတား နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၅၄ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီမှ ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က စတင်၍ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဝင်းက ပြောသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့် ရေထုတ်ပြွန်တံတား နှစ်စင်း တည်ဆောက်ပြီးစီးသွားပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၃၀၃အိမ်၊ လူဦးရေ ၁၆၁၃ ဦးတို့၏ လယ်ယာမြေဧက ၃၀၀ မှ လယ်ယာ ထွက်ကုန်များသည် ဆားလင်းကြီး၊ ယင်းမာပင် အစရှိသည့်မြို့ကြီးများမှ ဈေးကွက်များသို့ အချိန်မီ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**



# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာသေနတ်ပစ်အားကစားအဖွဲ့ ကစားနည်း ၁၆ မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဒီဇင်ဘာ ၂၆

**ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား (ဆီးဂိမ်း)ပြိုင်ပွဲတွင် သေနတ်ပစ်အားကစားအဖွဲ့ချုပ်မှ ကစားနည်း ၁၆ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။**

လာမည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲ သေနတ်ပစ်အားကစားနည်းတွင် အိမ်ရှင်မှ ကစားနည်း ၂၂ မျိုး ထည့်သွင်းထားပြီး မြန်မာသေနတ်ပစ်အားကစားအဖွဲ့က ရိုင်ဖယ်ရှစ်မျိုး၊ ပစ္စတိုရှစ်မျိုး စုစုပေါင်း ၁၆ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် သေနတ်ပစ်အားကစားနည်းအတွက် ပဏာမလက်ရွေးစင်အဖြစ် အမျိုးသား၊ အမျိုးသမီး ၁၀ ဦးခန့် ရွေးချယ်ထားပြီး ၂၀၂၁ ခုနှစ် ဧပြီလမှ စတင်ကာ ရန်ကုန်မြို့ရှိ ဒဂုံမြို့သစ်မြောက်ပိုင်း အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အားကစားကွင်းတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

"လာမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ ဆုတံဆိပ်အနေနဲ့ အမျိုးသား ပစ္စတိုအသင်းကို မှန်းထားပါတယ်။ သေနတ်ပစ်အားကစားနည်းက စိတ်ပိုင်းဆိုင်ရာမှာ အရေးကြီးပါတယ်။ စိတ်ပိုင်းရော၊ ရုပ်ပိုင်းရော နှစ်ပြီး တော့ကစားရတဲ့ အားကစားနည်း ဖြစ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုအားကောင်းရင် ကောင်းသလောက် အနိုင်ရရှိမှာပါ။ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုအပြည့်၊ အာရုံစူးစိုက်မှုအပြည့်နဲ့ ကစားနိုင်တဲ့ ကစားသမားကတော့ အောင်ပန်းဆွတ်ခူးနိုင်မှာပါ" ဟု ပစ္စတိုနည်းပြ ဦးသိန်းကြွယ်က ပြောသည်။

သေနတ်ပစ်အားကစားနည်းအနေဖြင့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ပြီး လာမယ့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိရေးအတွက် အား/ကာ(သိပ္ပံ)၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကြည်း၊ ရေ၊ လေပြိုင်ပွဲ၊ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲမှ ကစားသမားများအား ရွေးချယ်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။



**သတင်းနှင့်ဓာတ်ပုံတင်စိုး**

# ဆူဇူကီးဖလားဗိုလ်လုပွဲသို့ ထိုင်းနှင့် အင်ဒိုနီးရှား တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၂၀၂၀ အာဆီယံ ဆူဇူကီးဖလား ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယ က စင်ကာပူနိုင်ငံ၌ ကျင်းပရာ အကျော့ကို ဒီဇင်ဘာ ၂၅၊ ၂၆ ရက် ထိုင်းနှင့် အင်ဒိုနီးရှားအသင်း




အင်ဒိုနီးရှားအသင်း စင်ကာပူဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

ဗိုလ်လုပွဲတက်ရောက်သွားသည်။

ဒုတိယအကျော့တွင် ထိုင်းနှင့် ဗီယက်နမ်အသင်း ဂိုးမရှိ သရေကျပြီး အင်ဒိုနီးရှားအသင်းက စင်ကာပူကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နှစ်ကျော့ပေါင်း ရလဒ်အရ ထိုင်းက ဗီယက်နမ်ကို နှစ်ဂိုး-ဂိုးမရှိ၊ အင်ဒိုနီးရှားက စင်ကာပူကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းဖြစ်သည်။ ပထမကျော့တွင် နှစ်ဂိုးပြတ် အနိုင်ရထားသည့် နာမည်ကြီး ထိုင်းအသင်းသည် ဒုတိယအကျော့တွင် ဗီယက်နမ်ကို ထိန်းကစားကာ သရေရလဒ် ရယူပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းသည် ထိုင်းကို နှစ်ကျော့စလုံး ဂိုးမသွင်းယူနိုင်သည့် အပြင် ဒုတိယအကျော့တွင်လည်း သရေရလဒ်သာ ကစားနိုင်ခဲ့သဖြင့် ဗိုလ်လုပွဲနှင့်ဝေးပြီး ချန်ပီယံဆု လက်လွှတ်ခဲ့ရသည်။ အင်ဒိုနီးရှားနှင့် အိမ်ရှင်စင်ကာပူပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန်မိနစ် ၉၀ တွင် နှစ်ဂိုးစီသရေကျနေသဖြင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး အင်ဒိုနီးရှားက နှစ်ဂိုးထပ်သွင်းခဲ့သဖြင့် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပထမအကျော့တွင် သရေကျထားသည့်အပြင် ယခုပွဲတွင် နှစ်သင်းစလုံးအနိုင်ရရန် ကြိုးပမ်းခဲ့ပြီး စင်ကာပူအသင်းသည် ပွဲချိန် မိနစ် ၉၀ အတွင်း နှစ်ဦး၊ အချိန်ပိုပြီးခါနီးတွင် တစ်ဦးအထုတ်ခံရသဖြင့် ရှစ်ဦးတည်းဖြင့် ကစားခဲ့ရသည်။ မိနစ် ၉၀ ပြည့်ခါနီးတွင် ရရှိသည့် ပယ်နယ်တီကို စင်ကာပူအသင်း ဝင်အောင် မသွင်းယူနိုင်သဖြင့် ဗိုလ်လုပွဲတက်ခွင့် ဆုံးရှုံးခဲ့ပြီး အချိန်ပိုကစားရာတွင် ကစားသမားလျော့နေသဖြင့် ယှဉ်မကစားနိုင်ဘဲ အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ ဗိုလ်လုပွဲအဖြစ် ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ဒီဇင်ဘာ ၂၉ ရက်တွင် ပထမအကျော့၊ ဇန်နဝါရီ ၁ ရက်တွင် ဒုတိယအကျော့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်လွင်**

**ဓာတ်ပုံ-PSSI**

# ဒီဂီယာ၏ နေရာကို အစားထိုးခေါ်ယူရန် လျာထားစာရင်းတွင် ဗီလာဂိုးသမား မာတီနက်ဇ် ပါဝင်လာ

ဗီလာဂိုးသမား အမ်မီလီယာနို မာတီနက်ဇ်သည် ပြီးခဲ့သည့် နှစ်နှစ်အတွင်း ပရီမီယာလိဂ်တွင် လက်စွမ်းပြသ ထားနိုင်သည့် ကစားသမားများထဲမှ တစ်ဦး ဖြစ်သောကြောင့် ယခုအခါ မန်ယူအသင်းက အသက် ၃၁ နှစ်အရွယ် ဂိုးသမား ဒီဂီယာ၏ နေရာကို အစားထိုးခေါ်ယူရန် လျာထားစာရင်းတွင် ပါဝင်လာခဲ့သည်။

အသက် ၂၉ နှစ်အရွယ် အာဂျင်တီးနားဂိုးသမား မာတီနက်ဇ်သည် ၂၀၂၀ ပြည့်နှစ်တွင် အာဆင်နယ်အသင်းမှ အက်စ်တွန်ဗီလာအသင်းအထံသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းအတွက် ပြိုင်ပွဲစုံ ၅၄ ပွဲအထိ ပါဝင်ကစားထားသူဖြစ်သည်။ ၎င်းသည် အဆိုပါ၅၄ပွဲတွင်ဂိုးမပေးရအောင် ပွဲ ၂၀ အထိ စွမ်းဆောင်ထားနိုင်သည့် ဂိုးသမားတစ်ဦးလည်း ဖြစ်သည်။

မန်ယူအသင်းသည် မာတီနက်ဇ်၏ စွမ်းဆောင်ရည်နှင့် ပတ်သက်ပြီး ကြိမ်ဖန်များစွာ အနီးကပ်လေ့လာပြီးနောက် အိုးထရက်ဖို့ဒ်၌ နံပါတ်တစ်ဂိုးသမား နေရာအတွက် အသင့်တော်ဆုံး ဂိုးသမားဟု မှတ်ယူကာ ခေါ်ယူလိုနေခြင်းဖြစ်သည်။ လက်ရှိတွင် ဂိုးသမား ဒီဂီယာသည် မန်ယူအသင်းတွင် အင်္ဂလန်ဂိုးသမား ဒိန်းဟန်ဒါဆင်ထက် လက်စွမ်းပြသထားနိုင်ကာ နံပါတ်တစ်နေရာကို ရယူထားသည်။




ဒီဂီယာနှင့် မန်ယူအသင်းတို့ ချုပ်ဆိုထားသောစာချုပ်သက်တမ်းမှာ ၂၀၂၃ ခုနှစ် ဇွန်လအထိ ရှိနေသည်။ သို့သော်လည်း မန်ယူအသင်းသည် ဒီဂီယာအနေဖြင့် အိုးထရက်ဖို့ဒ်တွင် လက်စွမ်းပြသထားနိုင်ခြင်းမရှိပါက မာတီနက်ဇ်ကို ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူသွားဖွယ်ရှိနေသည်။

မာတီနက်ဇ်နှင့် ဗီလာအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ နှစ်နှစ်ခွဲကျန်ရှိနေသေးသည်။ မန်ယူအသင်းသည် မာတီနက်ဇ်အပြင် လိဒ်စ်အသင်းမှ ဂိုးသမားဖြစ်သူ မက်စ်လီယာကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်။ အသက် ၂၁ နှစ်အရွယ် မက်စ်လီယာသည် လိဒ်စ်အသင်းတွင် လက်စွမ်းပြသထားနိုင်သည့် ဂိုးသမားတစ်ဦးဖြစ်ပြီး အကောင်းဆုံး လူငယ်ဂိုးသမားများထဲမှ တစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသူလည်းဖြစ်သည်။

အခြား သတင်းတစ်ခုတွင် မန်ယူအသင်းသည် လေဗာကူဆင်အသင်းမှ အသက် ၁၈ နှစ်အရွယ် ကွင်းလယ်ကစားသမား ဖလော်ရင်ဝစ်ဇ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ဖော်ပြထားသည်။ မန်ယူအသင်းသည် ပရီမီယာလိဂ် ၁၆ ပွဲကစားပြီးချိန်တွင် ရမှတ်၂၇ မှတ်ရရှိထားပြီး လာမည့်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂၈ ရက်တွင် နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်သည်။

**အောင်ဇော်**

- *ကျောဖုံးမှ*

အချို့နိုင်ငံများမှာ နှစ်သင်းယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သောကြောင့် အမှတ်ပေး ချန်ပီယံအသင်းအပြင် အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရအသင်း သို့မဟုတ် ရှုံးထွက်ချန်ပီယံအသင်းကို ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ်ကတည်းက ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခြင်းမရှိဘဲ လာမည့်နှစ်မှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် နှစ်ကြိမ်အနက် ၂၀၀၅ ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဘဏ္ဍာ၊ အခွန်အသင်း ယှဉ်ပြိုင်ခဲ့ပြီး ၂၀၀၃ ပြိုင်ပွဲတွင်မူ ယှဉ်ပြိုင်ခွင့်ရပြီးမှ ပြန်လည်နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ လာမည့်နှစ်တွင်ကျင်းပဖြစ်ပါက နောက်ဆုံးကျင်းပခဲ့သည့် ၂၀၂၀ MNL ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် MNL ပြိုင်ပွဲကို ကပ်ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ဖျက်သိမ်းခဲ့ရသည်။

**ရဲရင့်လွင်**

# စစ်တွေမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း တရားမဝင် သစ်မှောင်ခိုလှေတစ်စင်း ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၂ နာရီခန့်တွင် မေယုကျွန်း၏ အရှေ့မြောက်ဘက် ရေမိုင် ၈ မိုင် ခန့်အကွာ၌ မသင်္ကာဖွယ် လှေတစ်စင်း တွေ့ရှိသဖြင့် မီးအချက်ပြ ခေါ်ယူရာ လာရောက်ခြင်းမရှိဘဲ အရှေ့တောင်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်မောင်းနှင်ထွက်ပြေးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ငယ်များဖြင့် ခြောက်လှန့်ပစ်ခတ် လိုက်လံဖမ်းဆီးခဲ့ရာ မေယုကျွန်း၏ အရှေ့မြောက်ဘက် ရေမိုင် ၉ ဒသမ ၅ မိုင်ခန့်အကွာ၌ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါလှေကို စိစစ်ခဲ့ရာ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာမပါရှိဘဲ သစ်ခွဲသားဆိုက်စုံ ၁၅ တန်နှင့်အတူ ပေါက်တောမြို့နယ်နေ ဘင်္ဂါလီ ခြောက်ဦး (တစ်ဦး သေဆုံး၊ သုံးဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရ)တို့ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအနက် ဒဏ်ရာရရှိသူများအား လိုအပ်သော ဆေးဝါးကုသပေးမှု ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာသို့ အပ်နှံ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပျဉ်းမနား၊ ဟုမ္မလင်း၊ ပြင်ဦးလွင်နှင့် ရမည်းသင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာအနီးတွင် ဇော်ဝင်း(ခ)ဇော်ဝင်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာ ဟုမ္မလင်းလေဆိပ်အနီးတွင် အောင်ဆန်းဝင်း(ခ)အောင်



စောမင်းတင်(ခ)အိုက်ပါး၊ သန်းဇော်၊ အောင်ဆန်းဝင်း(ခ)အောင်ဆန်း၊ ဖိုးကြီးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဆန်း၊ ဖိုးကြီး၊ စောမင်းတင်(ခ) အိုက်ပါး၊ သန်းဇော်တို့ကို ဆိုင်ကယ် နှစ်စီးနှင့်အတူ မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၆၃ ပြား၊ ဘိန်းဖြူ ၀ ဒသမ ၁၄၀၃ ကီလိုကို လည်းကောင်း။

**အရေးယူထား**

အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် လားရှိုး-မန္တလေးသွားကားလမ်း ဝက်ဝံကျေးရွာအုပ်စု ဝက်ဝံကျေးရွာ ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် ကျော်မင်းထက်(ခ)ကောက်ကွေး (ခ) ကျော်မျိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂၉၀ ကို လည်းကောင်း၊ ထို့အတူ ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာမှ အမြန်လမ်းမကြီးသွားကားလမ်း မိုင်တိုင်အမှတ်(၁၂/၂)နှင့် (၁၂/၃) ကြားတွင် အောင်နိုင်ဌေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ည ၇ နာရီတွင် ပူးပေါင်းအဖွဲ့သည် ရမည်းသင်းမြို့နယ် ရန်ကုန် - မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၂၅၀/၇) အနီးတွင် စိုးထိုက် ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ၌ ငွေကျပ်သိန်း ၃၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းများဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာတွင် ငွေကျပ်သိန်း ၃၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် ည ၁၂ နာရီတွင် သာစည်မြို့နယ် ကလော-သာစည်သွားကားလမ်း ကျွဲတပ်ဆုံကျေးရွာ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ကလောမှ သာစည်ဘက်သို့ စောသူရအောင် မောင်းနှင်လာသည့် FUSO ၁၂ဘီး မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ တန်ဖိုးငွေကျပ်သိန်း ၃၁၀၀ ကျော်တန်ဖိုးရှိ ဘိန်း ၃၅၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းများကို ရှမ်းပြည်နယ် (တောင်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



စောသူရကို အား သိမ်းဆည်းရမိသည့် ဘိန်းများနှင့်အတူ တွေ့ရစဉ်။

# ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှုကြောင့် သုံးဦးသေဆုံး၊ ကိုးဦး ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၇၈ မိုင် ၄ ဖာလုံအနီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသား နှစ်ဦး၊ အမျိုးသမီးတစ်ဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့သည်။

ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၇၈ မိုင် ၄ ဖာလုံအနီးတွင် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ သာဂရအမြန်လမ်းမကြီးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မြို့ဘက်မှ နေပြည်တော်ဘက်သို့ မြဝတီမြို့ အမှတ် (၅)ရပ်ကွက်နေ ဦးအောင်ဇော်ဝင်း (၄၆နှစ်) မောင်းနှင်ပြီး ခရီးသည် ၁၂ ဦး လိုက်ပါလာသည့် YGN 4D/xxxx Mitsubishi Pajero ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သောကြောင့် ယာဉ်မောင်းဖြစ်သူ အောင်ဇော်ဝင်း၊ ယာဉ်ပေါ်ပါ ခရီးသည်များဖြစ်သည့် မြဝတီမြို့ အမှတ်(၅) ရပ်ကွက်နေ ဒေါ်လင်းလင်းထွန်း (၃၈နှစ်)နှင့် မောင်ခွန်စံဖြိုးဟိန်း (၃)နှစ်တို့တွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး မြဝတီမြို့ အမှတ်(၅) ရပ်ကွက်နေသူများ ဖြစ်သည့် ဦးကိုကိုနိုင် (၄၇နှစ်)၊ ဦးကျော်မျိုးသူ (၂၈နှစ်)၊ မောင်ခွန်အံ့သူဖြိုး (၉)နှစ်၊ မောင်သုတထက် (၁)နှစ်၊ ဒေါ်မင်းမင်းစိုး (၃၃နှစ်)၊ ဒေါ်ချိုချိုလွင် (၅၃နှစ်)၊ မပိုပို (၁၆နှစ်)၊ မခင်ဘရဏီနိုင် (၉)နှစ်၊ မဂူးဂူး (၈)နှစ် တို့တွင် ဒဏ်ရာများ အသီးသီး ရရှိခဲ့သောကြောင့် ယာဉ်မောင်းဖြစ်သူ အောင်ဇော်ဝင်း(သေဆုံး) အား သာဂရရဲကင်းစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ထူးခြားသည့် ညအပူချိန်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့၊ တီးတိန်မြို့၊ မတူပီမြို့၊ တွန်းဇံမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ၁ ဒသမ ၃၈ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအေးဖေ (နာယက)**

**ရခိုင်ပြည်နယ်ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း**

**စစ်တွေမြို့**

**အသက်(၇၄)နှစ်**

နာယက ဦးအေးဖေသည် ၂၉-၁၀-၂၀၂၁ ရက်(သောကြာနေ့) ညနေ ၃:၄၅ နာရီတွင် ရန်ကုန်မြို့၊ ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နာယက၊ ဥက္ကဋ္ဌနှင့် အသင်းအလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းဝင်များ ရခိုင်ပြည်နယ်ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ စစ်တွေမြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၄၉၅)(၃လွှာ-ဘီ) တိုက်ခန်းအရောင်းအဝယ်အားကန့် ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ပါတိုက်ခန်းအား ဝယ်ယူလက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းလှ ၁၂/ဒပန(နိုင်)၀၃၃၅၄၁ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြိုးရည်မွန် ၁၄/လပတ(နိုင်)၁၆၃၈၃၂၈က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇင်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၄၂)(၃၀-၉-၂၀၁၆)**
**အမှတ်(၁၀)၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၃၄၆၅၂၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(စ)၊ မြေကွက်အမှတ်(၃၈၇/က+ခ)၊ သုခမ္မာလမ်း၊ အကျယ်အဝန်း ပေ(၄၀x၅၀)ရှိ မြေပေါ်တွင် မြေရှင်များနှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူ ကတိစာချုပ်ဖြင့် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈ ၁/၂)ထပ်တိုက်၏ အခန်းအမှတ်(3-A)၊ အကျယ်အဝန်း ပေ(၁၇x၄၃)ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်ကို ကန်ထရိုက်တာ ဦးနေလင်းထွန်း ၁၃/တကန(နိုင်)၁၄၉၆၀၇ (မန်နေဂျင်းဒါရိုက်တာ ဆန်းမြတ်ထွန်း Co.,Ltd)ရှိပိုင်ဆိုင်ခဲ့ပြီးနောက် လွှဲပြောင်းရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု ရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ပွင့်ဝါဝါဆင့် ၁၂/ဗတထ(နိုင်) ၀၂၀၉၈၆ က (၁၇-၁၂-၂၀၂၁)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ တိုက်ခန်းအား ဝယ်ယူလက်ရောက်ပိုင်ဆိုင်ပြီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**လင်းသန့်-အိမ်ခြံမြေဥပဒေရုံးခန်း**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊(၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**

## သမီးအဖြစ်မှစွန့်လွှတ်ကြောင်းအသိပေးကြေညာခြင်း

မုဒုံမြို့၊ ကျောင်းနောက်ရပ်၊ သဇင်မြိုင်လမ်းနေ ဒေါ်ဝင်းဝင်းခိုင် ၁၀/မဒန(နိုင်) ၂၁၇၂၉၇၏သမီး မအင်ကြင်းမွေး ၁၀/မဒန(နိုင်) ၂၂၃၄၇၀သည် မိခင်၏ဆိုဆုံးမစကားကို နားမထောင်ဘဲ မိသားစုအား အကြိမ်ကြိမ်စိတ်သောကရောက်အောင်လုပ်သောကြောင့် သမီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်ဝင်းဝင်းခိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/68416, Honda C-90 Custom CMN , M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာ ၉/မရန(နိုင်)၀၅၉၆၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/6125,Hyundai Starex Mini Bus ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးလတ် ၁၀/ရမန(နိုင်) ၁၆၆၅၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/ ၅၅၇၇၇, Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းသန္တာအေး ၁၄/ပသန(နိုင်) ၀၀၆၃၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/ ၆၉၂၂၈, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွန်းရှင် ၃/ဘအန(နိုင်)၂၄၇၄၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၄)၊ စကားဝါလမ်း၊ အိမ်အမှတ်(၁)နေ ဒေါ်ဆွေဆွေမာ ၁၂/မဂဒ(နိုင်) ၀၇၅၃၁၁၏သမီး မစိုးစန္ဒာနွယ်ဦး ၁၂/မဂဒ(နိုင်) ၁၅၅၈၈၀ သည်မိဘအားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်ဆွေဆွေမာ**

## ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး ဦးစောလွင်(ရွှေဘိုစောလွင်)(ခ)ဦးနှင်းမောင် အသက်(၈၇)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ တည်တောရွာနေ (ဦးဘတုတ်-ဒေါ်အေးရင်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ ၁လမ်း၊ အောက်လမ်း၊ အမှတ် ၄၇/ခနေ ဒေါ်စောတင့်၏ခင်ပွန်း၊ ဦးသိန်းထိုက်-ဒေါ်စိုးစိုးတင်၊ ဦးမျိုးမင်း-ဒေါ်အေးအေးမော်၊(ဦးမင်းလွင်)တို့၏ မွေးသဖခင်၊ မောင်ဝင်းခန့်၏ အဘိုးသည် ၂၅-၁၂-၂၀၂၁ရက် နံနက် ၆:၃၀နာရီတွင် ((၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၂၁ရက်(သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရခိုင်ပြည်နယ်၊ မြောင်းဘွေကျေးရွာနေ ဒေါ်ဝင်းကြည်စိုး(ဘ)ဦးအောင်ထွန်းလှ ၁၁/မဥန(နိုင်) ၀၆၆၉၅၅၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်နှင့် ဦးကိုကိုအောင်တို့သည် ၂၀၀၉ခုနှစ်က လက်ထပ်ထိမ်းမြားခဲ့ပြီး ၂၀၁၈ခုနှစ် ဇန်နဝါရီ(၉)ရက်တွင် တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ သို့သော် ယခုအခါ လူမှုကွန်ရက်စာမျက်နှာများတွင် ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာကျဆင်းရန် ရည်ရွယ်၍ ရေးသားဖြန့်ချိလျက်ရှိကြောင်း စာရွက်စာတမ်းအထောက်အထားများအရ တွေ့ရှိရပါသည်။

သို့ပါ၍ ကျွန်ုပ်၏အမှုသည် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများတွင် မမှန်မကန်ရေးသားဖြန့်ချိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်အောင်(LL.B)** | **ဦးကျော်ဇေယျမိုး(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၈၇)** |
| **(စဉ်-၃၂၄၄၈)(၂၈-၈-၂၀၁၇)** | |
| **အမှတ်(၇၅)၊ မာလာမြိုင်(၂)လမ်း၊** | **အမှတ်(၈၃)၊ အခန်း(၁၄/A)၊** |
| **(၁၆)ရပ်ကွက် ၊ လှိုင်မြို့နယ်၊** | **ဒုတိယထပ်၊ပန်းဆိုးတန်းလမ်း၊** |
| **ဖုန်း-၀၉-၅၀၈၂၅၇၂** | **ကျောက်တံတားမြို့နယ်** |

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ထူပါရုံ(၂၂)လမ်းအရှေ့၊ မြေတိုင်းရပ်ကွက်အမှတ် (၂/မြောက်)၊ မြေကွက်အမှတ်(၄၆၂/က)၊ မြေအကျယ်အဝန်း ပေ(၂၀x၆၀)၊ ၁၂၀၀စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဦးဇာနည်ရဲ၊ ဒေါ်အိမ့်မွန်ခိုင် အမည်ဖြင့် တည်ရှိ သော နှစ်(၆၀)ဂရန်မြေကွက်ကို ကျွန်ုပ်မိတ်ဆွေက တရားဝင်အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေအိမ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါပြီးသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီး တိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှခိုင်(လိုင်စင်-၂၃၃၈၀)**
**အထက်တန်းရှေ့နေ**
**အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၀၄၇၀၀၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းနှင့် သတိပေးတားမြစ်ခြင်း

၁။ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရန်ကင်းစင်တာနေ ဦးဝင်းနိုင်သန်း ၁၂/မဂတ(နိုင်)၀၄၃၀၁၃ နှင့် ဒေါ်နွဲ့နွဲ့ဝင်း ၇/သကန(နိုင်) ၀၇၅၇၃၅တို့၏သားဖြစ်သူ မောင်စည်သူဝင်းနိုင် ၆/မမန(နိုင်) ၁၄၀၅၆၀သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ မိဘများအပေါ်စိတ်သောကရောက်အောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခဲ့ပါသဖြင့် မောင်စည်သူဝင်းနိုင်အား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၂။ ကျွန်ုပ်တို့ ပိုင်ဆိုင်သည့်ပစ္စည်းများ၏ စာချုပ်စာတမ်းများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ပါရန် တားမြစ်လိုက်ပြီး နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ဖြစ်ပေါ်လာသည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ- ဦးဝင်းနိုင်သန်း ၁၂/မဂတ(နိုင်)၀၄၃၀၁၃-ဒေါ်နွဲ့နွဲ့ဝင်း ၇/သကတ(နိုင်)၀၇၅၇၃၅**
**အမှတ်(၂)ရပ်ကွက်၊ ရန်ကင်းစင်တာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၃၆၂၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်စိုး ၁၀/မလမ(နိုင်)၁၃၈၂၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၂၃၈၀၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြတ်မြတ်စိုး ၁၀/မလမ(နိုင်)၁၄၄၅၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၆၇၆၁၄, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းချို ၇/ဝမန(နိုင်)၀၁၀၂၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် GG/5400, TOYOTA Probox , S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ခိုင်ဦး ၁၀/ပမန(နိုင်)၁၀၈၅၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

## ဦးသန်းအောင်

### အကြီးတန်းသတင်းထောက်(အငြိမ်းစား) လုပ်သားပြည်သူ့နေ့စဉ် မြန်မာ့အလင်းသတင်းစာတိုက်

### အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ(ဦးကျော်အေး-ဒေါ်သိန်းမေ)တို့၏သား၊ (ဦးပန်းဖူး-ဒေါ်လှကြွယ်)တို့၏ သားသမက်၊ (ဒေါ်အေးရီ)၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ ဦးသိန်းဦး-ဒေါ်သီတာခင်၊ (ဦးမောင်မောင်အေး)-ဒေါ်ခင်လှရီ၊ (ဦးခင်မောင်လတ်)၊ (ဦးသူရအောင်)-ဒေါ်ခင်ခင်လေး၊ ဦးဝင်းနိုင်အောင်(စင်ကာပူ)၊ ဦးအောင်ကျော်မိုး-ဒေါ်အေးအေးသန်း၊ ဦးအောင်လွင်ဦး-ဒေါ်ဥမ္မာသန့် (စင်ကာပူ)၊ ဦးခိုင်ဇော်လင်း-ဒေါ်မိုးသူဇာတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်ငါးယောက် တို့၏ အဘိုးဦးသန်းအောင်သည် ၂၁-၁၂-၂၀၂၁ရက် ညနေ ၃:၅၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၂၂-၁၂-၂၀၂၁ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း

### PU SUANG KHAN THANG (ဆွေခန့်ထန်)@ kui.skt

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြို့နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း)၊ ဟားခါးမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အောင်ဆန်း (၁၁)**
**Government Relation Advisor, Irrawaddy Green Tower Co.Ltd**
**အသက်(၆၆)နှစ်**

တီးတိန်မြို့၊ မြို့မရပ်ကွက်၊ အမှတ် ၂၀၆နေ (Pu.Neng Khen Thang-Pi Niang Za Ciin)တို့၏ စတုတ္ထမြောက်သား၊ ဆိုင်းဇန်ရွာနေ (Maj. Tual Khen Pau-Pi. Mang Do Cing)တို့၏သားသမက်၊ (Pu Pum Khan Mang)-Pi Vum Za Ciin, Pu Langh Za Khup-Pi Ning Khan Dim,(Pa Vum Za Langh) တို့၏ညီ, Nu Ngul Lam Vung, Pa Pau Khen Dal- Nu Cing Khan Ciang, Pa Pau Ki Thang, Pi Cing Go Niang-(Pu Thang Sian Pau), Nu Zo Khan Zam တို့၏အစ်ကို, Pa Thang Za Dong-Nu Ning Sian Lun, (Tg Pau Khan Suum), Tg Mang Sian Khai, Lia Ciin Zam Man, Tg Mang Khat Suan တို့၏မွေးသဖခင်၊ Rebecca Cingno, Regina Kim Kim တို့၏ ချစ်ဘိုးဘိုးကြီး၊ အမှတ် (၈၈/၈)၊ သစ်တောလမ်း၊ အလုံမြို့နယ်နေ ( Pi Kai Khan Niang @ Niang Buah)၏ ချစ်လှစွာသောခင်ပွန်း PU SUANG KHAN THANG @ kui.skt သည် ၂၅-၁၂- ၂၀၂၁ရက်(စနေနေ့)ည ၉:၁၅နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇-၁၂-၂၀၂၁ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်း သင်္ဂြိုဟ်ပါမည်။

(နေအိမ်၊ TBC-Y, ပန်းဆိုးတန်းခုံးတံတားအောက်၊ ယုဇနပိတောက်ကွေ့တို့မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးစိန်လွင်(သန်လျင်)

### နာယက၊ သန်လျင်အမိုးနီသုသာန်ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ

### အသက်(၅၅)နှစ်

ဒေါ်ဖြူဖြူခိုင်၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ဦးစိန်လွင်သည် ၁၉-၁၂-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နာယကများ၊ အမှုဆောင်အဖွဲ့**
**အမိုးနီသုသာန်ထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့်**
**ဝန်ထမ်းမိသားစုများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၄၁၄)ဟုခေါ်တွင်သော ဒေါ်တင်မြင့်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမျိုးအစား အကျယ်အဝန်း အလျား(၄၀)ပေxအနံ(၆၀)ပေ အနက်မှ ခြေရင်းဘက်ခြမ်းရှိ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဦးအောင်ကိုလတ် ၁၄/ပသန(နိုင်) ၁၉၃၇၁၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းမိုင်(LL.B,D.M.L)DL(101)IP LAW (WIPO,SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၄၂)**
**အမှတ်(၅၅၇/၅၆၇)၊ အခန်း(၉၀၃)၊ ၉-လွှာ(MAC Tower)၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၉၄၇၅၈၆၀**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထာခြင်း

ယာဉ်အမှတ် 5P/5556 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထာခြင်း

ယာဉ်အမှတ် BB/4443 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/7146 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင် ၉/မခန(နိုင်)၁၅၂၈၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော် ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံမြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အခြေအမြစ်မရှိသည့်သတင်းများနှင့် စွပ်စွဲမှုများကို တစ်ဖက်သတ်ထုတ်လွှင့်မှုများသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ ပြဋ္ဌာန်းချက်များကိုချိုးဖောက်၍ သက်ဆိုင်ရာအိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရန်ကုန်မြို့အခြေစိုက် အနောက်နိုင်ငံများမှ သံရုံးအချို့သည် ကရင်ပြည်နယ်တွင် ပေါ်ပေါက်နေသည့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် လုံခြုံရေးတပ်ဖွဲ့များက အရပ်သားပြည်သူများကို တိုက်ခိုက်နေသည့်ကိစ္စနှင့် အခြားစွပ်စွဲချက်များ ဖော်ပြပါရှိကြောင်း သိရှိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနသည် အဆိုပါသံရုံးများသို့ ဒီဇင်ဘာ ၂၆ ရက်တွင် သံတမန်စာပေးပို့ပြီး ၎င်းတို့ကြေညာချက်တွင် ပါရှိသည့်အချက်များသည် စိစစ်အတည်ပြုနိုင်ခြင်းမရှိသည့် သတင်းများကို အခြေခံထားကြောင်း၊ အစိုးရဆန့်ကျင်သူများ၊ အကြမ်းဖက်သမားများနှင့် သောင်းကျန်းသူများထံမှရရှိသည့် သတင်းများဖြစ်ကြောင်း၊ အဆိုပါ အခြေအမြစ်မရှိသည့် သတင်းများနှင့် စွပ်စွဲမှုများကို တစ်ဖက်သတ် ထုတ်လွှင့်မှုများသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာ ကွန်ဗင်းရှင်း၏ ပြဋ္ဌာန်းချက်များကို ချိုးဖောက်၍ သက်ဆိုင်ရာအိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သောကြောင့် ယင်းသို့မပြုလုပ်ရန် သတိပေးခဲ့ကြောင်းနှင့် အဆိုပါထုတ်ပြန်ကြေညာချက်ကိုလည်း ကန့်ကွက်ခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်

## ဆယ်စုနှစ်တစ်ခုကျော် ကျင်းပနိုင်ခြင်းမရှိသည့် အာဆီယံကလပ်ပြိုင်ပွဲ ပြန်လည်ကျင်းပရန် စီစဉ်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ဆယ်စုနှစ်တစ်ခုကျော် ကျင်းပနိုင်ခြင်းမရှိသည့် အာဆီယံ ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၂၂ ခုနှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယင်းပြိုင်ပွဲကို ၂၀၀၃ နှင့် ၂၀၀၅ ခုနှစ်တွင် ကျင်းပပြီးနောက်ပိုင်း ကျင်းပနိုင်ခြင်းမရှိဘဲ လာမည့်နှစ်မှသာ ပြန်လည်ကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။

အရှေ့တောင်အာရှဒေသတွင်း ကလပ်အသင်းများအတွက် ဒေသတွင်း ပြိုင်ပွဲမရှိသဖြင့် အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယင်းပြိုင်ပွဲကို ပြန်လည်ကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို အရှေ့တောင်အာရှဒေသတွင်းမှ ကလပ်အသင်းများ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး အမှတ်ပေးချန်ပီယံအသင်းကို ဦးစားပေးယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

စာမျက်နှာ ၂၇ ကော်လံ ၁ ●

### ၂၆-၁၂-၂၀၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၁၁၀ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၃ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၄၆ % |
| Omicron (အိုမီခရွန်) ပျံ့နှံ့သည့်နိုင်ငံပေါင်း | ၁၁၅ |

## မကွေးတိုင်းဒေသကြီး ပေါက်မြို့၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို မလိုလားသူ ဆူပူအကြမ်းဖက်သူများက အခြေခံပညာမူလတန်းလွန်ကျောင်း နှစ်ကျောင်းအား လက်လုပ်မိုင်းများအသုံးပြု၍ ဖောက်ခွဲဖျက်ဆီး



ပေါက်မြို့ အောင်တော်မူရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းအား အကြမ်းဖက်သမားပစ်ခတ်ခဲ့သည့် လက်လုပ်ဗုံးအပိုင်းအစများနှင့် ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအား မလိုလားသူ ဆူပူအကြမ်းဖက်သူများက အခြေခံပညာမူလတန်းလွန်ကျောင်း နှစ်ကျောင်းအား လက်လုပ်မိုင်းများအသုံးပြု၍ ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထိုသို့ လက်လုပ်မိုင်းအသုံးပြု၍ ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး ပေါက်မြို့ အောင်တော်မူရပ်ကွက်ရှိ

စာမျက်နှာ ၉ ကော်လံ ၁ ✻


ယနေ့ သတင်း အညွှန်း

လွတ်လပ်ရေးကို တို့ချစ်သည် — ဆောင်းပါး စာ - ၆

အာဖရိက ရှစ်နိုင်ငံအပေါ် အမေရိကန်က ခရီးသွားလာမှုပိတ်ပင်ထားမှုကို ဖယ်ရှားပေးတော့မည် — နိုင်ငံတကာသတင်း စာ - ၁၃

ကမ္ဘာကျော်ဂုတ်ထိပ်တံတား လည်ပတ်ရေး ရထားစတင်ပြေးဆွဲ — ပြည်တွင်းသတင်း စာ - ၂၃